# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက် | ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၈ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ် (၃၀၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဒေသတွင်းရှိ ပြည်သူများအားလုံးအတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေရေး ဘုံရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံဆွေးနွေးဖက်နိုင်ငံများ၊ အာဆီယံ၏ ပြင်ပမိတ်ဖက်နိုင်ငံများနှင့် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားမည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ (၅၅) နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့တွင် ပြည်သူသို့ပေးပို့သည့် သဝဏ်လွှာ

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၈ ရက်

❑ အာဆီယံသည် အင်အားကြီးနိုင်ငံများအကြား ပထဝီဝင်နိုင်ငံရေးနှင့် စီးပွားရေးအားပြိုင်မှုတို့မှတစ်ဆင့် ပေါ်ပေါက်လာသည့် ဖိအားများနှင့် လွှမ်းမိုးမှုများကို စုစည်းညီညွတ်စွာ ကြံ့ကြံ့ခံနိုင်စွမ်းရှိရမည်ဖြစ်ပြီး အာဆီယံ၏ ဦးဆောင်မှုအောက်ရှိ ယန္တရားများမှတစ်ဆင့် ပွင့်လင်းမြင်သာ၍ အားလုံးပါဝင်သော စည်းမျဉ်းအခြေပြုသည့် ဒေသဆိုင်ရာ ဗိသုကာပုံစံတစ်ရပ်ကို မြှင့်တင်ဖော်ဆောင်ကြရမည်

ယနေ့သည် အရှေ့တောင်အာရှ နိုင်ငံများအသင်း(အာဆီယံ)ကို တည်ထောင်ခဲ့သည့် (၅၅) နှစ်မြောက် နှစ်ပတ်လည်အခါသမယဖြစ်ပါသည်။ ယခုကဲ့သို့ မင်္ဂလာရှိသည့်အခါသမယတွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအပေါင်းနှင့် အာဆီယံဒေသအတွင်းရှိ ပြည်သူလူထုတစ်ရပ်လုံးကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အာဆီယံနှစ်ပတ်လည်နေ့အထိမ်းအမှတ်သည် နှစ်ပေါင်း (၅၅) နှစ်အတွင်း အာဆီယံအနေဖြင့် နိုင်ငံရေးနှင့် စီးပွားရေးအရ ပေါင်းစည်းညီညွတ်ပြီး လူထုအခြေပြုသည့် အသိုက်အဝန်းတစ်ခုအဖြစ် တည်ဆောက်ရာတွင် ရရှိခဲ့သောအောင်မြင်မှုများကို ထင်ဟပ်စေသည့် အချိန်အခါကောင်း ဖြစ်ပါသည်။

အာဆီယံကို မူလအဖွဲ့ဝင်နိုင်ငံ (၅)နိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့သည့် ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ အချိန်ကာလသည် ကမ္ဘာတစ်လွှားစစ်အေးတိုက်ပွဲအင်အား ပြိုင်ဆိုင်မှုများကြောင့် ဒေသတွင်း၌လည်း ပဋိပက္ခများ၊ တင်းမာမှုများ ရောပြွမ်းနေချိန်ဖြစ်ပါသည်။ အာဆီယံအသင်းကြီး၏ ဆက်လက်တည်တံ့မှုနှင့် ရည်မှန်းချက်များ၊ ကတိကဝတ်များကို ပြည့်ဝစွာဖော်ဆောင်နိုင်မှုအပေါ် မေးခွန်းထုတ်နေချိန်လည်း ဖြစ်ပါသည်။သို့ရာတွင် အာဆီယံအနေဖြင့် ဆယ်စုနှစ် (၅) ခုကျော်အတွင်း ဒေသတွင်းပဋိပက္ခများကို သံတမန်ရေးအရ ငြိမ်းချမ်းသောနည်းလမ်းများဖြင့် ကာကွယ်တားဆီးနိုင်ခဲ့ပါသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❍


## ယနေ့ ဖတ်စရာ

### ကမ္ဘောဒီးယားနှင့် တီမောလက်စ်တေ နိုင်ငံတို့ကြား နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ကတိပြု


နိုင်ငံတကာသတင်း | စာ -၁၃




### မွန်ပြည်နယ်အတွင်း နေ့ချင်းပြန် ဆက်သွယ်သွားလာနိုင်သည်အထိ လမ်းကွန်ရက် လွှမ်းခြုံနိုင်ခဲ့ပြီ


ဆောင်းပါး | စာ -၂၁


### မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ တည်ရှိနေသည့် ဆံရစ်ဝိုင်းဆင်ယင် ထုံးဖွဲ့မှုဓလေ့များကို နိုင်ငံတကာက လာရောက်လေ့လာ


ပြည်တွင်းသတင်း | စာ -၂၂




# ၅၅ နှစ်သက်တမ်း အာဆီယံနှင့် ပြင်ပမှ ဝင်ရောက်စွက်ဖက်မှု

မြန်မာနိုင်ငံမှ ကိုယ်စားလှယ်တက်ရောက်ခဲ့ခြင်းမရှိသော (၅၅) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးက ထုတ်ပြန်ခဲ့သည့် ကြေညာချက်မှ မြန်မာနိုင်ငံရေးကိစ္စနှင့်ပတ်သက်သည့် စာပိုဒ်ကို မြန်မာနိုင်ငံက လက်မခံဘဲ ပယ်ချလိုက်သည်။ အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံအား ဖိတ်ကြားစဉ်ကပင် နိုင်ငံရေးအရ ကိုယ်စားမပြုသည့် ပုဂ္ဂိုလ်ကိုသာ ဖိတ်ကြားခြင်းအားဖြင့် အာဆီယံပဋိညာဉ်စာတမ်းကို သွေဖည်ခဲ့သလို လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေများအပေါ် မှန်ကန်စွာ ရှုမြင်သုံးသပ်နိုင်ခြင်းမရှိခဲ့သည်ကိုလည်း တွေ့ရသည်။ အကျိုးဆက်အားဖြင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ဖော်ပြချက်များမှာ မှန်ကန်မှုမရှိဘဲ လွဲမှားသွားခဲ့ခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများ စတင်ခဲ့ချိန်မှစကာ အနောက်အုပ်စု နိုင်ငံအချို့က ဖိအားပေးမှုများ ပြုလုပ်ခဲ့သလို အာဆီယံနိုင်ငံအချို့ကိုလည်း မြန်မာ့နိုင်ငံအရေးတွင် ဒေသတွင်းနိုင်ငံများအနေဖြင့် ဝင်ရောက်ဖိအားပေးမှုများ ပြုလုပ်ရန် တိုက်တွန်းမှုများ ပြုလုပ်ခဲ့သည်။ တစ်ဖက်တွင်လည်း အာဆီယံ၏ မူများဖြစ်သည့် နိုင်ငံများအကြား လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေ၊ အမျိုးသားရေးလက္ခဏာများကို အပြန်အလှန်လေးစားရေး၊ နိုင်ငံတစ်နိုင်ငံအပေါ် အခြားနိုင်ငံများက ဝင်ရောက်စွက်ဖက်ခြင်း၊ အနိုင်အထက်ပြုခြင်းနှင့် ခြိမ်းခြောက်ခြင်းမှ လွတ်ကင်းရေး၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားနိုင်ငံများက ဝင်ရောက်စွက်ဖက်ခြင်း မပြုရေး၊ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းရေး၊ အာဏာသုံး၍ ခြိမ်းခြောက်မှုများ မပြုရေး၊ နိုင်ငံအချင်းချင်း ထိရောက်စွာ ပူးပေါင်းကူညီရေးဟူသော အချက်များနှင့် စပ်လျဉ်း၍ အာဆီယံကို အလုပ်မဖြစ်သော အဖွဲ့အစည်းအဖြစ် ဝေဖန်မှုများကိုလည်း ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ အာဆီယံနိုင်ငံအချို့၏ ဆောင်ရွက်မှုများမှာ အနောက်အုပ်စု၏ နောက်ကွယ်မှ ဩဇာမကင်းသည့် အနေအထားများကို တွေ့ရသည်။ မကြာသေးမီက အကြမ်းဖက်မှု၊ ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည့်အတွက် ပြစ်မှုထင်ရှားသူ လေးဦးအား သက်ဆိုင်ရာတရားရုံးက ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းအပေါ် စိုးရိမ်ကြောင်း ဖော်ပြမှုနှင့် ဝေဖန်ပြစ်တင်သည့် ပူးတွဲထုတ်ပြန်ချက် ထုတ်ပြန်ခဲ့မှုတို့သည် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ရက်စက်စွာ သတ်ဖြတ်မှုများကို ခံစားခဲ့ကြရသူ (Victim)များ၊ ကျန်ရစ်သူမိသားစုများ၏ ထိခိုက်ဆုံးရှုံးမှုများနှင့် ဝမ်းနည်းကြေကွဲခံစားရမှုများကို လျစ်လျူရှုကာ အကြမ်းဖက်မှုများကို ထောက်ခံအားပေးရာ ရောက်နေသည်။ နိုင်ငံရေးတက်ကြွလှုပ်ရှားမှု သက်သက်မျှဖြင့် သေဒဏ်ချမှတ်ခံရခြင်းမဟုတ်ဘဲ အပြစ်မဲ့ပြည်သူများအပေါ် ရက်စက်စွာ ကျူးလွန်ခဲ့ခြင်းဖြစ်သည့်အတွက် ကျူးလွန်ခံရသူ ပြည်သူတို့အတွက် တရားမျှတမှုရရှိရန် လိုအပ်ကြောင်း သတိပြုကြရန်လိုသည်။

အရှေ့တောင်အာရှ နိုင်ငံများအသင်း (ASEAN) ကို တည်ထောင်ခဲ့သည်မှာ ၅၅ နှစ်သက်တမ်းသို့ ရောက်ရှိလာပြီဖြစ်သလို မြန်မာနိုင်ငံသည်လည်း အာဆီယံအသင်းဝင်နိုင်ငံအဖြစ် ၂၅ နှစ်သက်တမ်းသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍများနှင့်စပ်လျဉ်း၍ ဦးတည်ချက် ၉ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာဆက်ဆံရေးတွင် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို ဆက်လက်လိုက်နာ ကျင့်သုံးလျက်ရှိသကဲ့သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့်လည်း တာဝန်ယူမှု၊ တက်ကြွမှု၊ အပြုသဘောဆောင်ရွက်မှုရှိသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါကြောင်း။ ။



## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်) ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## နမ္မတူမြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်း ၂၃ ကျောင်းသို့ ငွေကျပ် ၄၃ သန်းကျော်တန်ဖိုးရှိ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်လှူဒါန်း



**နမ္မတူ ဩဂုတ် ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ်တွင် ဝင်းမြင့်မိုရ်စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်မှ မြို့နယ်အတွင်းရှိအခြေခံပညာ စာသင်ကျောင်း ၂၃ ကျောင်းသို့ ငွေကျပ် ၄၃ သန်းကျော် တန်ဖိုးရှိ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမင်းထွန်း၊ မြို့နယ်ပညာရေးမှူး ဦးစောဝင်းဌေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ကျော်ဇောအောင်၊ ဝင်းမြင့်မိုရ်စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာ ဦးစောလှမြင့်နှင့် တာဝန်ရှိသူများက နမ္မတူမြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်း ၂၃ ကျောင်းမှ ဆရာ ဆရာမ ၁၇၀ အတွက် ဝတ်စုံစရိတ် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၅၁၀၀၀၀၀ အားလည်းကောင်း၊ ကျောင်းသား ကျောင်းသူ ၃၈၅၉ ဦးအတွက် တန်ဖိုးငွေကျပ် ၃၈၁၀၇၃၉၈ ရှိ ခဲတံ ၃၈၅၉ ဒါဇင်၊ ဗလာစာအုပ် ၂၁၆၆ ဒါဇင်၊ လေးကြောင်းမျဉ်းစာအုပ် ၁၆၉၃ ဒါဇင်၊ ဘောပင် ၄၃၃၂ ထုပ်နှင့် Pencil Bag ၃၈၅၉ အိတ် စုစုပေါင်းတန်ဖိုးငွေကျပ် ၄၃၂၀၇၃၉၈ ရှိ ကျောင်းဝတ်စုံ နှင့် စာရေးကိရိယာများကို သက်ဆိုင်ရာ ကျောင်းများသို့ ကွင်းဆင်း၍ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ဦးရေအလိုက် ခွဲဝေပေးအပ်လှူဒါန်းခဲ့ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမင်းထွန်းထံက သိရသည်။

လူမော်

(ပြန်/ဆက်)



## တွံတေးမြို့နယ် ရွှေကသစ်ချောင်း သဘာဝရေပြင်အတွင်း ငါးသားပေါက်ကောင်ရေငါးသိန်း မျိုးစိုက်ထည့်ပေး

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တွံတေးမြို့နယ် ရွှေကသစ်ချောင်းသဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၇ ရက် နံနက် ၉နာရီတွင် ရွှေကသစ်ကျေးရွာအနီး၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးတင့်လွင်၊ ခရိုင်ဦးစီးဌာနမှူးဦးအေးနိုင်၊ တွံတေးမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးတင်မောင်ထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး တွံတေးငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးခုံးမကြီးငါးသားပေါက်ကောင်ရေ ငါးသိန်းအား မျိုးစိုက်ထည့်ပေးကြောင်း သိရသည်။

သတင်းစဉ်

## မအူပင်မြို့နယ် တလုပ်လှငါးလုပ်ငန်းစခန်း၌ အခြေခံရေချိုငါးများ မွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်ခြင်းသင်တန်းဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် တလုပ်လှငါးလုပ်ငန်းစခန်း၌ အခြေခံရေချိုငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်ခြင်းသင်တန်း အမှတ်စဉ် (၃/၂၀၂၂) နည်းပညာပေးသင်တန်းကို ဩဂုတ် ၆ ရက်က ဖွင့်လှစ်ပို့ချသည်။

### သင်တန်းကာလ ၂ ရက် ပို့ချ

သင်တန်းဖွင့်ပွဲတွင် မအူပင်တက္ကသိုလ် သတ္တဗေဒပါမောက္ခဌာနမှူး ဒေါက်တာစန်းစန်းရီက သင်တန်းအဖွင့်အမှာစကားပြောကြား၍ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်းက ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်နှင့် ငါးအကြောင်းသိကောင်းစရာများ ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်အေးအေးမင်းက ရေချိုငါးများမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်ခြင်းအား စာတွေ့လက်တွေ့ ပို့ချပေးသည်။ သင်တန်းတွင် ဆေးထိုးသားဖောက်ခြင်း သင်ခန်းစာမိတ္တူများနှင့် ငါးလုပ်ငန်းအသိပညာပေး လက်ကမ်းစာစောင်များကို သင်တန်းသားများက ဖြန့်ဝေပေးသည်။ သင်တန်းသို့ မအူပင်တက္ကသိုလ် သတ္တဗေဒဘာသာ အထူးပြု ကျောင်းသား ကျောင်းသူ ၃၁ ဦးတို့ တက်ရောက်ပြီး သင်တန်းကာလမှာ ၂ ရက် ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

○ ရှေ့ဖုံးမှ

◆ **ယခုကဲ့သို့ စိန်ခေါ်မှုများနှင့် ပြည့်နှက်နေသည့်ကာလအတွင်း အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် စံတန်ဖိုးများ၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံ၏ သဘောထားအမြင်တို့အပေါ် အခြေခံပြီး အာဆီယံ၏ ဗဟိုအချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို ခိုင်မာစွာကိုင်စွဲထားရန် အလွန်ပင်အရေးကြီးပါသည်။ အာဆီယံ၏အခြေခံမူများကို မြှင့်တင်ခြင်းဖြင့် အာဆီယံဦးဆောင်မှုအောက်ရှိ ယန္တရားများနှင့် အာဆီယံကို ဗဟိုပြုသည့် ဒေသဆိုင်ရာဗိသုကာပုံစံကို ပိုမိုခိုင်မာအားကောင်းစေမည်ဖြစ်သည့်အပြင် အရှေ့တောင်အာရှဒေသ၊ အာရှ-ပစိဖိတ်ဒေသနှင့် အင်ဒို-ပစိဖိတ်ဒေသရှိ ပြည်သူများအတွက်လည်း တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် ချမ်းသာကြွယ်ဝမှုတို့ကို မြှင့်တင်ပေးနိုင်မည်**

၁၉၉၉ ခုနှစ်တွင် အာဆီယံအသင်းကြီးကို အရှေ့တောင်အာရှဒေသရှိ နိုင်ငံ (၁၀) နိုင်ငံအထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး ပြင်ပဆက်ဆံရေးကိုလည်း တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ရာ ယနေ့တွင် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံ (၁၁) နိုင်ငံ၊ ကဏ္ဍအလိုက် ဆွေးနွေးဖက်နိုင်ငံ (၄) နိုင်ငံ၊ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံ (၄) နိုင်ငံအထိ ရှိလာပြီဖြစ်ပါသည်။ အာဆီယံအနေဖြင့် ၂၀၂၀ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဩစတြေးလျ ခနသဟာယနိုင်ငံတို့နှင့် အဓိပ္ပာယ်ပြည့်ဝ၍ နှစ်ဖက်အကျိုးရှိသည့် ဘက်စုံမဟာဗျူဟာမြောက် ဆွေးနွေးဖက်ဆက်ဆံရေးကို ထူထောင်ပြီးဖြစ်ပါသည်။

အာဆီယံ၏ အကျိုးစီးပွားနှင့် အမှတ်လက္ခဏာကို မြှင့်တင်နိုင်ရန်နှင့် အာဆီယံ၏ပြင်ပဆက်ဆံရေးကို ပိုမိုအားကောင်းစေရန်အတွက် တတိယနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၌ အာဆီယံကော်မတီ စုစုပေါင်း (၅၅) ခုကို ကမ္ဘာတစ်ဝန်းရှိ မြို့တော်များနှင့် မြို့ကြီးများတွင် တည်ထောင်ထားပြီးဖြစ်ကြောင်း အားရဖွယ်တွေ့ရှိရပါသည်။

အာဆီယံအဖွဲ့နှင့် ထိတွေ့ဆက်ဆံလိုသော နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သို့ ပါဝင်လက်မှတ်ရေးထိုးလိုသည့်နိုင်ငံများ ပိုမိုများပြားလာခြင်းသည် အာဆီယံ၏ စံတန်ဖိုးများကို နိုင်ငံတကာမှ ပိုမိုလက်ခံအသိအမှတ်ပြုလာခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလျက်ရှိပါသည်။ ယနေ့အချိန်တွင် အာဆီယံသည် အောင်မြင်သော ဒေသတွင်းပေါင်းစည်းမှု ပုံစံတစ်ခုဖြစ်လာပြီး ကမ္ဘာ့ရေးရာကိစ္စရပ်များ၌ အရေးပါသည့်ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုအဖြစ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။

လွန်ခဲ့သောနှစ်များအတွင်း အာဆီယံနိုင်ငံများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားစေသည့် အသိုက်အဝန်းတစ်ခုကို အတူတကွတည်ဆောက်ခဲ့ကြပါသည်။ ယနေ့တွင် အာဆီယံသည် စီးပွားရေးအရ အာရှတိုက်တွင် တတိယနှင့် ကမ္ဘာတွင် ဆဋ္ဌမမြောက်အဆင့်အထိ ရောက်ရှိအောင်မြင်ခဲ့ပြီဖြစ်ပါသည်။

ယင်းကဲ့သို့ အောင်မြင်မှုများစွာ ရရှိနေသော်လည်း အာဆီယံအနေဖြင့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သည့် စိန်ခေါ်မှုများဖြစ်သော နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ မူးယစ်ဆေးဝါးမှောင်ခိုမှု၊ လူမှောင်ခိုကုန်ကူးမှု၊ အကြမ်းဖက်မှု၊ ဆိုက်ဘာလုံခြုံရေး၊ ရာသီဥတုပြောင်းလဲမှု၊ ကူးစက်ရောဂါများ၊ အစားအစာနှင့် စွမ်းအင်လုံခြုံရေး စသည်တို့ကိုလည်း ရင်ဆိုင်ရလျက်ရှိပါသည်။

သို့ဖြစ်ရာ ၂၀၂၂ ခုနှစ်၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံမှ **“စိန်ခေါ်မှုများကို စုစည်းညီညွတ်စွာ ဖြေရှင်းကြစို့”** ဟူသောဆောင်ပုဒ်ကို ယခုနှစ်အတွက် ရွေးချယ်ခဲ့ခြင်းမှာ သင့်လျော်ကောင်းမွန်ပါသည်။ အာဆီယံ၏ **“စုစည်းညီညွတ်မှု”** စိတ်ဓာတ်ဖြင့် လိုက်လျောညီထွေရှိပြီး ငြိမ်းချမ်းသာယာဝပြောသည့် အသိုက်အဝန်းတစ်ခုအဖြစ် ဆက်လက်ထူထောင်ကြရမည် ဖြစ်ပါသည်။

**အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှုလုပ်ငန်းအစီအစဉ်-၄ (၂၀၂၁-၂၀၂၅)၊ အာဆီယံပေါင်းစပ်ဆက်သွယ်မှု မဟာစီမံကိန်း ၂၀၂၅ အပါအဝင် အာဆီယံအသိုက်အဝန်းထူထောင်မှု လုပ်ငန်းစဉ်များနှင့် အာဆီယံအသိုက်အဝန်း လမ်းပြမြေပုံ ၂၀၂၅ ၏ အဓိကလုပ်ငန်းစဉ်များတွင် တိုးတက်မှုရှိစေရေးအတွက် မြန်မာနိုင်ငံမှ အလေးထားဆောင်ရွက်လျက်ရှိ**

စိန်ခေါ်မှုများစွာအနက် ၂၀၂၀ ပြည့်နှစ် အစောပိုင်းကာလမှစ၍ ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ကပ်ရောဂါမှာ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ဘဝအပေါ် ထိခိုက်စေခဲ့ပြီး အာဆီယံအသင်းကြီး၏ ကြံ့တင်ပြင်ဆင်မှု၊ တုံ့ပြန်နိုင်စွမ်းရှိမှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းတို့ကို စမ်းသပ်လျက်ရှိပါသည်။

သို့ရာတွင် အာဆီယံ၏ စုပေါင်းအင်အားနှင့် ကြံ့ကြံ့ခံနိုင်မှုတို့ကြောင့် အာဆီယံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နောက်ဆက်တွဲ လူမှုစီးပွားထိခိုက်မှုများကို အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေးမူဘောင်၊ အာဆီယံခရီးသွားစင်္ကြံ သဘောတူညီချက်မူဘောင်နှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများနှင့် ကူးစက်ရောဂါများအတွက် အာဆီယံဗဟိုဌာနတို့မှတစ်ဆင့် ဒေသတွင်းပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ထိရောက်လျင်မြန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ပါသည်။

အာဆီယံသည် အင်အားကြီးနိုင်ငံများအကြား ပထဝီဝင်နိုင်ငံရေးနှင့် စီးပွားရေးအားပြိုင်မှုတို့မှတစ်ဆင့် ပေါ်ပေါက်လာသည့် ဖိအားများနှင့် လွှမ်းမိုးမှုများကို စုစည်းညီညွတ်စွာ ကြံ့ကြံ့ခံနိုင်စွမ်းရှိရမည်ဖြစ်ပြီး အာဆီယံ၏ဦးဆောင်မှုအောက်ရှိ ယန္တရားများမှတစ်ဆင့် ပွင့်လင်းမြင်သာ၍ အားလုံးပါဝင်သော စည်းမျဉ်းအခြေပြုသည့် ဒေသဆိုင်ရာ ဗိသုကာပုံစံတစ်ရပ်ကို မြှင့်တင်ဖော်ဆောင်ကြရမည် ဖြစ်ပါသည်။

ယခုကဲ့သို့ စိန်ခေါ်မှုများနှင့် ပြည့်နှက်နေသည့်ကာလအတွင်း အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် စံတန်ဖိုးများ၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံ၏ သဘောထားအမြင်တို့အပေါ် အခြေခံပြီး အာဆီယံ၏ ဗဟိုအချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို ခိုင်မာစွာကိုင်စွဲထားရန် အလွန်ပင်အရေးကြီးပါသည်။ အာဆီယံ၏အခြေခံမူများကို မြှင့်တင်ခြင်းဖြင့် အာဆီယံဦးဆောင်မှုအောက်ရှိ ယန္တရားများနှင့်အာဆီယံကို ဗဟိုပြုသည့် ဒေသဆိုင်ရာဗိသုကာပုံစံကို ပိုမိုခိုင်မာအားကောင်းစေမည်ဖြစ်သည့်အပြင် အရှေ့တောင်အာရှဒေသ၊ အာရှ-ပစိဖိတ်ဒေသနှင့် အင်ဒို-ပစိဖိတ်ဒေသရှိ ပြည်သူများအတွက်လည်း တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် ချမ်းသာကြွယ်ဝမှုတို့ကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။

အာဆီယံတူညီဆန္ဒကို အခြေပြုသည့်လမ်းစဉ်နှင့်အတူ လွတ်လပ်မှု၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့မှု၊ သာတူညီမျှမှုနှင့် ဝင်ရောက်မစွက်ဖက်ရေးမူတို့အား အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးက လေးစားလိုက်နာခြင်းဖြင့် **“မတူကွဲပြားမှုများအကြား စည်းလုံးညီညွတ်မှု”**ရှိသည့် အာဆီယံမိသားစုကြီးအဖြစ် တစ်စုတစ်စည်းတည်းဖြစ်စေရုံသာမက ဒေသတွင်းရှိ ပြည်သူများအတွက်လည်း အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ နှင့် ဒေသဆိုင်ရာပေါင်းစည်းရေးရည်မှန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုတွင် အားလုံးပါဝင်မှုရှိရေး၊ အမျိုးသမီးနှင့် လူငယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေးတို့ကို ဆောင်ရွက်ခြင်းတို့အပြင် အာဆီယံ၏ သွင်ပြင်လက္ခဏာနှင့် အာဆီယံပုံရိပ်မြှင့်တင်ခြင်းမှာလည်း အရေးကြီးပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် အာဆီယံအသင်းကြီး၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာချိန်မှစ၍ တာဝန်ယူမှု၊ တက်ကြွမှုနှင့် အပြုသဘောဆောင်ရွက်မှုရှိသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် အာဆီယံအသိုက်အဝန်း ထူထောင်ရေးကြိုးပမ်းမှုများတွင် အားတက်သရော ထောက်ခံပံ့ပိုးခဲ့သည်မှာ အထင်အရှားဖြစ်ပါသည်။

အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှုလုပ်ငန်းအစီအစဉ်-၄ (၂၀၂၁-၂၀၂၅)၊ အာဆီယံပေါင်းစပ်ဆက်သွယ်မှုမဟာစီမံကိန်း ၂၀၂၅ အပါအဝင် အာဆီယံအသိုက်အဝန်းထူထောင်မှုလုပ်ငန်းစဉ်များနှင့် အာဆီယံအသိုက်အဝန်းလမ်းပြမြေပုံ ၂၀၂၅ ၏ အဓိကလုပ်ငန်းစဉ်များတွင် တိုးတက်မှုရှိစေရေးအတွက် မြန်မာနိုင်ငံမှ အလေးထားဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံအပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ အာဆီယံပဋိညာဉ်စာတမ်း၊ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံ၏သဘောထားအမြင်တို့တွင် ပါရှိသည့် အခြေခံမူများနှင့် စံတန်ဖိုးများအပေါ် ခိုင်မာစွာ ဆက်လက်ရပ်တည်သွားမည်ဖြစ်ပါသည်။ ဒေသတွင်းရှိ ပြည်သူများအားလုံးအတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေရေး ဘုံရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံဆွေးနွေးဖက်နိုင်ငံများ၊ အာဆီယံ၏ ပြင်ပမိတ်ဖက်နိုင်ငံများနှင့် အပြုသဘောပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားမည်ဖြစ်ပါသည်။

အာဆီယံအသင်းကြီး၏ (၅၅)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် မြန်မာပြည်သူပြည်သားများအားလုံးကို ဒေသတွင်းနှင့် ဒေသပြင်ပ တည်ငြိမ်အေးချမ်းရေး၊ ကြွယ်ဝချမ်းသာရေးတို့အတွက် အာဆီယံအသင်းကြီး၏ မျှော်မှန်းချက်များနှင့် အာဆီယံအသိုက်အဝန်း ထူထောင်ရေးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

# ကန့်ဘလူမြို့နယ်၌ စက်မှုကုန်ကြမ်းသီးနှံ ဝါမျိုးစေ့ထုတ်ကွက် ၅၀ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးစီး

ကန့်ဘလူ ဩဂုတ် ၇

တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်ရေး၊ မျိုးစေ့ထုတ်လုပ်ပြီး တောင်သူဦးကြီးများ ဝင်ငွေတိုးပွားစေရေး၊ လယ်ယာထွက်ကုန်များ ဈေးကွက်တွင်ယှဉ်ပြိုင်နိုင်ရေးတို့ကို ရည်ရွယ်လျက် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ယခုနှစ်တွင် စက်မှုကုန်ကြမ်းသီးနှံ ချည်မျှင်ရှည်ဝါ မျိုးစေ့ထုတ်ကွက် ဧက ၄၀ လျာထားစိုက်ပျိုးခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ကန့်ဘလူမြို့နယ်အတွင်း စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ချည်မျှင်ရှည်ဝါ ၁၅၂ ဧက လျာထားစိုက်ပျိုးလျက်ရှိပြီး မျိုးစေ့ထုတ်ကွက်အနေဖြင့် ဧက ၄၀ ကို ဇူလိုင် ၂၆ ရက်က စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ ၂၂ ဧက (၅၀ ရာခိုင်နှုန်းကျော်) စိုက်ပျိုးပြီးစီးပြီး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ဒီနှစ်မှာ စက်မှုကုန်ကြမ်းသီးနှံချည်မျှင်ရှည်ဝါကို လျာထားဧကပြည့်မီအောင် စိုက်ပျိုးလျက်ရှိပါတယ်။ မျိုးစေ့ထုတ်ကွက်စိုက်ပျိုးနေတဲ့ တောင်သူတွေ ဝါစိုက်ပျိုးတဲ့အချိန်မှာ နည်းစနစ် မှန်ကန်ဖို့၊ သွင်းအားစုများ အချိုးကျသုံးစွဲရေးတို့ကိုလည်း စိုက်ပျိုးရေးဝန်ထမ်းတွေက အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်” ဟု မြို့နယ်စိုက်ပျိုးဦးစီးဌာနမှ တာဝန်ခံ ဦးစိုးမင်းဦးက ပြောသည်။

ထို့ပြင် ဝါစိုက်ပျိုးမည့်တောင်သူများကို ဇူလိုင် ၁၅ ရက်က ဝါသီးနှံမျိုးစေ့များနှင့် ထောက်ပံ့ငွေများကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းများ၊ နည်းစနစ်တကျစိုက်ပျိုးတတ်စေရေး၊ ပိုးသတ်ဆေးများသုံးစွဲမှု လျှော့ချနိုင်စေရေး၊ သဘာဝမြေဩဇာများ ကိုယ်တိုင်ထုတ်လုပ်သုံးစွဲတတ်စေရေးတို့ကိုလည်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ



**နေပြည်တော် ဩဂုတ် ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်းမှုအရ နေပြည်တော်သို့ ရောက်ရှိပြီး ငြိမ်းချမ်းရေး ဆွေးနွေးဆောင်ရွက်ခဲ့သည့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) မှ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်း ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ Horizon Lake View Resort မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

အဆိုပါ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) မှ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်း ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တိုင်းရင်းသားတိုင်းရင်းသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူများက **"ထာဝရ ငြိမ်းချမ်းရေးကို ရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေး ရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ"** စသည့် စာသားပါ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ကိုင်ဆောင်၍လည်းကောင်း နေပြည်တော်ရှိ Horizon Lake View Resort ၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)**

**သတင်းစဉ်**

## နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)ကွပ်ကဲမှုအောက်ရှိ မော်တော်ယာဉ်အသင်းဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများ ပညာရည်ချွန်ဆုနှင့် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်

**ပျဉ်းမနား ဩဂုတ် ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) ကွပ်ကဲမှုအောက်ရှိ မော်တော်ယာဉ်အသင်းဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုနှင့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



**အဖွင့်အမှာစကား ပြောကြား**

ဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ နေပြည်တော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျာလင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် နေပြည်တော်မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) အတွင်းရေးမှူး၊ ပညာရေးနှင့်လူမှုရေးဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမြတ်မိုးက မော်တော်ယာဉ်အသင်းအသီးသီးရှိ ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများကို ပညာရည်ချွန်ဆုနှင့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်မှုကို ရှင်းလင်းပြောကြားသည်။

**ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်**

ယင်းနောက် ပညာရည်ချွန်ဆု၊ ပညာသင်ထောက်ပံ့စရိတ်နှင့် ကျောင်းသုံးဗလာ စာအုပ်များ ထောက်ပံ့ပေးအပ်ရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် အဆင့်မြင့်ယာဉ်အသင်းမှ (ဘ) ဦးကျော်ဦး၏ သားဖြစ်သူ မောင်ဟိန်းသူရိန်ထက်၊ (၅)ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဟိန်းစတားယာဉ်အသင်းမှ (ဘ) ဦးဇော်မိုးထွန်း၏ သားဖြစ်သူ မောင်နေဝဏ္ဏဇော်တို့ကို ဂုဏ်ပြုဆုတံဆိပ်နှင့် ပညာသင်စရိတ် ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်သည်။

**ကျေးဇူးတင်စကား ပြန်လည်ပြောကြား**

ဆက်လက်၍ ပျဉ်းမနားခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ၂၀၁၉-၂၀၂၀ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲများတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ပညာသင်စရိတ်ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ပြီး လက်ရှိတက္ကသိုလ်ဝင်တန်း တက်ရောက်နေကြသည့် ကျောင်းသား ကျောင်းသူများနှင့် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်း တက်ရောက်နေကြသည့် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် ကျောင်းသုံးဗလာစာအုပ်များကို အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ကြရာ ဘာသာစုံဂုဏ်ထူးရှင် မောင်ဟိန်းသူရိန်ထက်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ကျင်းပသည့် ပညာရည်ချွန်ဆုနှင့် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ရာတွင် ဘာသာစုံဂုဏ်ထူးရှင် တစ်ဦး၊ ၅ ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ၄ဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ ၁ ဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၁ ဦး၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့်မူလတန်းတက်ရောက်နေကြသူများအပါအဝင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၉၆ ဦးတို့အတွက် ချီးမြှင့်ထောက်ပံ့ငွေကျပ် ၆၇ သိန်းကျော်နှင့် ကျောင်းသုံးဗလာစာအုပ် ၁၉၆ ဒါဇင်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းလွင်(ပြန်/ဆက်)**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၃၅၂၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဩဂုတ် ၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေးထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်း ဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများ၌ ဈေးနှုန်းတည်ငြိမ်နေသဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ် ၈ ရက်မှ ဩဂုတ် ၁၄ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ ယခင်ရက်သတ္တပတ် ဈေးနှုန်းအတိုင်း ပြောင်းလဲမှုမရှိဘဲ စားအုန်းဆီတစ်ပိဿာလျှင် ၃၅၂၅ ကျပ်ဖြစ်ကြောင်းထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိအခြေခံပညာကျောင်းများတွင် “ယဉ်ကျေးလိမ္မာ- မြန်မာ့အနုပညာ” အစီအစဉ် စတင်ဆောင်ရွက်မည်

**မန္တလေး ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အခြေခံပညာ ကျောင်းများတွင် မြန်မာ့ဂီတ၊ သဘင်၊ ပန်းချီစသည့် အနုသုခုမ ပညာရပ်များကို လက်ဆင့်ကမ်း မျှဝေမည့် ယဉ်ကျေးလိမ္မာ – မြန်မာ့အနုပညာ အစီအစဉ်ကို ဩဂုတ် ၉ ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း အောင်မြေသာစံမြို့နယ်ရှိ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးမောင်မောင်ဝင်း က ပြောသည်။

အဆိုပါ အစီအစဉ်ကို အောင်မြေသာစံ မြို့နယ်တွင် အထက(၁)၊ အထက(၈)၊ အထက (၉) နှင့် အထက (၁၇)၊ မဟာအောင်မြေမြို့နယ်တွင် အထက (၁၃)၊ ပုသိမ်ကြီးမြို့နယ်တွင် ပုသိမ်ကြီးအထက်တန်းကျောင်း စသည်ဖြင့် ကနဦးကျောင်း ပေါင်း ခြောက်ကျောင်းတွင် အပတ်စဉ်လှည့်လည်၍ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (မန္တလေး) မှ ဆရာ ဆရာမများက မျှဝေသင်ကြားပေးမည်ဖြစ်သည်။

“ကျွန်တော်တို့အထက (၁) မှာ ဩဂုတ် ၉ ရက်မှာစတင်ပြီး ဒီအစီအစဉ်ကိုသင်ကြားနိုင်ဖို့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အနုပညာဆိုတာက လူတွေရဲ့အတွင်းစိတ်ကို ယဉ်ကျေး သိမ်မွေ့စေတယ်။ မြန်မာ့ယဉ်ကျေးမှုနဲ့ အနုပညာကို လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်မယ့် အခွင့်အလမ်းရမယ်။ ကလေးတွေ ဝါသနာပါတဲ့ Talents တွေ ဖော်ထုတ်ခွင့်ရမယ်။ အခုလို မြန်မာ့ယဉ်ကျေးမှု အနုပညာကို သင်ကြားခွင့်ရတဲ့အတွက် ကလေးတွေမှာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တွေ ပေါ်ထွန်းလာမယ်” ဟု ၎င်းက ပြောသည်။

အနာဂတ် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများ အတွက် မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုး တန်ဖိုးထားလိုစိတ်၊ မျိုးချစ်စိတ်တို့သည် အရေးကြီးကြောင်း၊ ပညာရေး၊ ကျန်းမာရေး အဆင့်မြင့်မားမှုနှင့်အတူ အမျိုးသားရေး စရိုက်လက္ခဏာများ မကွယ်ပျောက်စေဘဲ ယဉ်ကျေးမှု အားကောင်းလာစေရေးကို ရည်မှန်းပြီး ယဉ်ကျေးလိမ္မာ- မြန်မာ့အနုပညာ အစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

“သားငယ် သမီးငယ်တွေ ကိုယ်စိတ်နှစ်ပါး လိမ္မာယဉ်ကျေးဖို့ ယဉ်ကျေးမှုအနုပညာက အရေးကြီးတယ်။ ဒါကိုတန်ဖိုးထား မြတ်နိုးလာပြီး တိုင်းချစ်ပြည်ချစ်စိတ်တွေ ရှိလာမှာဖြစ်တဲ့အတွက် ကောင်းမွန်တဲ့ အစီအစဉ်ဖြစ်လို့ ကြိုဆိုပါတယ်။ ကျွန်တော့်ကျောင်းမှာ Grade 8 ကနေစပြီး Grade 9 ထိ သင်ကြားဖို့ စီစဉ်ထားပါတယ်။ Grade 10 နဲ့ 11 က ကျောင်းသားတွေက သင်ယူချင်တယ်ဆိုရင်လည်း ခွင့်ပြုမှာပါ။ ဒေသန္တရအချိန်၊ ဖွံ့ဖြိုးရေးအချိန်၊ ကာယချိန်တွေမှာ သင်ကြားပါမယ်” ဟု ဆက်လက်ပြောကြားသည်။

ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်နှင့်အညီ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၌ ဂီတ၊ သဘင်၊ပန်းချီ စသည့် အနုသုခုမ ပညာရပ်များကို လက်ဆင့်ကမ်း မျှဝေခြင်း ဆောင်ရွက်မည့် ယဉ်ကျေးလိမ္မာ – မြန်မာ့အနုပညာ အစီအစဉ်ဖွင့်ပွဲအခမ်းအနား (ဝဲပုံ) ကို မန္တလေးမြို့တော်ခန်းမတွင် ဩဂုတ် ၅ ရက်က ကျင်းပပြုလုပ်ကြောင်း သိရသည်။




**မင်းထက်အောင် (မန်းကိုယ်ပွား)**




## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဩဂုတ် ၇**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရတနာစံပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ မင်္ဂလာရာမဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မန္တလေးကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်ရှိ သဒ္ဓမ္မပါလ ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်ရှိ မေဃဝတီ ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၇**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်ရှိ သာသနဝေပုလ္လကာရီကျောင်းတိုက်၊ မှော်ဘီမြို့နယ် နှောကုန်းကျေးရွာရှိ အောင်ဘုန်းပွင့်ကမ္မဋ္ဌာန်းကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ မိုးညိုကျောင်းပရိယတ္တိစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မဟာဝိသုဒ္ဓါရာမတိုက်ရှိ သာသနပါလကျောင်း၊ မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကိုးပင်ကျေးရွာဘုန်းတော်ကြီးကျောင်း၊ အောင်လံမြို့ ရွာထောင်ရပ်ကွက်ရှိ သီတဂူဇောတိကဝိပဿနာတက္ကသိုလ်၊ သမ္ဘူလကျေးရွာရှိ မိုးကုတ်ဝိပဿနာသဒ္ဓမ္မ ဂုဏ်ရည်ဓမ္မရိပ်သာကျောင်းတိုက်နှင့် ဆင်ပေါင်ဝဲမြို့နယ် ကျောက်ဆောင်စမ်းကျေးရွာရှိ ဒက္ခိနာရုံကျောင်းတိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေး ဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

■ *ကျောဖုံးမှ*

ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက် အလယ်ပိုင်း (အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေ) တို့တွင် အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိပြီး အနောက် – အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

**မိုး/ဇလ**

# အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို ထိပ်သီးအဆင့် အစည်းအဝေးတွေမှာ ချန်လှပ်ထားဖို့ ဆုံးဖြတ်လုပ်ဆောင်တဲ့ အာဆီယံနိုင်ငံအချို့ရဲ့ အဆင်အခြင်မဲ့လုပ်ရပ်တွေဟာ အာဆီယံရဲ့ထိရောက်မှုနဲ့ ပုံမှန်လုပ်ငန်းလည်ပတ်မှုတွေကို ဆိုးရွားစွာ အကျိုးသက်ရောက်စေပါတယ်

**မေး ။** သင့်အနေနဲ့ အာဆီယံမှာ မြန်မာနိုင်ငံရဲ့ အခန်းကဏ္ဍကို မည်ကဲ့သို့ သုံးသပ်ပါသလဲ။

**ဖြေ ။** ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့မှာ မလေးရှားနိုင်ငံ၌ ကျင်းပခဲ့တဲ့ (၃၀) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအဆင့်အစည်းအဝေးက မြန်မာနိုင်ငံကို (၉) နိုင်ငံမြောက် အာဆီယံအဖွဲ့ဝင်အဖြစ် လက်ခံခဲ့ပါတယ်။ အမှန်တော့ ၁၉၆၇ ခုနှစ် အာဆီယံစတင်ဖွဲ့စည်းစဉ်ကတည်းက မြန်မာကို အဖွဲ့ဝင်အဖြစ်ပါဝင်ဖို့ ဖိတ်ခေါ်ခဲ့ပေမယ့် ထိုစဉ်က မြန်မာနိုင်ငံဟာ ဘက်မလိုက်လှုပ်ရှားမှုကို စတင်တည်ထောင်ခဲ့တဲ့ နိုင်ငံဖြစ်ပြီး စစ်အေးကာလအတွင်း အာဆီယံသည် ဘက်လိုက်မှုရှိနိုင်တာကြောင့် အာဆီယံအသင်းမှာ ပါဝင်ဖို့ ကမ်းလှမ်းခဲ့တာကို လက်မခံခဲ့ပါဘူး။

မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ကြီးသို့ စတင်ဝင်ရောက်ခဲ့စဉ်ကတည်းက အာဆီယံပဋိညာဉ်စာတမ်းပါ မူဝါဒများနဲ့ လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာခဲ့ပါတယ်။ အာဆီယံအဖွဲ့ဝင်အဖြစ် ၁၇ နှစ်ကြာမြင့်ပြီးနောက် မြန်မာနိုင်ငံဟာ အာဆီယံအလှည့်ကျဥက္ကဋ္ဌရာထူးကို နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ရဲ့ ဦးဆောင်မှုနဲ့ ၂၀၁၄ ခုနှစ်မှာ တာဝန်ယူထမ်းဆောင်ခဲ့ပါတယ်။ မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူတဲ့ ၂၀၁၄ ခုနှစ် တစ်ခုလုံးမှာ (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၊ (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၊ (၉) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး စတဲ့အစည်းအဝေးကြီးတွေ အပါအဝင် အာဆီယံအစည်းအဝေး စုစုပေါင်း ၂၅၀ ကျော်ကို အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပခဲ့ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံအာဆီယံဥက္ကဋ္ဌလက်ထက်မှာ အာဆီယံအသိုက်အဝန်း ထူထောင်မှုအတွက် အလွန်အရေးပါလှတဲ့ “အာဆီယံအသိုက်အဝန်းအား ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်ခြင်းဆိုင်ရာ နေပြည်တော်ကြေညာချက်” နှင့် “၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်း နေပြည်တော်ကြေညာချက်” တို့ကို ထုတ်ပြန်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ အောင်မြင်မှုဟာ အာဆီယံရဲ့ အောင်မြင်မှုပါပဲ။ အာဆီယံထိပ်သီးအစည်းအဝေးများနဲ့ ဆက်စပ်အစည်းအဝေးတွေကို မြန်မာနိုင်ငံတစ်ဝန်းမှာ အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ခြင်းဟာ မြန်မာနိုင်ငံက နိုင်ငံတကာအစည်းအဝေးများကို စနစ်တကျ လက်ခံကျင်းပနိုင်တယ်ဆိုတာကို ပြသနိုင်ခဲ့ခြင်းပင် ဖြစ်ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ကြီးရဲ့ တက်ကြွပြီး တာဝန်ယူစိတ်ရှိတဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တာကို သက်သေထူနိုင်ခဲ့တဲ့အပြင် အာဆီယံမှာ ပိုမိုကြီးမားတဲ့အခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်ဖို့အတွက် စွမ်းရည်ရှိတဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်တယ်ဆိုတာကိုလည်း ပြသလျက်ရှိပါတယ်။

မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်ခုဖြစ်တာနဲ့အညီ အဖွဲ့ဝင်နိုင်ငံတွေရဲ့ တာဝန်ဝတ္တရားတွေကို ဆက်လက်ထမ်းဆောင်သွားမှာဖြစ်ပြီး အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးအတွက် ညှိနှိုင်းရေးမှူးတာဝန်နဲ့ အာဆီယံပြင်ပဆက်ဆံရေး မြှင့်တင်ခြင်းကဏ္ဍများ၌ တက်တက်ကြွကြွနဲ့ ဆက်လက်ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌတာဝန် ထမ်းဆောင်ချိန်မှာ တောင်တရုတ်ပင်လယ်ဆိုင်ရာ ကျင့်ထုံး (Code of Conduct in the South China Sea –COC)ဆွေးနွေးမှုများ ပြန်လည်လုပ်ဆောင်နိုင်ရန်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး မျှတသည့် ပူးပေါင်းကြေညာချက်များ ထုတ်ပြန်နိုင်သည်အထိ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**မေး ။** အာဆီယံတူညီဆန္ဒနှင့် တိုင်ပင်ဆွေးနွေးခြင်း အခြေခံမှုတွေကို အာဆီယံမှာ မည်သည့်အတွက်ကြောင့် ဆက်လက်ထိန်းသိမ်းထားသင့်ပါသလဲ။

**ဖြေ ။** အာဆီယံတူညီဆန္ဒနှင့် တိုင်ပင်ဆွေးနွေးခြင်း အခြေခံမှုများဟာ အာဆီယံအဖွဲ့ကြီးရဲ့ ကာလကြာရှည်စွာ ကိုင်စွဲကျင့်သုံးခဲ့တဲ့ အခြေခံမှုများပင်ဖြစ်ပါတယ်။ အာဆီယံပဋိညာဉ်၊ အပိုဒ် ၂၀ (၁) မှာ “အခြေခံမူတစ်ရပ်အဖြစ် အာဆီယံတွင် ဆုံးဖြတ်ချက်ချမှတ်မှုကို တိုင်ပင်ဆွေးနွေးခြင်းနှင့် အဖွဲ့ဝင်အားလုံး၏ တူညီဆန္ဒပေါ်တွင် အခြေပြုရမည်” ဟု တရားဝင် အတိအလင်းဖော်ပြထားပါတယ်။



ဦးချမ်းအေး
အမြဲတမ်းအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန
အာဆီယံဆိုင်ရာမြန်မာအဆင့်မြင့်အရာရှိကြီး
အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်းမဏ္ဍိုင်

အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ မတူညီတဲ့ နောက်ခံအကြောင်းအရာတွေအရ တိုင်ပင်ဆွေးနွေးခြင်းနဲ့ တူညီဆန္ဒမူတွေကို အာဆီယံရဲ့ အဓိကအခြေခံမူတွေအဖြစ် လက်ခံကျင့်သုံးလျက်ရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအားလုံး တန်းတူရည်တူရှိမှုနဲ့ ဆုံးဖြတ်ချက်ချတဲ့အခါတိုင်းမှာ မည်သည့်အဖွဲ့ဝင်နိုင်ငံကိုမှ ဘေးဖယ်ချန်လှပ်မှု မရှိစေရေးအတွက် ရည်ရွယ်ကျင့်သုံးခြင်း ဖြစ်ပါတယ်။

အာဆီယံတူညီဆန္ဒရရှိဖို့အတွက် အကြိတ်အနယ်ဆွေးနွေးရခြင်း၊ ဘုံအကျိုးစီးပွားဆိုင်ရာကိစ္စရပ်တွေကို ကျေလည်အောင် ညှိနှိုင်းရခြင်းတို့အပြင် အပြန်အလှန် မျှတမှုရှိအောင် နေရာပေးဆောင်ရွက်ရခြင်းတို့ကို ပြုလုပ်ရပါတယ်။ ဒီလိုပြဿနာရပ်တွေကို သမားရိုးကျအတိုင်း မဟုတ်ဘဲ တိုင်ပင်ဆွေးနွေးခြင်းနဲ့ အဖွဲ့ဝင်အားလုံး၏တူညီဆန္ဒပေါ်တွင် အခြေပြုဆုံးဖြတ်ချက်ချခြင်းကို “အာဆီယံလမ်းစဉ်” လို့ ခေါ်ပါတယ်။ အာဆီယံတူညီဆန္ဒကို ကျင့်သုံးတဲ့ အကျိုးကျေးဇူးအနေနဲ့ စစ်အေးခေတ်နောက်ပိုင်းမှစပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရရှိရေးအထောက်အပံ့ပေးနိုင်ပြီး စည်းလုံးညီညွတ်စေခဲ့တာ လက်တွေ့အရတွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။

> **“အာဆီယံပဋိညာဉ် အပိုဒ် (၇) မှာ “အာဆီယံထိပ်သီးအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံတော်အကြီးအကဲများ သို့မဟုတ် အစိုးရအဖွဲ့အကြီးအကဲများ ပါဝင်ရမည်” ဟု ဖော်ပြထားပါတယ်။ ဒါကြောင့် ထိပ်သီးအစည်းအဝေးတွေမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ နိုင်ငံတော်အကြီးအကဲတွေ၊ အစိုးရအဖွဲ့အကြီးအကဲတွေ စုံညီစွာ တက်ရောက်မှုမရှိခြင်း သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံရဲ့ ခုံနေရာလွတ်နေခြင်းဖြစ်ပါက “အာဆီယံ ထိပ်သီးအစည်းအဝေး”လို့ ခေါ်ဆိုလို့မရနိုင်ပါဘူး”**

မကြာသေးမီက အနောက်တိုင်းပညာရှင်အချို့နဲ့ အာဆီယံနိုင်ငံအချို့က အာဆီယံအနေနဲ့ တူညီဆန္ဒမူကို ကျင့်သုံးနေတာကြောင့် အရေးပေါ်ကိစ္စရပ်တွေနဲ့ စိန်ခေါ်မှုတွေကို ထိထိရောက်ရောက် မဖြေရှင်းနိုင်ဘူးလို့ ဝေဖန်ပြောဆိုခဲ့ကြပါတယ်။ တချို့က ဥရောပသမဂ္ဂမှာ ကျင့်သုံးနေတဲ့ အများစုမဲပေးသည့်စနစ်နဲ့ ဆုံးဖြတ်ချက်ချတဲ့ပုံစံကို အသုံးပြုဖို့ အဆိုပြုမှုတွေ ပြုလုပ်လာကြပါတယ်။ ဒါပေမယ့် အာဆီယံရဲ့ ဆုံးဖြတ်ချက်ချတဲ့ လုပ်ငန်းစဉ်နဲ့ အာဆီယံရဲ့ အစဉ်အလာအရ အခြားနဲ့မတူဘဲရှိခဲ့တဲ့ ပေါင်းစည်းမှုပုံစံဟာ ဥရောပသမဂ္ဂနဲ့ အတော်ကို မတူကွဲပြားမှုရှိတာ ဖြစ်ပါတယ်။ အရေးကြီးကိစ္စရပ်တွေအပေါ် မဲခွဲဆုံးဖြတ်ခြင်းစနစ်ကို ကျင့်သုံးရုံနဲ့ ရလဒ်ကောင်းတွေရလာမှာမဟုတ်ပါဘူး။ အများစုက မဲပေးသည့်စနစ်ကို အသုံးပြုမယ်ဆိုရင် အာဆီယံအတွင်း စည်းလုံးညီညွတ်မှု ပျက်ပြားပြီး ခွဲခြားမှုတွေပဲ ဖြစ်ပေါ်လာမှာ အမှန်ပင်ဖြစ်ပါတယ်။

အာဆီယံတူညီဆန္ဒကို ကျင့်သုံးခြင်းဟာ အာဆီယံရဲ့ စည်းလုံးညီညွတ်မှုကို အထောက်အကူပြုရုံသာမက အာဆီယံဦးဆောင်တဲ့ အရှေ့အာရှထိပ်သီးအစည်းအဝေး၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ထိပ်သီးအစည်းအဝေးများ၊ အာဆီယံဒေသဆိုင်ရာဆွေးနွေးပွဲ စတဲ့ယန္တရားတွေမှာပါဝင်နေတဲ့ အာဆီယံဆွေးနွေးဖက်နိုင်ငံတွေရဲ့ ဆက်လက်ပါဝင်မှုကိုလည်း အထောက်အကူပြုနေတာကို မှတ်သားထားသင့်ပါတယ်။ အာဆီယံဆွေးနွေးဖက်နိုင်ငံတွေမှာလည်း အမြင်မတူတဲ့ အင်အားကြီးနိုင်ငံတွေ ပါဝင်နေပါတယ်။ အာဆီယံတူညီဆန္ဒဟာ အာဆီယံဦးဆောင်တဲ့ ယန္တရားတွေမှာပါဝင်နေတဲ့ နိုင်ငံအကြီးအငယ်အားလုံး တန်းတူရည်တူရှိစွာနဲ့ အရေးပါတဲ့ကိစ္စရပ်တွေမှာ မိမိတို့နိုင်ငံရဲ့ ရပ်တည်ချက်တွေကို ဖော်ထုတ်ဆွေးနွေးခွင့် ရရှိစေပါတယ်။ ဒါကြောင့် အာဆီယံအနေနဲ့ အာဆီယံတူညီဆန္ဒကို အရေးကြီးတဲ့ကိစ္စရပ်တိုင်းမှာ ဆက်လက်အသုံးပြုဖို့ အထူးလိုအပ်ပါတယ်။

ဝမ်းနည်းစရာကောင်းတာကတော့ အာဆီယံရဲ့ တူညီဆန္ဒမူနဲ့ ဆန့်ကျင်ပြီး ဆောင်ရွက်လိုတဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့ရဲ့ သဘောထားနဲ့ လုပ်ဆောင်မှုတွေနဲ့ အာဆီယံအတွင်း အုပ်စုတွေ ထပ်မံဖွဲ့လိုပြီး ၎င်းတို့လိုလားတဲ့အတိုင်း ဆုံးဖြတ်ချက်ချဖို့ အခြားနိုင်ငံတွေကိုပါ ဖိအားပေးလုပ်ဆောင်မှုတွေ ရှိနေတာတွေ့ရပါတယ်။ ယင်းလုပ်ဆောင်ချက်တွေဟာ အာဆီယံရဲ့ အရေးပါအရာရောက်မှု၊ စည်းလုံးညီညွတ်မှုနဲ့ ဂုဏ်သိက္ခာကိုပါ ထိခိုက်စေတာ တွေ့ရပါတယ်။

**မေး ။** အာဆီယံထိပ်သီးအစည်းအဝေးများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ထိပ်သီးအစည်းအဝေးများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအားလုံး ပြည့်စုံစွာတက်ရောက်မှုမရှိခြင်းမှာ အာဆီယံရဲ့ စည်းလုံးညီညွတ်မှုကို မည်မျှထိခိုက်စေနိုင်ပါသလဲ။

**ဖြေ ။** အာဆီယံပဋိညာဉ်စာတမ်းဟာ အာဆီယံအသင်းကြီးနဲ့ အဖွဲ့ဝင်နိုင်ငံတွေ လိုက်နာဆောင်ရွက်ရမယ့် အခြေခံဥပဒေပဲ ဖြစ်ပါတယ်။ အာဆီယံထိပ်သီးအစည်းအဝေးတွေကို တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပပြီး အာဆီယံဥက္ကဋ္ဌရာထူးကို ရယူထားတဲ့နိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရပါတယ်။ အာဆီယံပဋိညာဉ် အပိုဒ် (၇) မှာ “အာဆီယံထိပ်သီးအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံတော်အကြီးအကဲများ သို့မဟုတ် အစိုးရအဖွဲ့အကြီးအကဲများ ပါဝင်ရမည်” ဟု ဖော်ပြထားပါတယ်။ ဒါကြောင့် ထိပ်သီး အစည်းအဝေးတွေမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ နိုင်ငံတော်အကြီးအကဲတွေ၊ အစိုးရအဖွဲ့အကြီးအကဲတွေ စုံညီစွာ တက်ရောက်မှုမရှိခြင်း သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံရဲ့ ခုံနေရာလွတ်နေခြင်းဖြစ်ပါက “အာဆီယံ ထိပ်သီးအစည်းအဝေး” လို့ ခေါ်ဆိုလို့မရနိုင်ပါဘူး။

ဒ့ါအပြင် အာဆီယံပဋိညာဉ် အပိုဒ် (၂)၊ (က)၊ (င) နှင့်(စ) တို့မှာ “အာဆီယံ အဖွဲ့ဝင်နိုင်ငံအားလုံး၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေးလက္ခဏာများကို လေးစားလိုက်နာခြင်း”၊ “အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှုမရှိခြင်း” နှင့် “ပြင်ပမှဝင်ရောက်စွက်ဖက်မှု၊ ဖျက်လိုဖျက်ဆီးပြုမှုနှင့် ဖိအားပေးမှုများ ကင်းရှင်းစွာဖြင့် အမျိုးသားရေးတည်ရှိမှုဆိုင်ရာ အဖွဲ့ဝင်နိုင်ငံတိုင်း၏အခွင့်အရေးကိုလေးစားခြင်း” ဟူ၍ အလေးပေးဖော်ပြထားပါတယ်။ ဒီအချက်တွေကို ကြည့်ခြင်းအားဖြင့် အစည်းအဝေးတက်ရောက်မယ့် ကိုယ်စားလှယ်ရဲ့ အဆင့်ကိုနှိမ့်၍ ဖိတ်ကြားခြင်း၊ မိန့်ခွန်းပြောခြင်းနဲ့ ဆုံးဖြတ်ချက်တွေချမှတ်ရာမှာ အကန့်အသတ်ထားခြင်းတို့ဟာ အာဆီယံပဋိညာဉ်စာတမ်းပါမူ၊ လုပ်ထုံးလုပ်နည်းနဲ့ အာဆီယံရဲ့ ထုံးတမ်းစဉ်လာတို့နဲ့ ကွဲလွဲနေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ဒါပေမယ့် ယခုအခါမှာ အာဆီယံရဲ့ အစဉ်အဆက်ထိန်းသိမ်းခဲ့တဲ့ အခြေခံမူတွေဟာ ပြင်ပစွက်ဖက်မှုတွေ၊ ဖိအားတွေနဲ့ အချို့အဖွဲ့ဝင်နိုင်ငံတွေရဲ့ လုပ်ရပ်တွေကြောင့် လျော့ပါးလာတာကို စိတ်မကောင်းဖွယ် တွေ့မြင်နေရပါတယ်။ အာဆီယံနိုင်ငံအချို့ဆိုရင် ပြင်ပဖိအားတွေကို မခံနိုင်တဲ့အတွက် အာဆီယံပဋိညာဉ်ပါ အခြေခံမူတွေကိုပင် ပြောင်ပြောင်တင်းတင်း ချိုးဖောက်လာကြတာကို တွေ့ရှိနေရပါတယ်။

*စာမျက်နှာ ၁၁ သို့*

# အာဆီယံရဲ့ပေါင်းစည်းရေးဟာ ပိုမိုပွင့်လင်းပြီး၊ အားလုံးပါဝင်ရမယ့်အပြင် အာဆီယံပဋိညာဉ်အပါအဝင် သဘောတူလက်ခံထားတဲ့ စည်းမျဉ်းတွေကို အခြေခံပြီး စုစည်းတည်ထောင်ထားတဲ့ ဒေသတစ်ခုဖြစ်လာစေဖို့ မျှော်မှန်းရပါမယ်

**မေး။** အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများသည် အာဆီယံနိုင်ငံများ၌ အရေးပါသော အခန်းကဏ္ဍ၌ ပါဝင်နေသည်ဖြစ်ရာ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းကဏ္ဍကို ဒေသတွင်း ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုဖြစ်စဉ်၌ ရင်ပေါင်တန်းနိုင်ရေးအတွက် သင့်အနေဖြင့် မူဝါဒချမှတ်သူများကို မည်ကဲ့သို့ အကြံပြုလိုပါသလဲ။

**ဖြေ။** အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေက အာဆီယံစီးပွားရေးရဲ့ ကျောရိုးပဲ ဖြစ်ပါတယ်။ အာဆီယံစီးပွားရေးလုပ်ငန်းတွေရဲ့ ၉၇ ရာခိုင်နှုန်းကို အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေက ကိုယ်စားပြုထားပြီး ဒေသတွင်း အလုပ်အကိုင်စုစုပေါင်းရဲ့ ၈၅ ရာခိုင်နှုန်းကို ယင်းလုပ်ငန်းတွေက ဖန်တီးပေးထားပါတယ်။

အငယ်စား၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေရဲ့ အခန်းကဏ္ဍ ပိုမိုခိုင်မာရေး ကိစ္စက အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ အကောင်အထည်ဖော်မှုအောက်ရှိ အဓိက ဆောင်ရွက်မှုတွေ အနက် တစ်ခုဖြစ်ပါတယ်။ အငယ်စား၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေရဲ့ ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်နိုင်ရေးအတွက် ထုတ်လုပ်မှုတိုးတက်စေရေး၊ ဘဏ္ဍာငွေရရှိနိုင်မှု တိုးမြှင့်စေရေး၊ ဈေးကွက်အခွင့်အလမ်းရရှိစေရေး၊ မူဝါဒနဲ့ စည်းမျဉ်း ဝန်းကျင်ကောင်းမွန်စေရေး၊ စွန့်ဦးတီထွင်မှုနဲ့ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်စေရေး စတဲ့ကောင်းမွန်တဲ့ လုပ်ငန်းစဉ်တွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို ကြီးကြပ်ဆောင်ရွက်ဖို့အတွက် အာဆီယံ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းမှုကော်မတီကိုလည်း ဖွဲ့စည်းထားပါတယ်။

အငယ်စား၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ အနေနဲ့ ကိုဗစ်ကပ်ရောဂါရဲ့ ရိုက်ခတ်မှုကို ပြင်းထန်စွာခံစားခဲ့ရတဲ့ အတွက် ကိုဗစ်ထွက်ပေါက်လို့ တင်စားခေါ်ဝေါ်တဲ့ အာဆီယံ ဘက်စုံပြန်လည်ထူထောင်ရေးမူဘောင် အကောင်အထည်ဖော်မှုအောက်ကနေ အဆိုပါ ရိုက်ခတ်မှုတွေကို လျော့ပါးသက်သာစေဖို့ ဦးစားပေးလုပ်ငန်းတွေကိုလည်း ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။

အာဆီယံ ဘက်စုံပြန်လည်ထူထောင်ရေး မူဘောင်အောက်မှာ အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေ ဒစ်ဂျစ်တယ်အတတ်ပညာကို အကျွမ်းတဝင်ရှိစေရေးအတွက်သာမက ဈေးကွက်လက်လှမ်းမီစေဖို့ ဒစ်ဂျစ်တယ်နည်းပညာနဲ့ ဘဏ္ဍာရေးနည်းပညာတွေ ရရှိစေရေးအတွက် ဦးစားပေးလုပ်ငန်းစဉ်တွေကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေအကြား ဒစ်ဂျစ်တယ်နည်းလမ်းတွေနဲ့ ဆက်စပ်တဲ့ နည်းပညာတွေကို သိရှိကျင့်သုံးနိုင်ရေးအတွက် စိန်ခေါ်မှုတွေကို သိရှိသတ်မှတ်နိုင်ပြီး ဒီစိန်ခေါ်မှုတွေကိုကျော်လွှားဖို့ အကြံပြုချက်တွေပေးနိုင်ရေးအတွက်လည်း အသေးစိတ်လေ့လာမှုတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေအကြား ဒစ်ဂျစ်တယ်နည်းပညာကို လက်ခံအသုံးပြုမှု တိုးတက်စေရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းတွေကို Action Agenda on Digitalization of ASEAN MSMEs ကတစ်ဆင့် အကောင်အထည်ဖော်လျက်ရှိပါတယ်။ အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံနဲ့ တစ်နိုင်ငံအကြား ဒစ်ဂျစ်တယ်အဆင်သင့်ဖြစ်မှုကလည်း မတူညီတဲ့အတွက် ယင်းအချက်အပေါ် လေ့လာဆန်းစစ်ဖို့ နည်းလမ်းကိုလည်း ရှာဖွေဖော်ထုတ်လျက်ရှိပါတယ်။

အားလုံးသိကြတဲ့အတိုင်း ကိုဗစ်ကပ်ရောဂါကာလမှာ အာဆီယံ စီးပွားရေးကဏ္ဍနဲ့ လူ့အဖွဲ့အစည်းတွေမှာ ဒစ်ဂျစ်တယ်နည်းပညာ လက်ခံအသုံးပြုမှုနှုန်းတွေ မြင့်တက်လာခဲ့ပါတယ်။ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်တွေကို အထောက်အကူပြုဖို့အတွက် အာဆီယံက ၂၀၂၂ ခုနှစ်မှာ ဘန်ဒါဆီရီလမ်းပြမြေပုံနဲ့ စတုတ္ထစက်မှုအသွင်ကူးပြောင်းရေး ပေါင်းစည်းမှု မဟာဗျူဟာကို ချမှတ်ခဲ့ပါတယ်။ အဆိုပါ လုပ်ငန်းနှစ်ရပ်မှာ အငယ်စား၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေအတွက် သင့်လျော်တဲ့ ကျွမ်းကျင်မှုတွေကို အထောက်အပံ့ပေးဖို့ ရည်မှန်းချက်တွေနဲ့ လုပ်ငန်းစဉ်တွေ ပါဝင်ပါတယ်။

ဒါ့အပြင် အာဆီယံဒေသတွင်းမှာ အငယ်စား၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ အာဆီယံသင်တန်းကျောင်းကို ၂၀၁၆ ခုနှစ်ကတည်းက တည်ထောင်ထားပါတယ်။ ဒီသင်တန်းကျောင်းက အွန်လိုင်းသင်တန်းစကြံတစ်ခုဖြစ်ပြီး အာဆီယံရဲ့ အငယ်စား၊ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုတွေ ဖွံ့ဖြိုးတိုးတက်စေဖို့ သင်တန်းတွေကိုလည်း ဆောင်ရွက်ပေးပါတယ်။ အငယ်စား၊ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေကို ပိုမိုထောက်ပံ့ပေးနိုင်ရေး၊ ကိုဗစ်ကပ်ရောဂါမှ ပြန်လည်ထူထောင်မှု အရှိန်မြှင့်တင်ရေးအတွက် ၂၀၂၂ ခုနှစ်မှာ အဆိုပါ သင်တန်းကျောင်းကို အဆင့်မြှင့်တင်ထားပါတယ်။ ဒီသင်တန်းကျောင်းမှာ ဒစ်ဂျစ်တယ်ကဏ္ဍနဲ့ဆက်နွှယ်တဲ့ ခေါင်းစဉ်ကို ပိုမိုသင်ကြားပို့ချပေးမှုဟာလည်း အာဆီယံရဲ့ အငယ်စား၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေရဲ့ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် မူဝါဒချမှတ်သူတွေအနေနဲ့ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းနေတဲ့ အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေကို မက်လုံးပေးအစီအစဉ်အဖြစ် ဘဏ္ဍာငွေကြေးထောက်ပံ့မှု၊ စီမံအုပ်ချုပ်မှုဆိုင်ရာ စည်းမျဉ်းတွေကြောင့် ဖြစ်ပေါ်နေတဲ့ ဝန်ထုပ်ဝန်ပိုးတွေကို ဖြေလျှော့ပေးမှုနဲ့ ထူးချွန်အောင်မြင်တဲ့ လုပ်ငန်းငယ်တွေကို ဂုဏ်ပြုဆုချီးမြှင့်တဲ့ အစီအစဉ်မျိုးတွေ ပြုလုပ်ပေးမယ်ဆိုရင် ၎င်းတို့ရဲ့ တီထွင်ဆန်းသစ်မှုနဲ့ စွန့်ဦးတီထွင် စိတ်ဓာတ်ကို မြှင့်တင်ပေးရာရောက်မှာ ဖြစ်ပါတယ်။

**မေး။** လက်ရှိဖြစ်ပွားနေဆဲဖြစ်တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဟာ ဒေသတွင်းနဲ့ ဒေသပြင်ပရှိ ပြည်သူများတွေရဲ့ လူမှုစီးပွားနေ့စဉ်ဘဝတွေအပေါ် ပြင်းထန်စွာ ထိခိုက်လျက်ရှိရာ အာဆီယံနိုင်ငံတွေအနေနဲ့ အနာဂတ်မှာ စီးပွားပျက်ကပ်ကို ရှောင်လွှဲနိုင်ဖို့အတွက် ခိုင်မာတဲ့ စီးပွားရေး၊ ငွေကြေးနဲ့ ဘဏ္ဍာရေးဆိုင်ရာ မူဝါဒတွေကို ဘယ်လို ချမှတ်အကောင်အထည်ဖော်သင့်ပါသလဲ။

**ဖြေ။** ကျွန်မတို့ အားလုံးသိကြတဲ့အတိုင်းပါပဲ။ လက်ရှိဖြစ်ပွားနေတဲ့ ကိုဗစ်ကပ်ရောဂါရဲ့ အသိသာဆုံး သက်ရောက်မှုတစ်ခုက ထောက်ပံ့ပို့ဆောင်မှုကွင်းဆက်ဆိုင်ရာ ပြဿနာပဲဖြစ်ပါတယ်။ ကပ်ရောဂါရဲ့ ပျံ့နှံ့မှုတွေကို ကာကွယ်ဖို့ ကန့်သတ်ပိတ်ပင်မှု ဆောင်ရွက်ချက် (Lockdown Measures) တွေကို ဆောင်ရွက်ခဲ့တာက ထောက်ပံ့မှုကွင်းဆက်တွေကို အဟန့်အတားဖြစ်စေပြီး ဆေးဝါးနဲ့ ဆက်စပ်ပစ္စည်းတွေ၊ အစားအစာတွေ စတဲ့ အရေးကြီးကုန်စည် ပြတ်လပ်မှုတွေကို ဖြစ်စေခဲ့ပါတယ်။ ကိုဗစ်ကပ်ရောဂါရဲ့ ရိုက်ခတ်မှု၊ လက်ရှိဖြစ်ပွားနေတဲ့ ယူကရိန်းအရေး စတဲ့ ကိစ္စရပ်တွေကြောင့် ကုန်စည်ဈေးနှုန်းတွေ မြင့်တက်လာပြီး ငွေကြေးဖောင်းပွမှုတွေကို ဖြစ်စေခဲ့ပါတယ်။

ကိုဗစ်ကပ်ရောဂါကြောင့်ဖြစ်တဲ့ ထောက်ပံ့ပို့ဆောင်မှုကိစ္စတွေကို ပြေလည်စေဖို့၊ အာဆီယံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွေကို ခိုင်မာစေဖို့အတွက် အာဆီယံက အစားအစာ၊ ဆေး၊ ဆေးဝါးဆက်စပ်ပစ္စည်းတွေနဲ့ အခြားဆက်စပ်ပစ္စည်းတွေ အပါအဝင် အရေးကြီးကုန်စည်များ စီးဆင်းမှုတွေ လွယ်ကူချောမွေ့စေရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၂၀ ပြည့်နှစ်မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဆိုပါ နားလည်မှုစာချွန်လွှာက အာဆီယံဒေသတွင်းရှိ အရေးကြီးကုန်စည်တွေရဲ့ စီးဆင်းမှုအပေါ်မှာ မလိုလားအပ်တဲ့ အဟန့်အတားတွေ ဖြစ်စေတဲ့ အကောက်ခွန်မဟုတ်တဲ့ အတားအဆီးတွေ ဖယ်ရှားဖို့အတွက်ပဲ ဖြစ်ပါတယ်။




ဒေါက်တာ ဝါဝါမောင်
အမြဲတမ်းအတွင်းဝန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ၏ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိ
အာဆီယံစီးပွားရေးအသိုက်အဝန်းမဏ္ဍိုင်

စိုက်ပျိုးရေးထွက်ကုန်တွေအပေါ် ထောက်ပံ့မှုကွင်းဆက်ဆိုင်ရာ ကန့်သတ်ချက်တွေကြောင့် ကမ္ဘာ့ကုန်စည်ဈေးနှုန်းတွေ မြင့်တက်လာခြင်း၊ ကိုဗစ်ကပ်ရောဂါကနေ ကမ္ဘာ့စီးပွားရေး ပြန်လည်ထူထောင်မှုကို ခြိမ်းခြောက်မှုဖြစ်စေခြင်းတွေ ရှိခဲ့ပါတယ်။ ဒါပေမယ့်လည်း တစ်ဖက်မှာကြည့်ပြန်ရင် အာဆီယံဒေသက ပြောင်း၊ ဂျုံ၊ ဘာလီကို အဓိကတင်သွင်းတဲ့ နိုင်ငံဖြစ်ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေမှာ လာအိုနဲ့ မြန်မာနိုင်ငံက စားသုံးတာထက်ပိုပြီး ပြောင်းထုတ်လုပ်နိုင်ပါတယ်။ ဒါကြောင့် ဒေသတွင်း အစားအစာဖူလုံရေးကိစ္စမှာ မြန်မာနိုင်ငံကလည်း ကဏ္ဍတစ်ခုကနေ ပါဝင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

လက်ရှိ ပဋိပက္ခက ရရှိတဲ့သင်ခန်းစာတွေကို အခြေတည်စဉ်းစားပြီး အနာဂတ်ကာလမှာ စီးပွားရေး၊ ဘဏ္ဍာရေးအကျပ်အတည်းနဲ့ ပဋိပက္ခဖြစ်ပေါ်မှုကို ကာကွယ်နိုင်ဖို့အတွက် အာဆီယံအနေနဲ့ စီးပွားရေးမူဝါဒတွေချမှတ်ရာမှာ အစားအစာဖူလုံစေရေး၊ စွမ်းအင်ဖူလုံစေရေး၊ လုံခြုံတဲ့ ခရီးသွားလာမှု၊ မက်ခရိုစီးပွားရေးနဲ့ ဘဏ္ဍာရေးတည်ငြိမ်စေမှုကတစ်ဆင့် စီးပွားရေးကဏ္ဍလုံခြုံစေရေး၊ ထောက်ပံ့မှု ကွင်းဆက်ပြတ်တောက်မှုကို တားဆီးရေးနဲ့ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုဈေးကွက်တွေ ဖွင့်လှစ်စေရေး အစရှိတဲ့ ကိစ္စရပ်တွေကို မူတည်ပြီး ထည့်သွင်းချမှတ်သွားဖို့ လိုအပ်ပါတယ်။

ကပ်ရောဂါဖြစ်ပွားမှုကပေးတဲ့ အခွင့်အလမ်းတစ်ခုဖြစ်တဲ့ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု အရှိန်အဟုန်မြင့်တက်လာမှုကို အသုံးချပြီး အာဆီယံက ဒေသတွင်း ဒစ်ဂျစ်တယ်အဆောက်အဦနဲ့ ဒစ်ဂျစ်တယ်နည်းနဲ့ပေါင်းစည်းဆက်သွယ်လုပ်ကိုင်မှုတွေ တိုးတက်စေရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အနာဂတ် ဘဏ္ဍာရေးနဲ့ ငွေကြေးမူဝါဒတွေမှာလည်း ဒစ်ဂျစ်တယ်စနစ်ပေးချေမှုဆိုင်ရာ အခြေခံအဆောက်အဦ တိုးတက်စေရေးကိစ္စရပ်တွေအပေါ် မူတည်လာနိုင်ပါတယ်။

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရရှိဖို့အတွက် အာဆီယံက ဒေသတွင်း ပတ်ဝန်းကျင်ကို အကာအကွယ်ပေးတဲ့ မူဝါဒတွေ၊ ရေရှည်ဖွံ့ဖြိုး တိုးတက်စေရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုတွေနဲ့ ပတ်သက်တဲ့မူဝါဒတွေကို မိမိတို့နိုင်ငံနဲ့ သင့်လျော်လိုက်ဖက်အောင် ချမှတ်ဆောင်ရွက်နိုင်ဖို့လိုပါတယ်။

**မေး။** အာဆီယံနိုင်ငံတွေရဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှု-ယဉ်ကျေးမှုနောက်ခံအခြေအနေတွေ မတူညီဘဲ ကွဲပြားနေတာဟာ အာဆီယံပေါင်းစည်းရေးအတွက် အားသာချက်တစ်ခုလား ဒါမှမဟုတ် အားနည်းချက်တစ်ခုလား။ ဘယ်လို ထင်မြင်ယူဆပါသလဲ။

**ဖြေ။** ကျွန်မတို့ရဲ့အမြင်အရ အာဆီယံနိုင်ငံတွေအကြား နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုယဉ်ကျေးမှုနောက်ခံတွေ ကွဲပြားခြားနားတာက အာဆီယံပေါင်းစည်းရေးအတွက်

*စာမျက်နှာ ၉ သို့*

❖ **အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေအကြား ဒစ်ဂျစ်တယ်နည်းပညာကို လက်ခံအသုံးပြုမှု တိုးတက်စေရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းတွေကို** Action Agenda on Digitalization of ASEAN MSMEs **ကတစ်ဆင့် အကောင်အထည်ဖော်လျက်ရှိပါတယ်။ အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံနဲ့ တစ်နိုင်ငံအကြား ဒစ်ဂျစ်တယ်အဆင်သင့်ဖြစ်မှုကလည်း မတူညီတဲ့အတွက် ယင်းအချက်အပေါ် လေ့လာဆန်းစစ်ဖို့ နည်းလမ်းကိုလည်း ရှာဖွေဖော်ထုတ်လျက်ရှိပါတယ်**

# အာဆီယံဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဒေသတွင်းပေါင်းစည်းညီညွတ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်း၊ လူထုဗဟိုပြု အာဆီယံအသိုက်အဝန်းတစ်ခု မြှင့်တင်ဆောင်ရွက်ခြင်းတို့ကို အာဆီယံစိတ်ဓာတ်နှင့်အတူ ဆောင်ရွက်သင့်ပါတယ်




ဦးအောင်မြင့်
ညွှန်ကြားရေးမှူးချုပ်
သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ
အဆင့်မြင့် အရာရှိကြီး

**မေး။** အာဆီယံအသိုက်အဝန်း တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင်မြန်မာနိုင်ငံအနေဖြင့် မည်ကဲ့သို့ဆက်လက်ပံ့ပိုးဆောင်ရွက်သွားမှာလဲ။

**ဖြေ။** အာဆီယံအသိုက်အဝန်းတည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် အာဆီယံခေါင်းဆောင်ကြီးများက အတည်ပြု သဘောတူခဲ့ကြတဲ့ အာဆီယံမျှော်မှန်းချက်များ၊ လုပ်ငန်းစဉ်များ၊ အာဆီယံအသိုက်အဝန်း မဏ္ဍိုင်သုံးခု၏ အခြေပြမြေပုံများ၊ အာဆီယံပဋိညာဉ်စာတမ်းများဟာ အရေးပါပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးက အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိကြပါတယ်။

ဒါကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံဟာ အာဆီယံပြည်သူများ၏ အကျိုးစီးပွားအတွက် ၂၀၂၅ အလွန် အာဆီယံအသိုက်အဝန်းနှင့် အာဆီယံအသိုက်အဝန်း မဏ္ဍိုင်သုံးခု၏ အခြေပြမြေပုံများ (မူကြမ်း)ရေးဆွဲရေး လုပ်ငန်းစဉ်များတွင် အားနည်းချက်များ မရှိဘဲ ပိုမိုကောင်းမွန်သော အာဆီယံအသိုက်အဝန်း ဖန်တီးတည်ဆောက်ရေးအတွက် ဆက်လက်ပံ့ပိုး ဆောင်ရွက်ရန်ရှိပါတယ်။

အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း မဏ္ဍိုင်အနေဖြင့် အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် ရည်မှန်းချက်မှာ ထည့်သွင်းမယ့် အဓိကအဆိုပြုအချက်များကို အသစ်ပေါ်ထွန်းလာနိုင်တဲ့ အကြောင်းအရာကိစ္စရပ်များနှင့်အညီ ထည့်သွင်းနိုင်ရေးအတွက် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ၂၀၂၂ ခုနှစ် ဇွန် ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့တဲ့ အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေးမှ တစ်ဆင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ တင်ပြထားရှိပြီးဖြစ်ပါတယ်။

**မေး။** အာဆီယံနိုင်ငံအားလုံးက လက်ရှိဖြစ်ပေါ်နေသော စိန်ခေါ်မှုများကို အာဆီယံစိတ်ဓာတ်ဖြင့် မည်ကဲ့သို့ ဖြေရှင်းကျော်လွှားသင့်ပါသလဲ။

**ဖြေ။** အာဆီယံဟာ အာဆီယံဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဒေသတွင်းပေါင်းစည်းညီညွတ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်း၊ လူထုဗဟိုပြု အာဆီယံအသိုက်အဝန်းတစ်ခု မြှင့်တင်ဆောင်ရွက်ခြင်း၊ အာဆီယံ၏ ကြံ့ကြံ့ခံနိုင်မှု တိုးမြှင့်ခြင်းတို့ကို အာဆီယံစိတ်ဓာတ်နှင့်အတူ ဆောင်ရွက်သင့်ပါတယ်။

ဒါ့အပြင် အာဆီယံဟာ လက်ရှိဖြစ်ပေါ်နေသော စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရာ၌ ဆွေးနွေးဖက်နိုင်ငံများ၊ မိတ်ဖက်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အခြားပါဝင်ပတ်သက်သူများနဲ့ ချိတ်ဆက်ဆောင်ရွက်တဲ့အခါ ပိုမိုစည်းလုံးညီညွတ်၍ အားလုံးပါဝင်သည့် အသိုက်အဝန်းတစ်ခုဖြစ်ရန်၊ အာဆီယံ၏ အချက်အချာကျမှုကို ခိုင်မာအားကောင်းစေရန်နှင့် အဓိကစိန်ခေါ်မှုများအား ခွဲခြားသတ်မှတ်သင့်ပါတယ်။

*စာမျက်နှာ ၈ မှ*

အတားအဆီးတစ်ခုမဟုတ်ဘူးလို့ ပြောနိုင်ပါတယ်။ မတူကွဲပြားမှုကို စုစည်းညီညွတ်တဲ့ အားတစ်ရပ်အဖြစ် ထူထောင်နိုင်ခဲ့မှုက အာဆီယံပေါင်းစည်းရေးအတွက် အထောက်အပံ့ ဖြစ်စေခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၅၅ နှစ်တာကာလမှာ အာဆီယံက ကမ္ဘာ့စီးပွားရေးမှာ အောင်မြင်မှုတွေ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့လို့လည်း ယနေ့အာဆီယံက ဒေသတွင်းနဲ့ ကမ္ဘာ့စီးပွားရေးနဲ့ နိုင်ငံရေး အင်အားစုတွေနဲ့ တိုးချဲ့ပေါင်းစည်းနိုင်ခဲ့တာ သက်သေပဲဖြစ်ပါတယ်။

အာဆီယံရဲ့ ဘုံဆန္ဒနဲ့ စုပေါင်းစွမ်းအားတည်ထောင်မှုကို အာဆီယံအတွက် ဥပဒေနဲ့ စည်းမျဉ်းမူဘောင်သဖွယ်ဖြစ်တဲ့ အာဆီယံပဋိညာဉ်က လမ်းညွှန်မှုပေးခဲ့ပါတယ်။ အာဆီယံပဋိညာဉ်က အာဆီယံကို ခိုင်မာစေဖို့နဲ့ ပိုပြီးစည်းလုံးညီညွတ်မှုရှိစေဖို့ ဆောင်ကြဉ်းပေးနိုင်ပါတယ်။

ဒါ့အပြင် အရှေ့တောင်အာရှ ချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်က အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအကြား စည်းလုံးချစ်ကြည်တဲ့ ဆက်ဆံရေးကို ထိန်းကျောင်းပေးနိုင်မယ့် ကျင့်ဝတ်စည်းမျဉ်းတွေနဲ့ တည်ထောင်ထားပါတယ်။

မတူညီကွဲပြားမှုကနေ စည်းလုံးညီညွတ်မှု စိတ်ဓာတ်နဲ့ အာဆီယံရဲ့ အနာဂတ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ရည်မှန်းချက်တွေကို ပုံဖော်ရာမှာ အာဆီယံပဋိညာဉ်၊ ကြေညာချက်တွေ၊ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တွေနဲ့ အာဆီယံရဲ့ အခြားသော သဘောတူညီချက်တွေက ထိရောက်တဲ့ ယန္တရားတွေအဖြစ်နဲ့ လည်ပတ်ပါတယ်။

ဒါ့အပြင် ဘာလီကွန်ကော့(၂) မှာလည်း အာဆီယံအနေနဲ့ ဘုံတန်ဖိုးထားမှုရှိစေရေး၊ ပတ်ဝန်းကျင်ကို ထိခိုက်စေတဲ့ကိစ္စ၊ ရေကြောင်းဆိုင်ရာလုံခြုံမှု၊ ကာကွယ်ရေး စတဲ့ ဘုံကိစ္စရပ်တွေနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေ မျှဝေစေရေး၊ လူမှု-နိုင်ငံရေးဆိုင်ရာတန်ဖိုးနဲ့ စံနှုန်းတွေ ဖော်ထုတ်ရေး စတဲ့အချက်တွေကို ဖော်ပြထားပါတယ်။

အာဆီယံရဲ့ မျှတတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ကို ပြည့်မီစေရေးအတွက် အာဆီယံ ကနဦးပေါင်းစည်းရေး အစီအစဉ်အောက်ကနေ အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍတွေအတွက် နည်းပညာအကူအညီပေးရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်တွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ကမ္ဘာ့လုံးဆိုင်ရာ စီးပွားရေးနယ်ပယ်မှာ အာဆီယံရဲ့ ညီညွတ်တဲ့ ပေါင်းစည်းမှုရဲ့ရလဒ်အနေနဲ့ တရုတ်၊ ဟောင်ကောင် (တရုတ်)၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံတွေနဲ့ လွတ်လပ်တဲ့ ကုန်သွယ်မှုဒေသတွေ တည်ဆောက်ထားပြီး ဖြစ်ပါတယ်။

ဒါ့အပြင် ကမ္ဘာ့အကြီးဆုံး လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်တစ်ခုဖြစ်တဲ့ ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို အာဆီယံနဲ့ ၎င်း၏ လွတ်လပ်သော ကုန်သွယ်ဖက်နိုင်ငံတွေအကြား လက်မှတ်ရေးထိုးပြီးဖြစ်လို့ အသက်ဝင်နေပြီဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ၅၅ နှစ်ကျော်က ပေါင်းစည်းခဲ့တဲ့ အာဆီယံဟာ ဒီနေ့ ကမ္ဘာ့စီးပွားရေးနယ်ပယ်မှာ အဓိကအင်အားကြီးအုပ်စုတစ်ခုအနေနဲ့ အရှိန်အဟုန်နဲ့ ချီတက်နေနိုင်တာဟာ ၁၀ နိုင်ငံအကြား မတူကွဲပြားမှုတွေကို အင်အားတစ်ရပ်အဖြစ် အောင်မြင်စွာ ပေါင်းစည်းဆောင်ရွက်နိုင်ခဲ့တဲ့ ထင်ရှားတဲ့ သက်သေသာဓကပဲဖြစ်ပါတယ်။

**မေး။** အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ မှာ ၂၀၂၅ ခုနှစ်တွင် ပြည့်မြောက်တော့မည်ဖြစ်ရာ အာဆီယံအနေနဲ့ ဘယ်လို မျှော်မှန်းချက်နဲ့ ရည်မှန်းချက်အသစ်တွေကို အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန်ကာလတွေအတွက် ရေးဆွဲသင့်ပါသလဲ။

**ဖြေ။** ၂၀၂၀ ပြည့်နှစ်မှာ ကျင်းပခဲ့တဲ့ (၃၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှာ အာဆီယံနိုင်ငံ့ခေါင်းဆောင်တွေက အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်နှင့် စာတမ်းများ ရေးဆွဲဖော်ထုတ်ရေးဆိုင်ရာ ဟနွိုင်းကြေညာစာတမ်းကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲတဲ့အခါ ပြီးပြည့်စုံတဲ့၊ လက်တွေ့ကျတဲ့၊ ဟန်ချက်ညီတဲ့၊ အားလုံးပါဝင်တဲ့၊ ပေါင်းစည်းညီညွတ်တဲ့ ပူးပေါင်းလုပ်ဆောင်မှုတွေ ဖြစ်စေရေးကို နိုင်ငံ့ခေါင်းဆောင်တွေက သဘောတူထားပါတယ်။

အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ကို ရေးဆွဲဖို့အတွက် အာဆီယံ ၁၀ နိုင်ငံက Eminent Person ၁၀ ဦးနဲ့ အဆင့်မြင့်ကိုယ်စားလှယ် ၁၀ ဦးပါဝင်တဲ့ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (High-Level Task Force on the ASEAN Community's Post 2025 Vision-HLTF-ACV) ကိုလည်း ၂၀၂၁ ခုနှစ်ကတည်းက ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ယနေ့ကာလအထိ အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့ အစည်းအဝေးကို နှစ်ကြိမ် ကျင်းပပြီးခဲ့ပြီး မျှော်မှန်းချက်မှာ ထည့်သွင်းမယ့် ဖြစ်နိုင်ခြေရှိတဲ့ အကြောင်းအရာတွေကို ဆွေးနွေးလျက်ရှိပါတယ်။ အဆင့်မြင့်လုပ်ငန်းအဖွဲ့ရဲ့ အစည်းအဝေးတွေကို ယခုနှစ်အတွင်း ဆက်လက်ကျင်းပဖို့ရှိပြီး ၂၀၂၅ အလွန် မျှော်မှန်းချက်မှာ ထည့်သွင်းမယ့်အကြောင်းအရာတွေအပေါ် နိုင်ငံ့ခေါင်းဆောင်တွေကို တင်ပြနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းသွားကြမှာ ဖြစ်ပါတယ်။

အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်မှာ ကမ္ဘာ့ပထဝီနိုင်ငံရေးဆိုင်ရာ အပြောင်းအလဲဖြစ်စဉ်တွေကနေ အာဆီယံရဲ့ တည်ငြိမ်ရေးနဲ့ စီးပွားရေး၊ လူမှုရေးကိစ္စတွေအပေါ် သက်ရောက်လာနိုင်တဲ့ကိစ္စတွေ၊ ကမ္ဘာ့ကုန်သွယ်မှုမှာ ကိုယ်ကျိုးစီးပွားကာကွယ်မှုတွေ တိုးမြှင့်ကျင့်သုံးတဲ့ ကိစ္စတွေအပြင် နယ်စပ်ဖြတ်ကျော်မှုခင်းတွေ၊ စွမ်းအင်ဆိုင်ရာ အကျပ်အတည်း၊ ရာသီဥတုပြောင်းလဲမှု၊ ဒစ်ဂျစ်တယ်နည်းပညာ၊ ဆိုက်ဘာလုံခြုံရေး၊ အနာဂတ်မှာ ထပ်မံဖြစ်လာနိုင်တဲ့ ကပ်ရောဂါတွေအတွက် ကြိုတင်ပြင်ဆင်နိုင်ရေးကိစ္စ စတဲ့ပေါ်ထွန်းဆဲ (Emerging Issues) ကိစ္စရပ်တွေနဲ့ ဆက်နွှယ်ပတ်သက်တဲ့အကြောင်းအရာတွေကို ပူးပေါင်းဖြေရှင်းဆောင်ရွက်မယ့် အစီအမံတွေ ထည့်သွင်းသွားနိုင်ဖို့လိုပါတယ်။ ဒါ့အပြင် အာဆီယံရဲ့ ပေါင်းစည်းရေးဟာ ပိုမိုပွင့်လင်းပြီး အားလုံးပါဝင်ရမယ့်အပြင် အာဆီယံပဋိညာဉ်အပါအဝင် သဘောတူလက်ခံထားတဲ့ စည်းမျဉ်းတွေကို အခြေခံပြီး စုစည်းတည်ထောင်ထားတဲ့ ဒေသတစ်ခုဖြစ်လာစေဖို့ မျှော်မှန်းရပါမယ်။ ဒါ့အပြင် အာဆီယံဗဟိုပြုတဲ့ ပြင်ပနိုင်ငံအဖွဲ့အစည်းတွေရဲ့ ဆက်ဆံရေးကို ပိုမိုတိုးတက်စေရေး၊ ဂျီအမ်အက်စ်အပါအဝင် ဒေသခွဲတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွေကို အပြန်အလှန် အကျိုးပြုစေရေး စတဲ့ကိစ္စရပ်တွေကိုလည်း ၂၀၂၅ အလွန် မျှော်မှန်းချက်မှာ ထည့်သွင်းသွားနိုင်ဖို့ လိုအပ်ပါတယ်။

# အမျိုးသမီးများနှင့် ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေးနှင့် အခွင့်အရေးများ တိုးမြှင့်ရရှိစေရေးကို အထူးအလေးပေးဆောင်ရွက်နိုင်ပြီး လူငယ်များ၏ ကာယ၊ ဉာဏမှအစ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အပံ့များစွာဖြစ်ထွန်းခြင်း အစရှိသည့် အကျိုးကျေးဇူးများ ရရှိစေမှာဖြစ်ပါတယ်

**မေး။** အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးတွင် ကျား/မ တန်းတူညီမျှမှုရှိရေး၊ အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားရေးနှင့် လူငယ်များပါဝင်မှုရရှိရေးတို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် အမျိုးသားစီမံချက်များကို ရှင်းလင်းပြောကြားပေးပါ။

**ဖြေ။** မြန်မာနိုင်ငံမှာ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနဲ့ မသန်စွမ်းသူများရဲ့ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ အခွင့်အလမ်းများကို တူညီရရှိခံစားနိုင်စေရန်၊ ဘဝအရည်အသွေး တိုးတက်မြင့်မားစေရန်အတွက် အားလုံးအကျုံးဝင်သော အသိုက်အဝန်းတစ်ရပ် ဖော်ဆောင်နိုင်ရေးဆိုတဲ့ ASEAN Community Vision 2025 ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်း(INGOs)များ၊ ပြည်တွင်းမှာရှိတဲ့ အစိုးရမဟုတ်သောအဖွဲ့အစည်း(NGOs)များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSOs) များနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

အာဆီယံနဲ့ ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ အာဆီယံ လူမှု–ယဉ်ကျေးမှုအသိုက်အဝန်းကဏ္ဍရဲ့ ကဏ္ဍခွဲတွေဖြစ်တဲ့ အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး (ASEAN Ministerial Meeting on Social Welfare and Development – AMMSWD)၊ အာဆီယံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး (ASEAN Senior Official Meeting on Social Welfare and Development– SOMSWD)၊ အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင် (ASEAN Commission on Promotion and Protection of the Rights of Women and Children – ACWC)နှင့် အာဆီယံအမျိုးသမီးရေးရာကော်မတီ (ASEAN Committee on Women–ACW) တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနက Focal Point အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

သက်ဆိုင်ရာ Focal Point အလိုက် တာဝန်ယူဆောင်ရွက်တဲ့နေရာမှာ လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ ကျား/မ တန်းတူညီမျှမှုရှိရေး၊ အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားရေးတို့အတွက် အာဆီယံ၏ကတိကဝတ်များ၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ အချက်များ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ရည်မှန်းချက်ပန်းတိုင်များ (SDGs)နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ လမ်းညွှန်မှုတို့ဖြင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (National Strategic Plan for Advancement of Women–NSPAW) (၂၀၁၃–၂၀၂၂) ကို ကျား၊ မ ရေးရာဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။

အဆိုပါမဟာဗျူဟာကို အဓိကလုပ်ငန်းနယ်ပယ်(၁၂)ရပ်ဖြစ်တဲ့ အမျိုးသမီးများနှင့် အသက်မွေးဝမ်းကျောင်းမှု၊ အမျိုးသမီးများနှင့် ပညာရေး၊ လေ့ကျင့်သင်ကြားရေး၊ အမျိုးသမီးများနှင့် ကျန်းမာရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေများ၊ အမျိုးသမီးများနှင့် စီးပွားရေး၊ အမျိုးသမီးများနှင့် ဆုံးဖြတ်ချက် ချမှတ်ရေး၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းယန္တရားများ၊ အမျိုးသမီးများနှင့် လူ့အခွင့်အရေး၊ အမျိုးသမီးများနှင့် မီဒီယာ၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များဆိုတဲ့ နယ်ပယ်များနဲ့ ထည့်သွင်းရေးဆွဲထားတာ ဖြစ်ပါတယ်။




ဒေါက်တာစန်းစန်းအေး
ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
အာဆီယံအမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် မှတ်ပုံတင်ကဏ္ဍ၏ အဖွဲ့ဝင်

၂၀၁၆ ခုနှစ်မှာ ပြင်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အထက်ပါ မဟာဗျူဟာစီမံကိန်း (NSPAW) (၂၀၁၃–၂၀၂၂) အကောင်အထည်ဖော်ဆောင်ရွက်မှုများအပေါ် လေ့လာဆန်းစစ်ချက် (NSPAW Mapping) ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးအတွက် National Mechanism အားကောင်းလာစေရန် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ (Prevention and Protection of Violence against Women Law– POVAW Law) နဲ့ အခြားသော ကျား၊ မ အခြေပြုအကြမ်းဖက်မှုနဲ့ သက်ဆိုင်တဲ့ ဥပဒေများရေးဆွဲခြင်း၊ အကြမ်းဖက်ခံရသည့် အမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာ (One Stop Women Support Center– OSWSC) တည်ထောင် ဖွင့်လှစ်ခြင်းနဲ့ Helpline စသည့် ဝန်ဆောင်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကဏ္ဍစုံတွင် ကျား၊ မ ရေးရာထည့်သွင်းဆောင်ရွက်ခြင်းအတွက် Gender Analysis ပြုလုပ်ခြင်း၊ သင်တန်းများပေးခြင်း၊ မီဒီယာနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ကျား/မ ရေးရာအား ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ရေး အစီအစဉ်များ ထည့်သွင်းရေးဆွဲထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MSDP) နှင့်အညီ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း Gender, CEDAW, NSPAW, UNSCR 1325 နှင့် Gender Based Violence အသိပညာပေး အစီအစဉ်များကို ဝန်ကြီးဌာနများ၊ ခရိုင် ၅၃ ခု၊ မြို့နယ် ၅၀ နှင့် အထက်တန်းကျောင်း ၇၅ ကျောင်းတို့တွင် ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင်အမျိုးသမီးတွေရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနဲ့ အမျိုးသမီးများ ခေါင်းဆောင်မှုမြှင့်တင်ရေးတို့အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ဦးဆောင်ဆောင်ရွက်မယ့် Project များဖြစ်တဲ့ “Enhancing Gender Responsive Treatment of Women Offenders and Women Prisoners in ASEAN” နဲ့ “Study on Women’s Political Participation and Leadership in ASEAN” တို့အတွက် National Coordinator အဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပညာရှင်များကို ခန့်အပ်တာဝန်ပေးဆောင်ရွက်လျက်ရှိပါတယ်။

တစ်ဆက်တည်းမှာပဲ အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးမှာ လူငယ်တွေ ပါဝင်ဆောင်ရွက်နိုင်စေရေးအတွက် Senior Official Meeting on Youth (SOMY) Focal Point အနေနဲ့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက် ရှိပါတယ်။ အာဆီယံလူငယ်ရေးရာကိစ္စရပ်များ၊ စေတနာ့ဝန်ထမ်း လူငယ်တွေ့ဆုံပွဲများသို့လည်း မြန်မာနိုင်ငံမှ လူငယ်များ၊ စေတနာ့ဝန်ထမ်းလူငယ်များ ပါဝင်တက်ရောက်လျက်ရှိပါတယ်။ ဒါ့အပြင် လူငယ်များအားလုံး ဖွံ့ဖြိုးတိုးတက်စေရေးနဲ့ ကဏ္ဍစုံ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လူငယ်ရေးရာမူဝါဒကို ၅–၁–၂၀၁၈ ရက်မှာ မိတ်ဆက်ဖြန့်ချိနိုင်ခဲ့ပါတယ်။ အဆိုပါမူဝါဒတွင် လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာကဏ္ဍများဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ မူးယစ်ဆေးနှင့် ဘေးဖြစ်စေတတ်သည့် အန္တရာယ်များ၊ အားကစားနှင့် အပန်းဖြေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း၊ စီးပွားရေး၊ နိုင်ငံရေး၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှု၊ သုတေသန၊ သိပ္ပံနှင့် နည်းပညာ၊ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေး၊ ကျား/မ တန်းတူညီမျှမှု၊ လူ့အခွင့်အရေးနှင့် နိုင်ငံတကာဆက်ဆံရေးတို့ ထည့်သွင်းရေးဆွဲထားရှိပါတယ်။

**မေး။** အာဆီယံရှိအစိုးရချင်းဆိုင်ရာ အဖွဲ့အစည်းများနှင့် အာဆီယံအစည်းအဝေးများမှတစ်ဆင့် အာဆီယံပြည်သူများထံသို့ မည်ကဲ့သို့ အကျိုးကျေးဇူးများဆောင်ကြဉ်းပေးနိုင်ပါသလဲ။

**ဖြေ။** အာဆီယံရှိ အစိုးရချင်းဆိုင်ရာအဖွဲ့အစည်းများနှင့် အာဆီယံအစည်းအဝေးများအား ဝန်ဆောင်မှုပေးသူများ (Service Providers) များဖြစ်တဲ့ နိုင်ငံဝန်ထမ်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း(NGOs)များ၊ အရပ်ဘက်အဖွဲ့အစည်း (CSOs)များမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခြင်းအားဖြင့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနဲ့ မသန်စွမ်းသူများအတွက် လူမှုဘဝလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ လူမှုရေးပညာရပ်များ၊ ကျား/မ တန်းတူညီမျှရေးကိစ္စရပ်များကို ပိုမိုသိရှိလာနိုင်ပြီး ၎င်းတို့ရဲ့ စွမ်းရည် ပိုမိုတိုးပွားလာပြီး ပြည်သူများအတွက် ဝန်ဆောင်မှုပေးရာတွင် ပိုမိုကောင်းမွန်စွာ ပံ့ပိုးပေးနိုင်မှာဖြစ်ပါတယ်။

အာဆီယံလုပ်ငန်းဆောင်တာတစ်ရပ်ဖြစ်တဲ့ အမျိုးသမီးများနှင့် ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေးနှင့် အခွင့်အရေးများ တိုးမြှင့်ရရှိစေရေးကို အထူးအလေးပေးဆောင်ရွက်နိုင်ပြီး အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်လာနိုင်ခြင်း၊ လူငယ်များ၏ ကာယ၊ ဉာဏမှအစ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အပံ့များစွာ ဖြစ်ထွန်းခြင်း အစရှိတဲ့ အကျိုးကျေးဇူးများ ရရှိစေမှာ ဖြစ်ပါတယ်။ ဒါတွေအပြင် အာဆီယံဒေသတွင်းရှိ အစိုးရများ၊ အဖွဲ့အစည်းများ ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် အန္တရာယ်ရှိလှသော ဒုစရိုက်နယ်ပယ်များဖြစ်တဲ့ လူကုန်ကူးခြင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ကုန်ကူးခြင်းတို့ကို အလွယ်တကူ တိုက်ဖျက်နိုင်ပြီး အာဆီယံဒေသတွင်းရှိ ပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ပြည်သူများ၏ လိုအပ်ချက်အလိုက် ပံ့ပိုးပေးနိုင်ပြီး လူသားအရင်းအမြစ် ပျက်စီးဆုံးရှုံးမှုတို့ကို ကာကွယ်ပေးနိုင်မှာဖြစ်သလို နယ်စပ်ဖြတ်ကျော်ကျူးလွန်သော ပြစ်မှုများကို အစိုးရချင်း ဆွေးနွေးအဖြေရှာခြင်းဖြင့် အကောင်းမွန်ဆုံးသော ဖြေရှင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ။

## လောက်ကိုင်မြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့

နေပြည်တော် ဩဂုတ် ၆

ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်မြို့၌ လုံခြုံရေးတာဝန်ထမ်းဆောင်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်ပွဲကို ဩဂုတ် ၅ ရက်က လောက်ကိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လောက်ကိုင်တပ်နယ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

သတင်းစဉ်

# ဘားအံမြို့၌ (၄၃) ကြိမ်မြောက် ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာပွဲတော်ကျင်းပ

ဘားအံ ဩဂုတ် ၇

**ကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ချည်ဖြူဖွဲ့မင်္ဂလာကို ဝါခေါင်လတိုင်း နှစ်စဉ်ဆင်ယင်ကျင်းပလေ့ရှိကြရာ ဩဂုတ် ၇ ရက်က (၄၃) ကြိမ်မြောက် ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာပွဲတော်ကို ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမတွင် စည်ကားသိုက်မြိုက်စွာ စုပေါင်းကျင်းပသည်။**

ဦးစွာ သဘာပတိ ဒေါ်နန်းမြင့်တင်က ချည်ဖြူဖွဲ့ မင်္ဂလာနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ကရင်ပြည်နယ်ခေတ္တဝန်ကြီးချုပ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်က ဝါခေါင်လရောက်တိုင်း လက်ကောက်ဝတ်တွင် ချည်ဖြူဖွဲ့ထုံး ချည်နှောင်သည့် ဓလေ့သည် မိသားစုများစည်းစည်းရုံးရုံးနှင့် ပြန်လည်တွေ့ဆုံခြင်း၊ လက်ရည်တစ်ပြင်တည်းဖြစ်ခြင်း၊ လူကြီးနှင့် လူငယ်ကြား နွေးနွေးထွေးထွေး ဆွေးနွေးတိုင်ပင်ကြခြင်းဖြင့် စည်းလုံးညီညွတ်မှုနှင့် ချစ်ခင်ရင်းနှီးမှုများ တိုးပွားရရှိစေကြောင်း၊ မိမိတို့၏ ရိုးရာဓလေ့ကို ထိန်းသိမ်းမြှင့်တင်ဖော်ထုတ်လိုသည့် အာသီသများဖြင့် ကရင်တိုင်းရင်းသား ရပ်မိရပ်ဖများ ဦးစီးဦးဆောင်၍ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာပွဲတော်ကို ကျင်းပနိုင်ခြင်းသည် ညီအစ်ကိုမောင်နှမအချင်းချင်း လက်တွဲညီညွတ်ပြီး ချစ်ခင်ရင်းနှီးကြသည့် ကျက်သရေ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ပွဲတော်ကြီးအဖြစ်ထင်ဟပ် ပေါ်လွင်စေကြောင်း ပြောကြားကာ ဆုတောင်းမေတ္တာပို့သသည်။

ထို့နောက်ကရင်တိုင်းရင်းသားလူငယ်မောင်မယ်များက ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ ဖြစ်ပေါ်လာပုံကို ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် ဖတ်ကြားပြီး ခေတ္တဝန်ကြီးချုပ် ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က ငွေကျပ်သိန်း ၇၀ ကို ပေးအပ်လှူဒါန်းရာ ပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက အလှူငွေထည့်ဝင်သူများအား ဂုဏ်ပြု မှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။

ယင်းနောက် ခေတ္တဝန်ကြီးချုပ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်၎င်းတို့၏ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကရင်ပြည်နယ် နယ်ခြားစောင့်တပ် ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီး စောချစ်သူနှင့် ငြိမ်းချမ်းရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကရင်တိုင်းရင်းသား ရပ်မိရပ်ဖများ၊ တိုင်းရင်းသား ပြည်သူများက အဘိုး၊ အဘွားများထံတွင် ချည်ဖြူဖွဲ့ ခံယူကြကြောင်း သိရသည်။ (အပေါ်ပုံ)



**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် (၅) နှစ် မှ (၁၂) နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၃၆၄၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၆၂၀ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၃၁၅၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ်အတွင်းရှိ ကျောက်တော်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၇၃ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကိုလေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေလေးစီးဖြင့် Mask (၃၂) တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၇ မှ*

ဒီလိုမျိုး အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို ထိပ်သီးအဆင့် အစည်းအဝေးတွေမှာ ချန်လှပ်ထားဖို့ ဆုံးဖြတ်လုပ်ဆောင်တဲ့ အာဆီယံနိုင်ငံအချို့ရဲ့ အဆင်အခြင်မဲ့ လုပ်ရပ်တွေဟာ အာဆီယံရဲ့ ထိရောက်မှုနဲ့ ပုံမှန်လုပ်ငန်းလည်ပတ်မှုတွေကို ဆိုးရွားစွာ အကျိုးသက်ရောက်စေပါတယ်။

ယနေ့အခါမှာ အာဆီယံအတွင်းကသာမက အာဆီယံပြင်ပကပါ အာဆီယံဟာ စည်းလုံးညီညွတ်မှုပျက်ပြားနေပြီး အာဆီယံဗဟိုကျမှုအပေါ် အကြီးအကျယ်ထိခိုက်လျက်ရှိနေတယ်ဆိုတဲ့ ဝေဖန်သုံးသပ်မှုတွေ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လျက် ရှိနေပါတယ်။ အာဆီယံဟာ အာဆီယံဗဟိုပြု ဒေသဆိုင်ရာဗိသုကာပုံစံ၊ အာဆီယံဦးဆောင်တဲ့ ယန္တရားတွေနဲ့ အာဆီယံအသိုက်အဝန်း တည်ထောင်ခြင်းဆိုင်ရာ ရည်မှန်းချက်တွေ၊ ဦးတည်ချက်တွေကို ချမှတ်ထားပြီးဖြစ်ပါတယ်။ ယင်းရည်မှန်းချက်တွေကို အာဆီယံတစ်နိုင်ငံချင်း၊ အာဆီယံအုပ်စုတစ်စုချင်းက ဆောင်ရွက်လို့မရနိုင်ဘဲ အာဆီယံနိုင်ငံအားလုံး စည်းစည်းလုံးလုံး ဟန်ချက်ညီညီနဲ့ လက်တွဲပြီးဆောင်ရွက်မှသာ ရည်မှန်းချက်ပန်းတိုင်တွေကို လွယ်ကူလျင်မြန်စွာ ရောက်ရှိနိုင်မှာဖြစ်ပါတယ်။

ဒီလိုအချက်တွေကြောင့် အာဆီယံနိုင်ငံတွေအကြား ယုံကြည်မှုတည်ဆောက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနဲ့ နိုင်ငံရေးအသိစိတ်ဓာတ်အပြည့်နဲ့ ဆွေးနွေးညှိနှိုင်းခြင်းတို့ကို ပိုပြီးမြှင့်တင်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ပြည်တွင်းရေးကိစ္စတွေကို နိုင်ငံတကာရေးရာနဲ့ ဒေသတွင်းရေးရာကိစ္စရပ်အဖြစ် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် လုပ်ဆောင်သွတ်သွင်းခြင်းနဲ့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အစည်းအဝေးတွေမှာ လက်ညှိုးထိုး အပြစ်တင်ဝေဖန်နေကြမယ့်အစား ပြည်တွင်းရေး ဝင်ရောက်မစွက်ဖက်ရေးမူကို လေးစားလိုက်နာကြပြီး မတူညီမှုတွေကို တိုင်ပင်ဆွေးနွေးခြင်းနဲ့ တူညီဆန္ဒရရှိဖို့ အာဆီယံလမ်းစဉ်၊ အာဆီယံစိတ်ဓာတ်နဲ့ အဖြေရှာကာ အာဆီယံစုစည်းညီညွတ်မှုကို ထိန်းသိမ်းကြရမှာဖြစ်ပါတယ်။

မေး။ လက်ရှိအခြေအနေမှာ ကမ္ဘာ့ပထဝီနိုင်ငံရေး ယှဉ်ပြိုင်မှုတွေ ဖြစ်ပေါ်နေလျက်ရှိရာ အာဆီယံအနေနဲ့ ပြင်ပဖိအားတွေနဲ့ လွှမ်းမိုးမှုတွေကို မည်ကဲ့သို့ ဆက်လက်ပြီး ကြံ့ကြံ့ခံနိုင်စွမ်းရှိအောင် ဆောင်ရွက်သင့်ပါသလဲ။

**ဖြေ။** ပထဝီနိုင်ငံရေး ယှဉ်ပြိုင်မှုတွေဟာ ကျွန်တော်တို့ဒေသ ရင်ဆိုင်နေရတဲ့ နောက်ထပ်စိန်ခေါ်မှုတစ်ခုပဲ ဖြစ်ပါတယ်။ ဒေသတွင်း လုံခြုံရေးဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းတွေ ဖွဲ့စည်းခြင်း၊ လက်နက်တွေ အပြိုင်အဆိုင် တပ်ဆင်ခြင်း ကိစ္စရပ်တွေဟာ အလွန်ပင် စိုးရိမ်ဖွယ်ရာကောင်းလှပါတယ်။ ကမ္ဘာ့နိုင်ငံကြီးတွေအကြား ပြိုင်ဆိုင်မှုတွေ ပြင်းထန်လာတဲ့အတွက် အာဆီယံနိုင်ငံအချို့ဟာ ဘက်ရွေးချယ်မှုပြုလာနိုင်တယ်ဆိုတဲ့ စိုးရိမ်မှုတွေ၊ သုံးသပ်မှုတွေ ထွက်ပေါ်နေပါတယ်။

အာဆီယံအနေနဲ့ ကမ္ဘာ့နိုင်ငံကြီးတွေအကြား ပဋိပက္ခဖြစ်ပွားရာ နယ်မြေဒေသတစ်ခုအဖြစ် ကျရောက်သွားလို့မရပါဘူး။ ဒါကြောင့် အာဆီယံနိုင်ငံတွေအနေနဲ့ အာဆီယံဗဟိုကျမှုနဲ့ အာဆီယံစည်းလုံးညီညွတ်မှုကို အရင်းပြုပြီး ပြင်ပအင်အားကြီးနိုင်ငံတွေရဲ့ သွေးထိုးချယ်လှယ်ခြင်းမခံရအောင် ရှောင်လွှဲကြဖို့ အလွန်ပင်အရေးကြီးပါတယ်။ ဒါကြောင့် အာဆီယံအနေနဲ့ အာဆီယံပဋိညာဉ်စာတမ်း၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ အရှေ့တောင်အာရှ နျူကလီးယား လက်နက်ကင်းစင်ရေးဇုန်စာချုပ်နှင့် အာဆီယံ၏ အင်ဒို-ပစိဖိတ်အမြင်ပါ အခြေခံမူများနှင့် စံနှုန်းများကို မြှင့်တင်ဖို့အတွက် ပိုမိုအားစိုက်လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။

အာဆီယံအနေနဲ့ ပြင်ပနိုင်ငံတွေနဲ့ ဆက်ဆံရာမှာ ဘက်လိုက်မှုမရှိစေရေး၊ အာဆီယံဗဟိုကျမှုကို အပြောသက်သက်၊ စာရွက်ပေါ်သက်သက်မဟုတ်ဘဲ တကယ့်လက်တွေ့ မြှင့်တင်ဆောင်ရွက်ရန်လိုအပ်ပြီး အာဆီယံဦးဆောင်တဲ့ ယန္တရားတွေကို ပိုမိုခိုင်မာစေရေးဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ပို၍ပဓာနကျတဲ့အချက်က နိုင်ငံရေးကိစ္စရပ်တွေမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေ အပြည့်အစုံမပါရှိဘဲ "အာဆီယံအနုတ် ဖော်မြူလာ" ကဲ့သို့ လွဲမှား၍ အကျိုးမရှိတဲ့ မူတွေကို အဆိုပြုဆောင်ရွက်မယ့်အစား အာဆီယံတူညီဆန္ဒနဲ့ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ မူဝါဒချမှတ်ခြင်းကိုသာ ဆက်လက် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

နိုင်ငံကြီးအချို့ရဲ့ ပြည်ပစွက်ဖက်မှုတွေကြောင့် အကျိုးဖြစ်ထွန်းသည်ကို တွေ့မြင်ခဲ့လှပြီး ယင်းအစား သက်ဆိုင်ရာနိုင်ငံရှိ ပြည်သူတွေအကြား စိတ်ဝမ်းကွဲပြားကာ လက်နက်ကိုင်ပဋိပက္ခတွေ ရှည်ကြာပြီး ငြိမ်းချမ်းတည်ငြိမ်မှု မရရှိကြောင်းသာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ယင်းအချက်ကို သက်သေထူနေတဲ့ ယခင်သာဓကများစွာ သုံးသပ်တွေ့ရှိရမှာဖြစ်ပါတယ်။

အာဆီယံအနေနဲ့ ပြင်ပဆက်ဆံရေး၊ အထူးသဖြင့် ကမ္ဘာ့နိုင်ငံကြီးတွေနဲ့ ဆက်ဆံရေးမှာ အထူးကောင်းမွန်ပြီးဖြစ်တဲ့အတွက် နိုင်ငံကြီးများအကြား ယှဉ်ပြိုင်မှုတွေကို ပူးပေါင်းဆောင်ရွက်မှုတွေအဖြစ် ပြောင်းလဲပေးနိုင်တဲ့ အခြေအနေကောင်းတွေ အာဆီယံမှာ ရှိနေတာကို ထပ်လောင်းပြောကြားလိုပြီး ရှိပြီးအာဆီယံရဲ့ ကောင်းမွန်တဲ့ "မူ" တွေနဲ့ စိတ်ဓာတ်၊ နည်းလမ်းတွေကို ဆုပ်ကိုင်ထားသင့်ပါကြောင်း ပြောကြားလိုပါတယ်။




# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Past Participle (V3) နဲ့ Present Participle (Ving) ကိုဘယ်လိုမျိုးအကူကြိယာတွေနဲ့ တွဲသုံးရမလဲဆိုတာတွေကို နားလည်ရလွယ်ကူအောင်ဖော်ပြပေးလိုက်ပါတယ်။ ဒ့ါအပြင် စကားပြောပိုင်းမှာလည်း "Shortest way to talk about your vacation–1" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အီဒီယံ စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ပြည့်ပြည့်စုံစုံ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် Grammar အပိုင်းမှာတော့ Past Participle (V3) ကို ဘယ်အကူကြိယာနဲ့ တွဲသုံးရမလဲဆိုတာတွေ၊ Present Participle (Ving) ကို ဘယ်လိုမျိုးအကူကြိယာနဲ့ တွဲသုံးရမလဲဆိုတာတွေကို နားလည်ရလွယ်ကူအောင် ဖော်ပြပေးလိုက်ပါတယ်။

#### Past Participle Verb (V3)

Past Participle (V3) ကို အသုံးပြုသည့်အခါ အကူကြိယာဖြစ်သည့် Verb to have နှင့်တွဲသုံးရမည်။ ကိန်း (number)၊ လူပုဂ္ဂိုလ် (person)၊ ကာလ (tense) တို့နှင့်လိုက်ပြီး Verb to have ပြောင်းလဲပုံကိုအောက်တွင် ဖော်ပြထားသည်။

#### Past Participle Verb (V3) with number, person and tense

**For Present Tense**

| Person | Singular Number | Plural Number |
|---|---|---|
| 1st Person | I have. | We have. |
| 2nd Person | You have. | You have. |
| 3rd Person | He has.<br>She has.<br>It has.<br>A boy has.<br>A cat has. | They have.<br>Boys have.<br>Cats have. |

**For Past Tense**

| Person | Singular Number | Plural Number |
|---|---|---|
| 1st Person | I had. | We had. |
| 2nd Person | You had. | You had. |
| 3rd Person | He had.<br>She had.<br>It had.<br>A boy had.<br>A cat had. | They had.<br>Boys had.<br>Cats had. |

**For Future Tense**

| Person | Singular Number | Plural Number |
|---|---|---|
| 1st Person | I shall have. | We shall have. |
| 2nd Person | You will have. | You will have. |
| 3rd Person | He will have.<br>She will have.<br>It will have.<br>A boy will have. | They will have.<br>Boys will have. |

**Examples:**

| | |
|---|---|
| I have gone to school. | (Present Perfect) |
| You have gone to school. | (Present Perfect) |
| He has gone to school. | (Present Perfect) |
| They have gone to school. | (Present Perfect) |
| I had gone to school. | (Past Perfect) |
| He had gone to school. | (Past Perfect) |
| I shall have gone to school. | (Future Perfect) |
| He will have gone to school. | (Future Perfect) |

#### Present Participle Verb (Ving)

Present Participle Verb (Ving) ကိုအသုံးပြုသည့်အခါ အကူကြိယာဖြစ်သည့် Verb to Be နှင့် တွဲသုံးရမည်။ ကိန်း (number)၊ လူပုဂ္ဂိုလ် (person)၊ ကာလ (tense) တို့နှင့်လိုက်ပြီး Verb to Be ပြောင်းလဲပုံကို အောက်တွင်ဖော်ပြလိုက်သည်။

#### Present Participle Verb (Ving) with number, person and tense

**For Present Tense**

| Person | Singular Number | Plural Number |
|---|---|---|
| 1st Person | I am. | We are. |
| 2nd Person | You are. | You are. |
| 3rd Person | He is.<br>She is.<br>It is.<br>A boy is.<br>A dog is. | They are.<br>Boys are.<br>Dogs are. |

**For Past Tense**

| Person | Singular Number | Plural Number |
|---|---|---|
| 1st Person | I was. | We were. |
| 2nd Person | You were. | You were. |
| 3rd Person | He was.<br>She was.<br>It was.<br>A boy was.<br>A dog is. | They were.<br>Boys were. |

**For Future Tense**


| Person | Singular Number | Plural Number |
|---|---|---|
| 1st Person | I shall be. | We shall be. |
| 2nd Person | You will be. | You are. |
| 3rd Person | He will be.<br>She will be.<br>It will be.<br>A boy will be. | They will be.<br>Boys will be. |

## VOCABULARY (IDIOM)

1. in cold blood (သွေးအေးအေးဖြင့်၊ ရက်ရက်စက်စက်၊ တမင်သက်သက်)
   He murdered the old man **in cold blood**.
2. blood is thicker than water (အရေးကြီးတော့သွေးနီးသည်)
   When my best friend and my brother got in a fight I had to help my brother; **blood is thicker than water.**
3. in the same boat (တစ်လှေတည်းစီး၊ အတူတူ)
   She and I are **in the same boat**—we both failed the exam.
4. to have a bone to pick (စာရင်းရှင်းစရာရှိသည်)
   I've got **a bone to pick** with you. Where's the money I lent you last week?
5. a book worm (စာကြွမ်းပိုး)
   She's a bit of **a bookworm**.

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about your vacation in English– 1

**ဒီတစ်ပတ်မှာတော့ အားလပ်ရက်နဲ့ပတ်သက်ပြီး ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about your vacation–1" ဆိုပြီးဖော်ပြလိုက်ပါတယ်။ ဒီတစ်ခါမှာတော့ Sophie၊ Lucus၊ Rosy နဲ့ Rebecca တို့တစ်ဦးချင်းစီရဲ့ Vacation နဲ့ပတ်သက်ပြီး တင်ပြ ပြောဆိုထားတာတွေကို ဖော်ပြပေးထားပါတယ်။**

**I went to …**

၁။ ဒီနေရာမှာ went to ကတော့ အားလပ်ရက် ခရီးသွားခဲ့တယ်လို့ ပြောလိုက်တာ ဖြစ်ပါတယ်။ ဥပမာ –

- I went to the countryside with my family for a couple of weeks.

**We hung out …**

၂။ အေးအေးလူလူ လှည့်ပတ်သွားတယ်၊ အချိန်ကုန်ဆုံးစေတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ပြောချင်ရင်တော့ hang out နဲ့ ပြောနိုင်ပါတယ်။ ဒီနေရာမှာ past tense နဲ့ပြောထားတာဖြစ်တဲ့အတွက် hung out နဲ့သုံးထားတာကို တွေ့ရမှာဖြစ်ပါတယ်။ ဥပမာ–

- We also just hung out in the village, playing cards and eating.

**We hit the beaches …**

၃။ ကမ်းခြေကို သွားတယ်ဆိုရင်တော့ ကျွန်တော်တို့တွေ hit the beaches နဲ့ ပြောနိုင်ပါတယ်။

- we hit the beaches in Krabi for some sun, swimming and cocktails!

**did some sightseeing …**

၄။ ရှုမျှော်ခင်းတွေ ကြည့်တယ်ဆိုရင်တော့ do sightseeing နဲ့ ပြောလေ့ရှိပါတယ်။ ဥပမာ–

- We did some sightseeing in Bangkok: the Grand Palace, Wat Pho and so on.

**went on walking tour …**

၅။ လမ်းလျှောက်ကြည့်တယ်ဆိုတဲ့ သဘောမျိုး ပြောချင်ရင်တော့ go on walking tour ဆိုပြီး ပြောနိုင်ပါတယ်။ ဥပမာ –

- We went on a walking tour of the centre and the Vatican.

**sampled as much of the local cuisines**

၆။ မစားဖူးတဲ့အစားအစာကိုစမ်းစားကြည့်တယ် ဆိုရင်တော့ sample နဲ့သုံးပါတယ်။ ဒီနေရာမှ local cuisines ဆိုတာကတော့ ဒေသထွက်ဟင်းလျာတွေကို ပြောတာဖြစ်ပါတယ်။ ဥပမာ –

- we went to restaurants and cafes and sampled as much of the local cuisines as we could fit in our stomachs!

**It was one of the most special times I've had …**

၇။ ဒီပုံစံကိုတော့ ဘဝမှာ တစ်ကြိမ်တစ်ခါ တွေ့ကြုံခဲ့ဖူးတယ်၊ လုပ်ခဲ့ဖူးတယ် စသည်ဖြင့် အဲလိုအဓိပ္ပာယ်မျိုးသက်ရောက်စေချင်ရင် သုံးနိုင်ပါတယ်။ ဥပမာ–

- It was one of the most special times I've had in my life.

**Vacation**

**Sophie:** *I went to the countryside with my family for a couple of weeks.* Mostly, we went hiking in the hills and mountains nearby. *We also just hung out in the village, playing cards and eating.*

**Lucus:** I went to Thailand with a group of friends for ten days. *We did some sightseeing in Bangkok: the Grand Palace, Wat Pho and so on.* Then *we hit the beaches in Krabi for some sun, swimming and cocktails!*

**Rosy:** My boyfriend and I went to Rome for a long weekend. *We went on a walking tour of the centre and the Vatican.* Mostly, we went to restaurants and cafes and *sampled as much of the local cuisines as we could fit in our stomachs!*

**Rebecca:** Hello, I'd like to share with everybody the great time that I had on my last vacations. I went to Conchal Beach with my friends. We stayed at a small hotel right in front of the beach. The first day we were there we took surfing lessons, my friends and I had so much fun hanging out at the beach. There was another beach nearby, probably a five–minute walk and you are in Brasilito beach. We watched the sunset and we set a fire at night. We spent most of three days in the beach and we usually went to club at night located in a place called Tamarindo. There is a beach in Tamarindo too. *It was one of the most special times I've had in my life.*

**Vacation နဲ့ ပတ်သက်ပြီး မေးမြန်းလေ့ရှိတဲ့ မေးခွန်းများ**

Where did you go for your last vacation?
Who did you go with?
How long did you stay there?
What do you like doing on holiday?
Do you prefer more active holiday?
How do you spend your time on holiday?

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ကမ္ဘောဒီးယားနှင့် တီမောလက်စ်တေနိုင်ငံတို့ကြား နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ကတိပြု

**ဖနောင်ပင် ဩဂုတ် ၇**

ကမ္ဘောဒီးယားနှင့် တီမောလက်စ်တေနိုင်ငံတို့သည် ကုန်သွယ်ရေးနှင့် ခရီးသွားလာရေး ကဏ္ဍတွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့်ပတ်သက်ပြီး ဩဂုတ် ၆ ရက်တွင် ကတိကဝတ်ပြုခဲ့ကြကြောင်း ကမ္ဘောဒီးယားနိုင်ငံမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ပရာခ်ဆုခ်ခွန်းနှင့် တီမောလက်စ်တေနိုင်ငံခြားရေးဝန်ကြီး အဒယ်ဂျီဇာအယ်ဘာတီနာ ဇာဗီယာရိစ်မန်ဂိုတို့ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ (၅၅)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး ပြင်ပ၌ တွေ့ဆုံစဉ် အဆိုပါအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်ပြီး ကတိကဝတ်ပြုခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ချန်ဆွန်နရီက ပြောသည်။

ပုံမှန်တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် နှစ်နိုင်ငံကြား ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းအောင် လုပ်ဆောင်ရန် လိုအပ်ကြောင်း အလေးပေးဆွေးနွေးခဲ့ကြကြောင်း၊ ထို့အပြင် နှစ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများသည် တီမောလက်စ်တေသမ္မတ ဂျို့စ် ရာမို့စ်ဟော်တာ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ခရီးစဉ်အတွက် သင့်လျော်မည့် ရက်စွဲနှင့် ပြင်ဆင်မှုများအတွက်လည်း ဆွေးနွေးခဲ့ကြကြောင်း၊ ယခုနှစ်တွင် နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေး နှစ် (၂၀) ပြည့် အထိမ်းအမှတ် အခမ်းအနားအချို့ကျင်းပရန်အတွက်လည်း သဘောတူခဲ့ကြကြောင်း ဆွန်နရီက ပြောသည်။

ဆင်ဟွာ



တီမောလက်စ်တေ နိုင်ငံခြားရေးဝန်ကြီး အဒယ်ဂျီဇာအယ်ဘာတီနာ ဇာဗီယာရိစ်မန်ဂိုနှင့် ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ပရာခ်ဆုခ်ခွန်းတို့ တွေ့ဆုံစဉ်။

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၄၆၈၄ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဩဂုတ် ၇**

မလေးရှားနိုင်ငံ၌ ဩဂုတ် ၆ ရက် သန်းခေါင်ယံအချိန်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၄၆၈၄ ဦး တွေ့ရှိရာ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်း ၄၇၀၅၈၂၄ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ရောဂါကူးစက်ခံရသူများအနက် ပြည်ပပြန်ကူးစက်ခံရသူ ငါးဦးရှိရာ စုစုပေါင်း ပြည်ပပြန်ကူးစက်ခံရသူ ၄၆၇၉ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်မှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၁ ဦး ရှိသောကြောင့် စုစုပေါင်းသေဆုံးသူ ၃၆၀၂၀ ရှိလာပြီဖြစ်သည်။

မလေးရှားနိုင်ငံ၌ ရောဂါကူးစက်ခံပြီး ပြန်လည်ကျန်းမာလာသူ ၄၂၇၅ ဦးရှိပြီး ပြန်လည်ကျန်းမာလာသူ စုစုပေါင်းမှာ ၄၆၂၉၀၀ ရှိလာပြီဖြစ်သည်။ မလေးရှားနိုင်ငံ၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူ ၄၆၉၀၄ ဦးရှိသည်။ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေသူ ၅၆ ဦးရှိပြီး ၃၅ ဦးမှာ အသက်ရှူအထောက်အကူပြု ကိရိယာများ လိုအပ်နေကြောင်း သိရသည်။

မလေးရှား နိုင်ငံတစ်ဝန်း ဩဂုတ် ၆ ရက် တစ်ရက်တည်းတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံးရေ ၇၈၁၆ လုံး ထိုးနှံပေးခဲ့ခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးသူ လူဦးရေမှာ ၈၆ ရာခိုင်နှုန်းရှိပြီး ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးသူ ၈၄ ဒသမ ၁ ရာခိုင်နှုန်း၊ ပထမအကြိမ် အပိုဆောင်း ကာကွယ်ဆေး ထိုးနှံပြီးသူ အရေအတွက်မှာ ၄၉ ဒသမ ၆ ရာခိုင်နှုန်းနှင့် ဒုတိယအကြိမ် အပိုဆောင်း ကာကွယ်ဆေးထိုးနှံပြီးသူ အရေ အတွက်မှာ ၁ ဒသမ ၂ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

ဆင်ဟွာ



မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ စစ်ဆေးရန် ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

# အာဖဂန်နစ္စတန်နိုင်ငံ၌ ကာလဝမ်းရောဂါကြောင့် ၁၂ ဦးထက်မနည်း သေဆုံး

**ရှိဘာဂန် ဩဂုတ် ၇**

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ဂျော့ဇ်ဇန်ပြည်နယ်တွင် ဖွန်လအလယ်ပိုင်းမှ စတင်ကာ ကာလဝမ်းရောဂါ ကူးစက်ဖြစ်ပွားသူ ၁၈၀၀၀ ကျော်ရှိပြီး ၁၂ ဦးထက်မနည်း သေဆုံးကြောင်း ပြည်နယ် ကျန်းမာရေး တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၇ ရက်တွင် ပြောသည်။

မသန့်ရှင်းသော သောက်သုံးရေ သုံးစွဲမိခြင်းနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ရယူရန် အားနည်းခြင်းတို့ကြောင့် လူပေါင်း ၁၈၀၀၀ ကျော် ကာလဝမ်းရောဂါ ကူးစက်ခံရခြင်းဖြစ်ကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးဌာနမှ ခေတ္တညွှန်ကြားရေးမှူး အက်ဒူလ်ဂါနီ ဆာမင် က သတင်းထောက်များကို ပြောသည်။

ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) မှ ငွေကြေးပံ့ပိုးကူညီမှုနှင့်အတူ ဒေသတွင်း အာဏာပိုင်များသည် အဆိုပါ ပြည်နယ်တွင် ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေကို ဖြေရှင်းဆောင်ရွက်ရန်အတွက် တုံ့ပြန်ရေးအဖွဲ့ ငါးဖွဲ့ ထူထောင်ထားကြောင်း ၎င်းက ဆက်ပြောသည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ နေ့စဉ်ပိုးတွေ့ရှိမှု ယခင်ရက်ကထက် ကျဆင်းလာ

**နယူးဒေလီ ဩဂုတ် ၇**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၁၈၇၃၈ ဦး စစ်ဆေး တွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါရောဂါ ကူးစက်ဖြစ်ပွားသူ စုစုပေါင်း ၄၄၁၄၅၇၃၂ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ဩဂုတ် ၇ ရက် နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက်အလက်အရ သိရသည်။

အဆိုပါ ကူးစက်ခံရမှု ပမာဏသည် ယခင်ရက်က ကူးစက်မှုပမာဏထက် လျော့နည်းကျဆင်းလာကြောင်းနှင့် ထပ်မံကူးစက်ခံရသူများကြောင့် အိန္ဒိယနိုင်ငံတွင် ပိုးတွေ့ဆဲလူနာ အရေအတွက် ၁၃၄၉၃၃ ဦးရှိလာကြောင်း သိရသည်။ ထို့အပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၄၀ ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၅၂၆၆၈၉ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ဆင်ဟွာ

## နောက်ဆုံးရနိုင်ငံတကာသတင်းတိုများ

### ပါကစ္စတန်နိုင်ငံ၌ ယာဉ်မတော်တဆမှုဖြစ်ပွား ၁၁ ဦးသေဆုံး၊ ၂၄ ဦး ဒဏ်ရာရရှိ

ပါကစ္စတန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ယာဉ်မတော်တဆမှု နှစ်ခုဖြစ်ပွားရာ စုစုပေါင်း ၁၁ ဦးသေဆုံးပြီး ၂၄ ဦး ဒဏ်ရာရရှိကြောင်း ဩဂုတ် ၇ ရက်တွင် ဒေသတွင်းမီဒီယာက ဖော်ပြချက်အရ သိရသည်။ ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ် ဟာဖီဇာဘတ် ခရိုင်၌ ဘတ်စ်ကားတစ်စီးတိမ်းမှောက်ပြီး မြောင်းထဲပြုတ်ကျမှုဖြစ်ပွားကာ ၁၀ ဦးထက်မနည်း သေဆုံးပြီး ၂၀ ဒဏ်ရာရရှိကြောင်း သိရသည်။ အလားတူ မတော်တဆမှု ဖြစ်ပွားရခြင်းမှာ အရှိန်လွန် မောင်းနှင်မှုကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး နီးလွန်တောင်ကြားတွင် ကားတစ်စီးက တိုက်မိပြီးနောက် ကားသုံးစီးတိမ်းမှောက်ကာ လူတစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိကြောင်း သိရသည်။ ဆင်ဟွာ

### ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၁၃၈၁ ဦးတွေ့ရှိ

ဗီယက်နမ်နိုင်ငံ၌ ဩဂုတ် ၇ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၁၃၈၁ ဦးရှိပြီး ယမန်နေ့ကထက် ၂၂၈ ဦးလျော့နည်းလာကြောင်း၊ အဆိုပါကူးစက်ခံရသူများမှာ ဒေသတွင်း ကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်းအရေအတွက်မှာ ၁၁၃၄၇၅၁၈ ဦးရှိပြီဖြစ်သည်။ ဩဂုတ် ၇ ရက်တွင် အဆိုပါရောဂါကြောင့် ထပ်မံသေဆုံးသူမရှိဘဲ နိုင်ငံအတွင်းကိုဗစ်-၁၉ ကြောင့် သေဆုံးသူ စုစုပေါင်း ၄၃၀၉၄ ဦးရှိပြီဖြစ်သည်။ ယခုအချိန်အထိ တစ်နိုင်ငံလုံးတွင် ကိုဗစ်-၁၉ လူနာပေါင်း ၉၉၇၃၁၂၂ ဦး သို့မဟုတ် ရောဂါကူးစက်ခံရသူ စုစုပေါင်း၏ ၈၈ ရာခိုင်နှုန်းနီးပါးသည် ပြန်လည်ကောင်းမွန်လာပြီဖြစ်သည်။ ဆင်ဟွာ

### နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၃၀၂ ဦး ထပ်မံတွေ့ရှိ

နယူးဇီလန်နိုင်ငံ၌ ဩဂုတ် ၇ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၃၀၂ ဦး ထပ်မံတွေ့ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ လက်ရှိတွင် ဩဂုတ် ၇ ရက်အထိ နယူးဇီလန်နိုင်ငံ၌ ဆေးရုံတက်ရောက် ကုသမှုခံယူနေသူ ၆၀၆ ဦးရှိပြီး ၁၆ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရကြောင်း သိရသည်။ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူများအနက် ၂၂၀ မှာ ပြည်ပပြန် ကူးစက်ခံရသူများဖြစ်သည်။ နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ စတင်ဖြစ်ပွားသည့် အချိန်မှစကာ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၆၄၂၄၇၈ ဦးရှိပြီဖြစ်သည်။ အဆိုပါရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၆၃၈ ဦးရှိပြီဖြစ်သည်။ ဆင်ဟွာ



ဩဂုတ် ၆ ရက်တွင် ဂါဇာမြို့၌ လေကြောင်းတိုက်ခိုက်မှုတစ်ခု ဖြစ်ပွားပြီးနောက် ပါလက်စတိုင်း နေအိမ် အပျက်အစီးများကို တွေ့ရစဉ်။

# အစ္စရေးနှင့် ပါလက်စတိုင်း လေကြောင်းတိုက်ခိုက်မှုများကြားက တုန်လှုပ်ဖွယ် အကြောက်တရားများ

နွယ်နီလင်း

ဂါဇာမြို့ အနောက်ဘက်ပိုင်းရှိ တဲလ်ဟာဝါ ရပ်ကွက်တွင် နေထိုင်သည့် အသက် ၁၀ နှစ်အရွယ် ပါလက်စတိုင်းမိန်းကလေး အက်စ်မာ အယ်လ် နစ်ဂျာသည် ၎င်းတို့၏ နေအိမ်နှင့်ကပ်လျက်ရှိ တိုက်ခန်းတစ်ခန်းကို အစ္စရေးတိုက်လေယာဉ်များက ဗုံးကြဲလိုက်ပြီးနောက် ၎င်း၏ စိတ်သန္တာန်တွင် ကြောက်ရွံ့ထိတ်လန့်မှုများသာ လွှမ်းမိုးနေခဲ့သည်။ နောက်ဆုံးရရှိသည့်အချက်အလက်များအရ ဩဂုတ် ၅ ရက်က စတင်ခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုများအတွင်း အဆောက်အအုံများစွာ ထိခိုက်ပျက်စီးသွားခဲ့ပြီး ကလေးခြောက်ဦးအပါအဝင် ထိခိုက်ဒဏ်ရာရရှိသူ ၂၆၅ ဦးရှိပြီဖြစ်ကြောင်း ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသည့် ပါလက်စတိုင်း ကျန်းမာရေး အာဏာပိုင်များက ဆိုသည်။

ယခုအကြိမ် တိုက်ခိုက်မှုများသည် ပြီးခဲ့သည့်နှစ်အတွင်း ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများအပြီး အဆိုးရွားဆုံးအခြေအနေတွင်ရှိပြီး ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်း ၂ ဒသမ ၃ သန်းခန့် ဘေးလွတ်ရာ ဒုံးကျည်အကာအကွယ်များအောက်တွင်သာ နေထိုင်နေကြရသည်။

အနောက်နိုင်ငံအများအပြားက အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားသော အီရန်ကျောထောက်နောက်ခံပြု အဖွဲ့အစည်းတစ်ခုဖြစ်သည့် အစ္စလာမ့်စ်ဂျီဟတ်အဖွဲ့အား အစ္စရေးဘက်မှ လေကြောင်းဗုံးကြဲ တိုက်ခိုက်မှုများနှင့်အတူ ဒုံးကျည် ၅၀၀ ကျော်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးဘက်မှ ဂါဇာကမ်းမြောင်ဒေသရှိ အစ္စလာမ့်စ်ဂျီဟတ်အဖွဲ့၏ စစ်ဘက်ဆိုင်ရာ ထိပ်တန်း ခေါင်းဆောင်ဖြစ်သူကို ရှင်းလင်းနိုင်ခဲ့ကြောင်းနှင့် စစ်ဆင်ရေးကို လိုအပ်သလို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ယာရ်လာပစ် က ဩဂုတ် ၇ ရက်တွင် ကတိပြုပြောကြားသည်။

ဟားမားစ် ဦးစီးသည့် အစ္စလာမ့် ဂျီဟတ်အဖွဲ့က ဂါဇာရှိ ၎င်းတို့၏ အစ္စလာမ့်စ်ဂျီဟတ်အဖွဲ့များသည် တစ်သားတည်းစည်းလုံးညီညွတ်သည်ဟု ကြွေးကြော်ခဲ့ကြပြီး တိုက်ခိုက်မှုများအတွင်း လူပေါင်း ၃၁ ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း ဩဂုတ် ၇ ရက်တွင် ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

အစ္စလာမ့်စ်ဂျီဟတ်အဖွဲ့မှ ပစ်လွှတ်လိုက်သည့် ဒုံးကျည်ကြောင့် ဂါဇာမြောက်ပိုင်း၊ ဂျာဘာလီယာတွင် ကလေးငယ်အများအပြား သေဆုံးမှုအတွက် လုံးဝတာဝန်ယူရမည်ဖြစ်ပြီး ငြင်း၍မရနိုင်သည့် သက်သေအထောက်အထားများစွာရရှိထားကြောင်း အစ္စရေးဘက်ကလည်း ဩဂုတ် ၆ ရက်က ပြန်လည်တုံ့ပြန်လိုက်သည်။

"ကျွန်တော်တို့ လမ်းပေါ်မှာ ထိုင်နေတုန်းမှာပဲ ရုတ်တရက်ပေါက်ကွဲမှုဖြစ်တာကို တွေ့လိုက်ရတယ်။ အဲဒီနောက် ပြေးရင်းလွှားရင်းနဲ့ ပေါက်ကွဲမှုဖြစ်တဲ့နေရာရဲ့ မြေပြင်ပေါ်မှာ စုတ်ပြတ်နေတဲ့ ကလေးငယ်အလောင်းတွေကို တွေ့လိုက်ရတယ်"ဟု ဂျာဘာလီယာ ပေါက်ကွဲမှုအနီးတွင် ရှိနေသူ မိုဟာမက် အဘူ ဆာဒါးက ဆိုသည်။

## ပစ်မှတ်ထားတိုက်ခိုက်

အစ္စလာမ့် ဂျီဟတ်စခန်း ၁၃၉ ခုကို အစ္စရေးဘက်မှ တိုက်ခိုက်နိုင်ခဲ့ပြီး ဂါဇာဘက်ရှိ စစ်သွေးကြွများဘက်မှနေပြီး အစ္စရေးနိုင်ငံအတွင်းသို့ ဖြတ်ကျော်လာသော ဒုံးကျည် ၄၇၀ ကို ပစ်ချနိုင်ခဲ့သည်။ နောက်ထပ်ဒုံးကျည် ၁၁၅ စင်းမှာ နယ်မြေအတွင်း ကျရောက်ခဲ့သည်။

အစ္စလာမ့်စ်ဂျီဟတ်၏ စစ်ဘက်မှ အယ်လ်ကွတ်ဒ်တပ်ဖွဲ့က ဂျေရုဆလင်ကို ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း ဝန်ခံခဲ့ပြီး ပစ်ခတ်ချိန်တွင် ဥဩဆွဲသံများနှင့် ပေါက်ကွဲသံများ ကြားနေရသည်ဟု ဆိုသည်။

အစ္စရေးက ၎င်းတို့၏ Iron Dome လေကြောင်းရန် ကာကွယ်ရေးစနစ်က ဒုံးကျည် ၁၈၅ စင်းကို ကြားဖြတ်ဟန့်တားခဲ့ပြီး ဒုံးကျည်များကို ဟန့်တားရာတွင် ၉၇ ရာခိုင်နှုန်းအထိ အောင်မြင်ခဲ့ကြောင်း အစ္စရေးဘက်က ပြောကြားသည်။

"အစ္စရေးနိုင်ငံသားတွေကို ထိခိုက်နာကျင်အောင်လုပ်တဲ့ ဘယ်သူမဆို နစ်နာလိမ့်မယ်" ဟု ကာကွယ်ရေးဝန်ကြီး ဘန်နီ ဂန့်ဇ် က သတိပေးပြောကြားလိုက်သည်။

အီဂျစ်သမ္မတ အဘ်ဒယ် ဖာတာ အယ်လ် စီစီက အကြမ်းဖက်မှုများကို ဖြေလျှော့နိုင်ရေးအတွက် နှစ်ဖက်စလုံးကို ကြားဝင်စေ့စပ်ညှိနှိုင်းပေးနေသော်လည်း အကြမ်းဖက်တိုက်ခိုက်နေမှုများနှင့် ခြိမ်းခြောက်မှုများအားလုံးကို ဖယ်ရှားနိုင်သည်အထိ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဂန့်ဇ် က ပြောကြားခဲ့သည်။

ဂါဇာမြို့တော်ရှိ တေဆာ အယ်လ် ဂျာဘရီ နှင့် ရာဖာဒေသ တောင်ပိုင်းရှိ ခါလစ် မန်ဆူရ်အပါအဝင် ဂါဇာရှိ အစ္စလာမ့်စ်ဂျီဟတ်အဖွဲ့၏ အကြီးတန်းခေါင်းဆောင်များကို သတ်ဖြတ်ခဲ့ကြောင်း၊ အနောက်ဘက်ကမ်းတွင် အဖွဲ့ဝင် ၂၀ ကိုလည်း ဖမ်းဆီးထားကြောင်း အစ္စရေးဘက်က သတင်းထုတ်ပြန်ထားသည်။

ဂါဇာကမ်းမြောင်တောင်ပိုင်း ရာဖာဒေသအား အစ္စရေးဘက်မှ ပြုလုပ်သည့် လေကြောင်းတိုက်ခိုက်မှုအတွင်း ပါလက်စတိုင်း အစ္စလာမ့်စ်ဂျီဟတ် လှုပ်ရှားမှုအဖွဲ့၏ အကြီးတန်းတပ်မှူး ခါလစ် မန်ဆူရ် သေဆုံးကြောင်း ဩဂုတ် ၇ ရက်တွင် အတည်ပြုခဲ့သည်။ အစ္စရေးဘက်မှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အပျက်အစီးများကို နာရီပေါင်းများစွာ တူးဖော်ပြီးနောက် မန်ဆူရ်၏ ရုပ်အလောင်းနှင့် ၎င်း၏ အပေါင်းအဖော်အချို့၏ ရုပ်အလောင်းများကို အရပ်ဘက်ကာကွယ်ရေးတပ်ဖွဲ့ဝင်များက တွေ့ရှိခဲ့ကြောင်း ပါလက်စတိုင်း အစ္စလာမ့်စ်ဂျီဟတ်အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဂါဇာကမ်းမြောင်ဒေသရှိ နေ့စဉ်လူနေမှုဘဝသည် ကျပ်တည်းနေပြီး လောင်စာဆီပြတ်လပ်မှုကြောင့် တစ်ခုတည်းသော ဓာတ်အားပေးစက်ရုံကိုလည်း ပိတ်ပစ်ခဲ့ရသည်။ အလားတူ ဂါဇာကမ်းမြောင်ဒေသ၏ ကျန်းမာရေးဝန်ကြီးဌာနက လာမည့်နာရီအနည်းငယ်အတွင်း လျှပ်စစ်မီးမရှိတော့လျှင် အရေးကြီးသော ဝန်ဆောင်မှုများ ရပ်ဆိုင်းသွားမည့်အန္တရာယ်ရှိကြောင်း သတိပေးထားသည်။

**ဂါဇာကမ်းမြောင်ဒေသရှိ နေ့စဉ်လူနေမှုဘဝသည် ကျပ်တည်းနေပြီး လောင်စာဆီပြတ်လပ်မှုကြောင့် တစ်ခုတည်းသော ဓာတ်အားပေးစက်ရုံကိုလည်း ပိတ်ပစ်ခဲ့ရသည်။ အလားတူ ဂါဇာကမ်းမြောင်ဒေသ၏ ကျန်းမာရေးဝန်ကြီးဌာနက လာမည့်နာရီအနည်းငယ်အတွင်း လျှပ်စစ်မီးမရှိတော့လျှင် အရေးကြီးသော ဝန်ဆောင်မှုများ ရပ်ဆိုင်းသွားမည့်အန္တရာယ်ရှိ**

ဂါဇာမြို့တော်တွင် နေထိုင်သူ ဒွန်နီယာ အစ္စမေးက အစ္စရေး၏ ဗုံးကြဲတိုက်ခိုက်မှုသည် "ကြောက်ရွံ့မှု၊ စိုးရိမ်ပူပန်မှုနှင့် ကျွန်ုပ်တို့အားလုံး အထီးကျန်နေသည့် ခံစားချက်ကို ပြန်လည်ရရှိစေသည်" ဟု ပြောသည်။

အစ္စရေးနိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းရှိ အရပ်သားများမှာလည်း လေကြောင်းတိုက်ခိုက်မှုအတွင်း လေကြောင်းရန် အကာအကွယ်များအောက်တွင် ခိုလှုံနေကြရပြီး လူနှစ်ဦးမှာ ဒဏ်ရာများဖြင့် ဆေးရုံတင်ထားရကာ အခြား ၁၃ ဦးမှာလည်း ဘေးလွတ်ရာသို့ ပြေးလာစဉ် ဒဏ်ရာအနည်းငယ် ရရှိခဲ့ကြောင်း မာဂျင် ဒေးဗစ်အာဒမ် အရေးပေါ်ဌာနမှ ပြောကြားသည်။

အစ္စလာမ့်စ်ဂျီဟတ်အဖွဲ့သည် ဟားမားစ်တို့နှင့် မဟာမိတ်ဖွဲ့ထားပြီး ဟားမားစ်အဖွဲ့နှင့် လွန်ခဲ့သည့် မေလက ဖြစ်ပွားခဲ့သည့် ပဋိပက္ခအပါအဝင် ၂၀၀၇ ခုနှစ်နောက်ပိုင်း အစ္စရေးနှင့် စစ်ပွဲလေးကြိမ် ဖြစ်ပွားခဲ့သည်။

**ဆင်ဟွာ၊ အေအက်ဖ်ပီ**

# ဩဂုတ် ၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၁၉ ရာခိုင်နှုန်းရှိ

**(၇-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများအောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၆၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၇၆,၁၁၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၁၉၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၃) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၉၉၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၆–၈–၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၂၄၃,၇၈၉) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၁၁၈,၈၆၈) ဦးတို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၇–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၈၇) ခု | (၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းဆေးမှုအခြေအနေ | (၃) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၆၃) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂၅၄) ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၈၇) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၂၇၄) ခု | (၃)ဦး |
| **စုစုပေါင်း** | (၄,၁၆၈) ခု | (၈)ဦး |

**ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၆–၈–၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၂၄၃,၇၈၉ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၁၁၈,၈၆၈ |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လအတွင်းရောက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၇- ၈- ၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၃၈၉၇၆၀၄ | ၈၈၉၃၃၁၂၆ | ၁၀၅၈၇၂၆ |
| ၂။ | အိန္ဒိယ | ၄၄၁၄၅၇၃၂ | ၄၃၄၈၄၁၁၀ | ၅၂၆၆၈၉ |
| ၃။ | ပြင်သစ် | ၃၄၀၅၃၀၄၀ | ၃၂၈၆၄၀၄၁ | ၁၅၂၅၃၇ |
| ၄။ | ဘရာဇီး | ၃၄၀၁၁၁၇၃ | ၃၂၆၉၁၆၀၃ | ၆၈၀၀၁၂ |
| ၅။ | ဂျာမနီ | ၃၁၂၂၈၃၁၄ | ၂၉၅၀၂၇၀၀ | ၁၄၄၈၅၈ |
| ၆။ | ဗြိတိန် | ၂၃၃၆၈၈၉၉ | ၂၂၈၅၃၉၀၇ | ၁၈၅၀၅၂ |
| ၇။ | အီတလီ | ၂၁၂၈၆၇၇၁ | ၂၀၀၀၈၂၅၁ | ၁၇၃၀၆၂ |
| ၈။ | တောင်ကိုရီးယား | ၂၀၄၈၉၁၂၈ | ၁၈၉၁၂၇၃၅ | ၂၅၂၆၃ |
| ၉။ | ရုရှား | ၁၈၇၁၂၆၉၉ | ၁၈၀၃၉၃၅၅ | ၃၈၂၇၄၁ |
| ၁၀။ | တူရကီ | ၁၆၂၉၅၈၁၇ | ၁၅၈၇၅၁၂၁ | ၉၉၆၇၈ |

## ၇-၈-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၁၃၄၇၅၁၈ | ၉၉၇၃၁၂၂ | ၄၃၀၉၄ |
| အင်ဒိုနီးရှား | ၆၂၄၄၉၇၈ | ၆၀၃၇၇၃၈ | ၁၅၇၀၉၅ |
| မလေးရှား | ၄၇၀၅၈၂၄ | ၄၆၂၂၉၀၀ | ၃၆၀၂၀ |
| ထိုင်း | ၄၆၀၅၆၀၉ | ၄၅၅၂၄၈၇ | ၃၁၅၉၉ |
| ဖိလစ်ပိုင် | ၃၈၀၃၉၅၅ | ၃၇၀၅၃၄၃ | ၆၀၈၀၇ |
| စင်ကာပူ | ၁၇၅၄၇၇၇ | ၁၆၆၂၇၂၇ | ၁၅၃၆ |
| မြန်မာ | ၆၁၄၁၉၈ | ၅၉၂၉၉၈ | ၁၉၄၃၄ |
| လာအို | ၂၁၁၈၁၀ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၂၁၁၁၅၇ | ၂၀၅၇၇၃ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၇၀၂၁ | ၁၃၃၆၈၃ | ၃၀၅၆ |

# ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ဖြင့် Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Nitrogen Dioxide ($NO_2$)၊ Sulphur Dioxide ($SO_2$) နှင့် Ozone ($O_3$) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက် ရှိပါသည်။

၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်း နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မြစ်ကြီးနားမြို့၊ ဘားအံမြို့၊ မုံရွာမြို့၊ ထားဝယ်မြို့၊ မော်လမြိုင်မြို့၊ စစ်တွေမြို့နှင့် တာချီလိတ်မြို့တို့တွင် တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များအား Air Quality Index (AQI) ဖြင့် တွက်ချက်ထားမှုအရ အောက်ပါအတိုင်း လေ့လာဆန်းစစ်တွေ့ရှိရပါသည်–

- ဒက္ခိဏခရိုင်ရုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် $PM_{2.5}$၊ မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် အောင်ကမ္ဘာကျောက်ခွဲစက်ရုံတွင် $PM_{2.5}$ နှင့် $PM_{10}$ ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဘားအံမြို့တွင် $PM_{2.5}$ နှင့် $NO_2$ နှင့် ညွှန်ကြားရေးမှူးရုံး ကရင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့တွင် $PM_{2.5}$ သည် လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အလယ်အလတ်အဆင့် (Moderate) တွင် ရှိပါကြောင်း၊
- ညောင်ဦးခရိုင်ရုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ညောင်ဦးမြို့ Bagan Umbra Hotel တို့တွင် $NO_2$၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဘားအံမြို့တွင် $PM_{10}$ ၊ ညွှန်ကြားရေးမှူးရုံး တနင်္သာရီတိုင်းဒေသကြီး လမ်းဦးစီးဌာနတွင် $NO_2$၊ တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် $PM_{2.5}$ နှင့် $SO_2$ သည် ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် (Unhealthy for Sensitive Groups) တွင် ရှိပါကြောင်း၊
- စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းရုံးဝင်းတွင် $PM_{2.5}$ သည် ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် (Unhealthy) တွင် ရှိပါကြောင်း၊
- ကျန်နေရာများ၏ ဝန်းကျင်လေထုအရည်အသွေးသည် ပုံမှန်ကောင်းမွန်သောအဆင့် (Good) တွင် ရှိပါကြောင်း။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာခဲ့သည့်နေရာများ | တိုင်းတာသည့် နေ့ရက် | တိုင်းတာသည့် Parameter များ | | | | |
|---|---|---|---|---|---|---|---|---|
| | | | | $PM_{2.5}$ $(\mu g/m^3)$ | $PM_{10}$ $(\mu g/m^3)$ | $SO_2$ $(\mu g/m^3)$ | $NO_2$ $(\mu g/m^3)$ | $O_3$ $(\mu g/m^3)$ |
| ၁ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | | | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ | ၄-၇-၂၀၂၂ | ၄၅ | ၁၉ | ၀ | ၀ | ၅ |
| | ၂ | ဒက္ခိဏခရိုင်ရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန | ၁၄-၇-၂၀၂၂ | ၆၅ | ၃၀ | ၀ | ၀ | ၄ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ (၅၅)လမ်း ဗိုလ်တထောင်မြို့နယ် | ၁၈-၇-၂၀၂၂ | ၂၈ | ၆ | ၄ | ၁၂ | ၁၉ |
| | ၂ | သာကေတဝန်ထမ်းအိမ်ရာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန | ၁၇-၇-၂၀၂၂ | ၃၀ | ၇ | ၃ | ၁၁ | ၀ |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန | ၂၀-၆-၂၀၂၂ | ၁၃ | ၇ | ၀ | ၀ | ၀ |
| | ၂ | မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ် အောင်ကမ္ဘာကျောက်ခွဲစက်ရုံ | ၉-၇-၂၀၂၂ | ၇၂ | ၈၇ | ၀ | ၁၁ | ၁၉ |
| | ၃ | ညောင်ဦးခရိုင်ရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန | ၈-၇-၂၀၂၂ | ၃၀ | ၁၀ | ၇ | ၁၀၅ | ၂ |
| | ၄ | ညောင်ဦးမြို့ Bagan Umbra Hotel | ၁၃-၇-၂၀၂၂ | ၃၉ | ၁၃ | ၁၇ | ၁၀၃ | ၁၇ |
| | ၅ | ကျောက်ဆည်ခရိုင်ရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန | ၄-၇-၂၀၂၂ | ၄၂ | ၉ | ၀ | ၄၇ | ၁၈ |
| ၄ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံး၊ ကချင်ပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန | ၁၉-၇-၂၀၂၂ | ၁၃ | ၂၀ | ၁၄ | ၈ | ၁၁ |
| ၅ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဘားအံမြို့ | ၇-၇-၂၀၂၂ | ၆၂ | ၁၀၈ | ၄ | ၅၃ | ၂၄ |
| | ၂ | ညွှန်ကြားရေးမှူးရုံး၊ ကရင်ပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန | ၁၅-၇-၂၀၂၂ | ၅၂ | ၃၁ | ၀ | ၁၉ | ၈ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန | ၁၆-၇-၂၀၂၂ | ၄၇ | ၁၂ | ၃ | ၁၇ | ၃ |
| | ၂ | စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းရုံးဝင်း | ၁၉-၇-၂၀၂၂ | ၁၅၉ | ၁၄ | ၇ | ၅ | ၁၈ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံး၊ တနင်္သာရီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန | ၁၆-၇-၂၀၂၂ | ၂၆ | ၁၈ | ၀ | ၁၀၃ | ၂၅ |
| | ၂ | ညွှန်ကြားရေးမှူးရုံး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန | ၈-၇-၂၀၂၂ | ၂၅ | ၁၂ | ၀ | ၃၉ | ၄၄ |
| ၈ | မွန်ပြည်နယ် | | | | | | | |
| | ၁ | ဈေးချိုဝိုင်းအနီး မော်လမြိုင်မြို့ | ၁၃-၇-၂၀၂၂ | ၄၀ | ၂၁ | ၃ | ၃၇ | ၁၁ |
| ၉ | ရခိုင်ပြည်နယ် | | | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံး၊ ရခိုင်ပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန | ၁-၇-၂၀၂၂ | ၁၁ | ၆ | ၀ | ၃ | ၂၄ |
| | ၂ | စစ်တွေခရိုင်၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန | ၁၃-၇-၂၀၂၂ | ၁၀ | ၆ | ၀ | ၃ | ၃၃ |
| ၁၀ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တာချီလိတ်ခရိုင်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန | ၁-၇-၂၀၂၂ မှ ၂၂-၇-၂၀၂၂ အထိ | ၁၃၃ | ၃၃ | ၁၀၈ | ၉ | - |

**Air Quality Index (AQI)**

| | |
|---|---|
| 0–50 | Good |
| 51–100 | Moderate |
| 101–150 | Unhealthy for Sensitive Groups |
| 151–200 | Unhealthy |
| 201–300 | Very Unhealthy |
| 301–500 | Hazardous |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်တောင်သူများ မိုးလယ်မိုးဖြင့် မြေပဲစိုက်ပျိုးချိန် မြေပဲမျိုး ဈေးနှုန်းကြီးနေ

ညောင်ဦး ဩဂုတ် ၇

ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်ရှိ မြေပဲစိုက် တောင်သူများ မြေပဲစိုက်ပျိုးချိန် ဈေးနှုန်းကြီးမြင့်နေသောကြောင့် တောင်သူအများစု မျိုးဆုံးမှာကြောက်ပြီး မြေပဲစိုက်ပျိုးခြင်း မရှိတော့ကြောင်း ကန်ပတ်လည်ကျေးရွာအုပ်စု လဲငွကျေးရွာ တောင်သူ ဦးတင်ထွန်းအောင်ထံမှ သိရသည်။

### မြေပဲဆန်ဈေးနှုန်း ကြီးမြင့်နေ

ကျောက်ပန်းတောင်း မြို့နယ်အတွင်းရှိ တောင်သူများ မိုးဦးမိုးရွာသွန်းချိန် မေလအတွင်းက နောက်မိုးမလိုက်မှာ စိုးရိမ်ပြီး မြေပဲ မစိုက်ပျိုးကြဘဲ မိုးလယ်မိုးရောက်မှထွန်ယက်စိုက်ပျိုးချိန် မြေပဲဆန်ဈေးနှုန်း ကြီးမြင့်နေကြောင်း၊ မြေပဲဆန်ဈေးနှုန်းကြီးမြင့်နေခြင်းကြောင့် မြေပဲမစိုက်ပျိုးတော့သည့် တောင်သူများပြားနေကြောင်း လဲငွကျေးရွာ တောင်သူ ဦးတင်ထွန်းအောင်မှ ပြောသည်။

“ကျွန်တော်တို့ မိုးဦးမိုး ကျချိန် (ရွာသွန်းချိန်) နောက်မိုး မလိုက်မှာကြောက်ပြီး မိုးလယ်မိုးမှ စိုက်ဖို့ပြင်ဆင်ခဲ့သော်လည်း တကယ်မိုးကျလို့ စိုက်မယ်ဆိုတော့ မြေပဲဆန်ဈေးနှုန်းတက်နေခြင်းကြောင့် မြေပဲစိုက်တောင်သူတွေ မစွန့်စားရဲတော့ဘဲ ယာခင်းလွတ်များအတိုင်း ရှိနေပါတယ်” ဟု ဦးတင်ထွန်းအောင်က ရှင်းပြသည်။

### မြေပဲ မစိုက်ပျိုးရ

ခြောက်လမြေပဲဆန် တစ်တင်းလျှင် ငွေကျပ် ၈၀၀၀၀ ပေးဝယ်ရပြီး ပဲလေးအဆန် တစ်တင်းလျှင် ငွေကျပ် ၈၅၀၀၀ ဈေးဖြင့် ဝယ်ယူရခြင်းကြောင့် မိုးလယ်မိုးဖြင့် မြေပဲစိုက်ပျိုးမည့် တောင်သူများ မစိုက်ပျိုးတော့ကြောင်း သိရသည်။ မြေဆီဈေးနှုန်းမြင့်မားခြင်း၊ နွားထွန်ရှင်းကဈေးကြီးခြင်း၊ လုပ်သားငှားရမ်းခဈေးနှုန်းများပြားခြင်းနှင့် စိုက်ပျိုးပြီးချိန်တွင် အရှုံးနှင့် ရင်ဆိုင်ရသည့်နှစ်များလာခြင်းကလည်း တောင်သူများအတွက် မြေပဲ မစိုက်ပျိုးရဲခြင်းက အဓိကအဟန့် အတားဖြစ်လာကြောင်း ဝွေးကုန်းကျေးရွာ ဦးအောင်ထွန်းက ပြောသည်။

ကိုကြေးမုံ



## မိုးညှင်းမြို့နယ်တွင် မိုးစပါးစိုက်ပျိုးရန်လျာထားဧက ၁၃၅၂၂၁ ဧကရှိသည့်အနက် ၁၁၁၂၈၇ ဧကအထိ စိုက်ပျိုးပြီးစီး

မိုးညှင်း ဩဂုတ် ၇

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်တွင် ၂၀၂၂-၂၀၂၃ မိုးစပါးစိုက်ပျိုးရန် လျာထားဧက ၁၃၅၂၂၁ ဧက ရှိသည့်အနက် ဇူလိုင်လ နောက်ဆုံးပတ်အထိ ၁၁၁၂၈၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးညှင်းမြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရန်လျာထားသည့် ဧက ၁၃၅၂၂၁ ကို ဇွန်လ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက၊ တောင်သူများစားနပ်ရိက္ခာဖူလုံရေး၊ ဝင်ငွေများတိုးပွားလာစေရေး၊ စိုက်ပျိုးထုတ်လုပ်မှု အရည်အသွေးများကောင်းမွန်ပြီး ပြည်တွင်းပြည်ပ ဈေးကွက်များတွင် တိုးချဲ့လာနိုင်စေရေးအတွက် စိုက်ပျိုးနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးညှင်းမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၆၀ ရှိ၍ ဒေသရေမြေနှင့်ကိုက်ညီသော အထွက်ကောင်းမျိုးသန့်စပါးဖြစ်သည့် ဆင်းဧကရီ-၃ မျိုးစပါးကို တောင်သူများမှ အများဆုံးကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး အခြားစပါးမျိုးများဖြစ်သည့် ငွေတိုး၊ ကောက်ညှင်းစသည့် စပါးမျိုးများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဇွဲသူရအောင်(ပြန်/ဆက်)

## တွံတေးမြို့နယ်၌ ယခုနှစ်မိုးစပါးရာသီတွင် မိုးစပါးဧက ၈၀၉၂၀ စိုက်ပျိုးရန်လျာထား

တွံတေး ဩဂုတ် ၇

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် ယခုနှစ် ၂၀၂၂ မိုးရာသီ၌ မိုးစပါးစိုက်ပျိုးရန် ဧက ၈၀၉၂၀ လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

တွံတေးမြို့နယ်၌ ယခုနှစ်မိုးရာသီတွင် လျာထားချက်ပြည့်မီစွာဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် တာဝန်ရှိသူများက မိုးစပါးလျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရန် လယ်ယာမြေကြိုတင်ပြင်ဆင်ရေး၊ မိမိဒေသနှင့်ကိုက်ညီသော မျိုးစပါးနှင့် အထွက်နှုန်းပိုသော မျိုးများစိုက်ပျိုးနိုင်ရေး၊ ရေတော်မိုးတော်စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများအား အသိပညာပေးခြင်း၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး ကြိုတင်ပြင်ဆင်ထားရေး ကွင်းဆင်း အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

တွံတေးမြို့နယ်၌ ကွင်းပေါင်း ၂၁၉ ကွင်းတွင် မိုးစပါးစိုက်ပျိုးဧက ၈၀၉၂၀ လျာထားကာ စိုက်ပျိုးသည့် မျိုးစပါးများမှာ ရောမင်း၊ ဆင်းသုခ၊ ရက် ၉၀၊ အညာသား၊ ကောက်ညှင်း၊ မြီးတုံး၊ ငကျွဲများ အဓိကစိုက်ပျိုးပြီး မီးဒုံးကိုတောင်သူများ ပိုမိုစိုက်ပျိုးကြောင်း သိရသည်။ တွံတေးမြို့နယ်၌ စပါးစိုက်တောင်သူ ၁၂၅၇၁ ဦး ရှိကြောင်းလည်း သိရသည်။ ယခင်နှစ် မိုးစပါးစိုက်ပျိုးထားရှိမှုမှာ မြီးတုံး ၃၇၉၀၅ ဧက၊ ငကျွဲ ၁၆၈၉၃ ဧက၊ အညာသား ၃၆၉၉ ဧက၊ ဆင်းသုခ ၂၅၉ ဧက၊ ရက် ၉၀ မျိုး ၂၉၅ ဧက၊ ကောက်ညှင်း ၁၅၅၃ ဧက၊ ရောမင်း ၈၃ ဧက စုစုပေါင်းမိုးစပါးစိုက်ပျိုးပြီးသည့် ဧက ၆၀၆၈၇ ဧက စိုက်ပြီးဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

တွံတေးသား



## ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများကို မိုးသီးနှံစိုက်ပျိုးစရိတ် ချေးငွေ ကျပ်သိန်း ၆၉၇၅ ဒသမ ၅၀ ထုတ်ချေးပြီးဖြစ်

ပွင့်ဖြူ ဩဂုတ် ၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲက ၂၀၂၂ - ၂၀၂၃ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ မိုးစပါးနှင့် အခြားမိုးသီးနှံ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် စဉ်ဆက်မပြတ် ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၅ ရက်အထိ မိုးသီးနှံစိုက်ပျိုးစရိတ်ချေး ငွေကျပ် ၆၉၇၅ ဒသမ ၅၀ သိန်း ထုတ်ချေးဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲမှ မြို့နယ်ဘဏ်မန်နေဂျာ ဦးစန်းသော်ထံက သိရသည်။

မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရာ၌ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဘဏ်မန်နေဂျာ ဦးစန်းသော်က ချေးငွေများ မထုတ်ချေးမီ သီးနှံအလိုက် ချေးငွေထုတ်ချေးပေးမှုနှုန်းထားနှင့် ချေးငွေပေးဆပ်ရမည့်ကာလတွင် အချိန်မီပေးဆပ်နိုင်ရေးအတွက် လိုက်နာရမည့် စည်းကမ်းချက်များကို အသိပေးရှင်းလင်းဆွေးနွေးပြောကြား၍ စိုက်ပျိုးစရိတ်ချေးငွေများကို ဒေသခံတောင်သူများ လက်ဝယ်အရောက် စနစ်တကျ ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ မိုးသီးနှံစိုက်ပျိုးစရိတ် ထုတ်ချေးပြီးစီးမှုအနေဖြင့် ကျေးရွာအုပ်စု ၁၈ အုပ်စုရှိ ဒေသခံတောင်သူ ၁၀၀၄ ဦးအား မိုးစပါးစိုက်ဧက ၄၃၀၉ ဧက နှင့် အခြားသီးနှံ ၅၁၂ ဧက အတွက် စုစုပေါင်း စိုက်ပျိုးစရိတ်ချေးငွေကျပ် ၆၉၇၅ ဒသမ ၅၀ သိန်း ထုတ်ချေးဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးရမည့် ကျေးရွာအုပ်စု ၅၁ အုပ်စုရှိပြီး အဆိုပါ ကျေးရွာအုပ်စုများအနက်မှ ယခင်နှစ်က စိုက်ပျိုးစရိတ်ချေးငွေ ပြေကျေစွာ ပေးဆပ်သည့် ဒေသခံတောင်သူများကို မေလတတိယပတ်က စတင်၍ မိုးစပါးသီးနှံစိုက်ပျိုးရန်အတွက် တစ်ဧက ငွေကျပ် တစ်သိန်းခွဲနှုန်း ၊ အခြားသီးနှံ စိုက်ပျိုးရန်အတွက် တစ်ဧက ငွေကျပ် တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိပြီး ထုတ်ချေးပေးရန်ကျန်ရှိသည့် ကျေးရွာအုပ်စုများမှ ဒေသခံတောင်သူများကိုလည်း ချေးငွေပြေကျေစွာ ပေးဆပ်မှုအပေါ်မူတည်ပြီး ရုံးဖွင့်ရက်များတွင် ဆက်လက်ထုတ်ချေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်ဘဏ်မန်နေဂျာ ဦးစန်းသော်က ပြောသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

❖ *ကျောဖုံးမှ*

ထိခိုက်ဒဏ်ရာရရှိခဲ့ကာ အမျိုးသား နှစ်ဦးကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

### မီးရှို့ဖျက်ဆီး

ဖြစ်စဉ်မှာ PDF အမည်ခံ အကြမ်းဖက်သမား ၂၀ ခန့်က တွင်းမကျေးရွာအတွင်းသို့ ဝင်ရောက်ခဲ့ပြီး ကျေးရွာအတွင်းရှိ ဦးသာဘို၏ နေအိမ်ခြံဝင်းကို လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ထိုသို့ ပစ်ခတ်တိုက်ခိုက်မီးရှို့ခဲ့ခြင်းကြောင့် ဦးသာဘို၏ နေအိမ်တွင် လာရောက်တည်းခိုနေထိုင်လျက်ရှိသည့် အသက် ၂ နှစ်အရွယ် ကလေးငယ် တစ်ဦး၊ အသက် ၅ နှစ်အရွယ် ကလေးငယ် တစ်ဦး၊ အလယ်တန်းပြဆရာမ တစ်ဦး အပါအဝင် အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ၁၁ ဦး သေဆုံးခဲ့ပြီး အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့ပြင် ကျေးရွာတွင် နေထိုင်သည့် အမျိုးသား နှစ်ဦးကို သတင်းပေးဒလန်ဟုစွတ်စွဲ၍ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

အကြမ်းဖက် သမားများ၏ တိုက်ခိုက်ခြင်းခံခဲ့ရသည့် ပြည်သူများက ယခုကဲ့သို့ ပြောကြားခဲ့သည်။

"ဘာလုပ်လို့ လုပ်ရမှန်းမသိ၊ ဘယ်သွားလို့ သွားရမှန်း မသိတဲ့ အထိ ဖြစ်နေပါပြီ။ ဒီမှာအကုန် ဒုက္ခတွေ ရောက်နေကြပါတယ်။ မှတ်ပုံတင်တချို့နဲ့ ဆိုင်ကယ်တွေရော လူတွေပါ အကုန်အိမ်ထဲကို ထည့်ပြီး မီးရှို့သွားတယ်။ သူတို့က လူသားချင်းမစာမနာ လုပ်သွားကြတာပါ။ ကျွန်တော်တို့မှာ ဘာလက်နက်မှမရှိသလို ဘာမှလည်း ပြန်လုပ်လို့ မရပါဘူး။ အိမ်ကိုလာတဲ့ သူတို့အဖွဲ့က အယောက် ၃၀ အနည်းဆုံးရှိပါတယ်။ လာပစ်တော့ ကျွန်တော်က ကျန်တဲ့လူတွေကို ပြေးပါ ပြေးပါ ဆိုပြီး အော်ပြောပြီး သူတို့အရှေ့ကနေ ဖြတ်ပြေးခဲ့ပါတယ်။ အဲဒီလို ပြေးတော့ ကျွန်တော့်ကို လိုက်ပစ်ပါတယ်။ ကျွန်တော့်ခေါင်းပေါ်က ဆံပင်ကြားထဲကနေ တစ်ချက်ကျော်သွားပါတယ်။ အဲဒီလို ပြေးနေရင်းနဲ့ ကျွန်တော်က ချုံထဲကို ဝင်ပြေးသွားတော့ ကျွန်တော့်ကိုအမိကထားပြီး လိုက်ပစ်ကြပါတယ်။ အဲဒါကြောင့် ချုံထဲမှာ ကျွန်တော့်ကို တစ်ချက်ထပ်မှန်ပါတယ်။ ကျွန်တော့်သူငယ်ချင်းရဲ့ ညီကထွက်ပြေးတော့ သူ့ကိုပါ လိုက်ပစ်ပါတယ်။ မှန်တဲ့သူတွေ တော်တော်များပါတယ်။ အခု မန္တလေးဆေးရုံကို လွှဲလိုက်တဲ့ တစ်ဦးက တံတောင်ဆစ်ရဲ့ အထက်နားမှာရှိတဲ့ လက်မောင်းကို မှန်ပါတယ်။ အရိုးရော အသားပါ ကွာသွားပါတယ်။ အခု ဒီမှာ တက်နေတဲ့ ကလေးတွေ ဆိုရင်လည်း တူမီးတွေနဲ့ အပစ်ခံထားရတဲ့အတွက် ခဲစတွေ အများကြီး မှန်ထားပါတယ်။ အခုထုတ်နေကြပါပြီ၊ အခက်အခဲတွေလည်း ဖြစ်နေပါတယ်။ ဘယ်သူ့ကို အားကိုးရမှန်းမသိဘူး ဖြစ်နေပါတယ်။ ဘယ်လိုပြောရမှန်းလည်းမသိဘူး ဖြစ်နေပါတယ်"ဟု အမျိုးသားတစ်ဦးက ပြောသည်။

### အကုန်လုံးကို ပစ်သတ်

"သူတို့က လူတွေအကုန်လုံး ထွက်ခဲ့ကြ၊ လူတွေ ဘယ်မှာလဲဆိုပြီး အိမ်ပေါ်တွေကို စက်သေနတ်တွေနဲ့ ရမ်းပြီးပစ်ကြပါတယ်။ အဲဒီလို ပစ်လိုက်တဲ့အတွက် လူတွေ အကုန်လုံးက အသံမထွက်ဘဲနဲ့ အိပ်ရာအောက်မှာ ပုန်းနေကြပါတယ်။ နောက်တော့ လူတွေကို မြင်သွားတော့ လူတွေ အကုန်လုံးထွက်ခဲ့ဆိုပြီး အိပ်ရာအောက်ကို ရမ်းပစ်ပါတယ်။ တချို့တွေကို ထိမှန်ပြီး တချို့ကိုတော့ မထိမှန်ခဲ့ကြပါဘူး။ အကုန်လုံးထွက်ခဲ့လို့ ပြောပေမယ့် ဘယ်သူမှ မထွက်ရဲကြပါဘူး။ အမေ့က ကျတော့ ထိုင်စရာမရှိပါဘူး။ ကလေးကလည်း ငိုနေတဲ့အတွက် နို့တိုက်ရင်းနဲ့ ထိုင်နေပါတယ်။ ထွက်ခဲ့လို့ပြောတော့ အမေက ရှေ့ဆုံးကနေ ထွက်သွားပါတယ်။ အမေထွက်တော့ ကျန်တဲ့ ကလေးသူငယ်တွေနဲ့ အကုန်လုံးက လိုက်ပြီးထွက်လာကြပါတယ်။ မိဘထွက်ရင် လိုက်ထွက်ကြမယ်ဆိုပြီး ကလေးတွေ အကုန်လုံး အိမ်ရှေ့ကို ထွက်ကြပါတယ်။ အကုန်လုံးကို မှောက်ခိုင်းထားပြီး "မော့မကြည့်နဲ့ မော့ကြည့်ရင်ပစ်မှာ" ဟု ပြောပါတယ်။ အဲဒီအခါကျတော့ လူကြီးတွေကိုတော့ သတ်ချင်ရင်သတ်ပါ၊ ကလေးတွေကိုတော့ ချမ်းသာပေးပါဆိုပြီး တောင်းပန်ခဲ့ကြပါတယ်။ အဲဒီလို ပြောတော့ ခင်ဗျားတို့ကို ငဲ့စရာမလိုဘူး၊ ခင်ဗျားတို့အလှည့်တုန်းကလည်း ကျုပ်တို့ကို လှည့်ကြည့်တာ မဟုတ်ဘူးလို့ ပြောပြီး အကုန်လုံးကို သေနတ်နဲ့ ပစ်သတ်ပါတယ်။ သမီးလည်း ကြောက်ကြောက် လန့်လန့်နဲ့ နားကိုပိတ်ပြီး မှောက်လျှားထိုးပြီး ငြိမ်နေတုန်း သမီးညီမလေးရဲ့အသံကို ကြားလိုက်ရပါတယ်။ သမီးလည်း အမေ့ကိုသတ်တာကို သမီးကမြင်သွားတယ်ဆိုတာ သိမှာစိုးလို့ အသာလေးငြိမ်နေလိုက်ပါတယ်။ ခဏနေတော့ သမီးရဲ့လက်တွေကိုပါ ကျည်ဆန်လာထိပါတယ်။ သမီးလည်း ကြောက်ကြောက် လန့်လန့်နဲ့ ဘုရားစာတွေဆိုနေလိုက်ပါတယ်။ ခဏလောက်ကြာတော့မှ အသံတွေမကြားတော့လို့ မော့ကြည့်လိုက်တော့ သူတို့လည်း မရှိတော့ပါဘူး။ ဘေးကလူတွေကို ကြည့်လိုက်တော့ အကုန်လုံး သွေးအိုင်ကြီးထဲမှာလဲပြီး သေနေကြပါပြီ။ သမီးညီမလေးကတော့ ငိုနေပါတယ်။ ရှေ့ဆုံးက လေးသင်ရဲ့သားနဲ့ သမီးကတော့ ဒဏ်ရာရထားကြပါတယ်။ လေးသင်ရဲ့ သားအကြီးဆုံး ကောင်လေးက အပျော့လေးပါ၊ သူ့မှာလမ်းတောင်မှ ကောင်းကောင်း မလျှောက်နိုင်ပါဘူး။ အဲဒီလိုဖြစ်နေတဲ့သူ့ရဲ့ ခြေထောက်တွေကို မှန်သွားပါတယ်။ သူတို့အဖေကအိမ်ထဲမှာ ပုန်းနေတာကနေ ထွက်လာတာ၊ သူ့သားသမီးတွေနဲ့ သမီးရဲ့ ညီမလေးကိုပါ ခေါ်သွားပါတယ်။ တစ်နှစ်ခွဲပဲ ရှိသေးတဲ့ သမီးရဲ့ မောင်လေးဆိုရင်လည်းလက်တွေ၊ ခေါင်းတွေရော၊ လက်ဖျံတွေပါ ကျည်ဆန်တွေ မှန်ထားပါတယ်။ ကလေးက မျက်ဖြူလန်ပြီး မတရားအော်နေလို့ဆိုပြီး သူ့ကို ပွေ့ပြီးအိမ်အောက်ကိုသွားတော့ သမီးမောင်လေး အလတ်ကောင်မှာလည်း ကျည်ဆန်ထိတားတာကို တွေ့လိုက်ရပါတယ်။ အဘွားကို ကျတော့ တစ်ချက်မှမထိပါဘူး။ အဲဒါနဲ့ အဘွားကိုကလေးပေးပြီး သမီးရဲ့ မောင်လေးကို ပွေ့လိုက်ပါတယ်။ သမီးရဲ့ မောင်လေးက ပေါင်နှစ်ဖက်လုံး ထိထားတဲ့အတွက် လမ်းမလျှောက်နိုင်တော့ပါဘူး။ လွတ်ရာကို ပြေးကြမယ်ဆိုပြီး သမီးတို့အိမ်ရဲ့အရှေ့ဘက်မှာ ရှိတဲ့အိမ်ကို ပြေးပါတယ်။ အဲဒီကိုရောက်တော့ လူစုကွဲသွားပြီး သမီးနဲ့ သမီးရဲ့မောင်လေးပဲ ကျန်ခဲ့ပါတယ်။ အိမ်ထဲကို ပတ်ရှာလိုက်မှ အဘွားတို့နဲ့ တွေ့ပါတယ်။ အဲဒီအိမ်ရဲ့ အရှေ့ဘက်မှာရှိတဲ့ ဝိုင်းအလွတ်ကြီးထဲကို ပြေးကြပါတယ်။ အဲဒီကို ရောက်တော့ မြက်တောထဲမှာ အကုန်လုံး ပုန်းနေကြပါတယ်။ ဒဏ်ရာရထားတဲ့ ကလေးအငယ်လေးက တအားငိုနေတဲ့အတွက် ကလေးအသံကြောင့် တွေ့သွားရင် အကုန်လုံး သေမှာလို့ပြောပြီး လူစုခွဲခဲ့ကြပါတယ်။ အဘွားက ဘယ်ထွက်သွားလိုက်လဲတော့ မသိဘူး။ သမီးနဲ့ သမီးမောင်လေးက ချုံပုတ်ထဲမှာ ပုန်းပြီး ကျန်ခဲ့ပါတယ်"ဟု အမျိုးသမီးငယ်တစ်ဦးက ပြောသည်။


### ဆေးကုသမှုခံယူ

ဖြစ်စဉ်ဖြစ်ပွားရာ ကျေးရွာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ အကြမ်းဖက်သူများကို ဖမ်းဆီးရမိနိုင်ရေး ကျေးရွာနှင့် ပတ်ဝန်းကျင်တစ်ဝိုက် စစ်ဆေးဖော်ထုတ်လျက် ရှိပြီး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေးကာ ဒဏ်ရာရရှိသူများအား ပခုက္ကူမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိသည်။ ထို့ပြင် သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်တို့က ထောက်ပံ့သည့် ထောက်ပံ့ငွေများကို တစ်ဦးချင်း လိုက်လံထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မြိုင်မြို့နယ် တွင်းမကျေးရွာတွင် PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသည့် ကလေးငယ်တစ်ဦးအား တာဝန်ရှိသူတစ်ဦးက ထောက်ပံ့ငွေပေးအပ်စဉ်။



မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် တွင်းမကျေးရွာတွင် PDF အကြမ်းဖက်များက နေအိမ်အား မီးရှို့၍ လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ပြည်သူ ၁၁ ဦး သေဆုံး၊ ၁၂ ဦး ဒဏ်ရာရ၊ နှစ်ဦးအား ဖမ်းဆီးသွားသည့်ဖြစ်စဉ် တည်နေရာပြမြေပုံ။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၇

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းများ ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၈-၂၀၂၂ တနင်္လာနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရွှ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ဒီမိုကရေစီဆိုရာဝယ်
- **၀၉:၁၀** စိုက်ပျိုးရေးရာအဖြေရှာ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** ရာဇဝင်ထဲကသမိုင်းအနုပညာ
- **၁၁:၄၅** ဘဝနှင့်အနုပညာ
- **၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၁၁၀)
- **၁၃:၃၀** MRTV National News
- **၁၆:၃၅** ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
- **၁၇:၀၀** သတင်းသမားပြောတဲ့သတင်းစကား
- **၁၇:၄၅** This Week's Special Interest
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘက်စကက်ဘောအက်ဒေး' (အပိုင်း-၃၈)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ချိုမြမြန်မာတေးအလှ
- **၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၆)

**mitv**

- **07:01** Evergreen Classic: Myat Day Thanar (Pan Ei Phyu)
- **07:08** TNga Laik Dam & Nga Laik Kan Tha Eco Resort
- **07:25** School for the Blind
- **07:28** Unique Art of Stucco Work
- **07:44** Karaweik Palace - A Symbol Of Glorious Myanma Culture
- **08:01** Mushroom Farming
- **08:25** Myanmar Puppeteers (Zawgyi Dance)
- **08:34** Taung Byone Nat Festival (Ep-2)
- **09:01** News
- **09:26** Global Partnership for Brighter Future: Tonga Pavilion at Expo 2020 Dubai
- **09:34** Danu Food: Pounded Crab Apple Salad
- **09:39** Ngapali, Unique Spot To Relax
- **10:02** Kindhearted Pet Lovers

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သာယာလှပသောကျူထော်ရေတံခွန်သို့ သွားလည်ကြရအောင်

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ဆန်းပြားလှသည့်ချင်းရိုးရာနာခေါင်းပလွေမှုတ်

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ကိုက်လန်၏ကျန်းမာရေးအကျိုးကျေးဇူးများ

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မွန်ဘာသာစကားပြောကြရပါစို့ (အပိုင်း-၄)

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
Arakan Talented Star
(တေးသံရှင်ဒိုးကလေးနှင့်တွေ့ဆုံခြင်း)

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
မောတို့ဌာနေမြို့ညောင်ရွှေနှင့်အင်းလေးအလှ

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ဝရိုးရာရက်ကန်းနှင့်အထည်

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
မနောအလှ

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကော်ယော်(မိုနု)ဒေသသို့

**ဝကြောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကင်းမွန်ငါးကောက်ညှင်းအစာသွပ်

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
မသန်သော်လည်းစွမ်းတဲ့သူ

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အကျိုးပျက်ဆီးမှုအကြောင်း သိမှတ်စရာ ဥပဒေမှာ'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** တရားရုံးကဦးဆောင်သည့် ဝေ့စပ်ဖြေရှင်းရေး စနစ်
- **၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၁)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၇:၁၀** စိုက်ပျိုးထုတ်ကုန်မြှင့်တင်ဖို့ သွားရောက်လေ့လာကြပါစို့
- **၀၇:၃၅** မွေးမြူရေးကဏ္ဍမြင့်မားဖို့ ငါးဆေးထိုးသားဖောက်နည်းဖြင့် ထုတ်လုပ်မွေးမြူစို့
- **၀၈:၂၀** စပါးအခြောက်စိုက်ခင်းများနှင့် ပေါင်းပြဿနာ အဖြေရှာ
- **၀၉:၄၀** အရည်အသွေးကောင်းသစ်သီးဝလံများ ထွက်ရှိရာ နေပြည်တော်တခွင်မှာ

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel တို့ နေ့စဉ်နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၃) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal




## နောင်တရားမြို့၌ ငါးနှစ်အောက်ကလေးများ ပုံမှန်ကာကွယ်ဆေးထိုးနှံပေး

နောင်တရား ဩဂုတ် ၇

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့ ကျေးလက်ကျန်းမာရေးဌာန၌ ကျန်းမာရေးဝန်ထမ်းများက ငါးနှစ်အောက် ကလေးငယ်များကို ယနေ့နံနက်ပိုင်းတွင် ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးများထိုးနှံရာတွင် မွေးကင်းစမှ နှစ်လ၊ လေးလ၊ ခြောက်လ၊ ကိုးလ၊ တစ်နှစ်ခွဲ၊ ကိုးနှစ်၊ ၁၀နှစ်ဟူ၍ လအလိုက်၊ နှစ်အလိုက် ခွဲခြားပြီး ကာကွယ်ဆေးထိုးနှံခြင်းနှင့် သန်ချဆေး တိုက်ကျွေးခြင်းကို လစဉ်ဆောင်ရွက်လျက်ရှိပြီး ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့နှင့် မိခင်များက ပူးပေါင်းကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

ခွန်အောင်(နောင်တရား)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇-၈-၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၀၈၁၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၀၈၀၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၉၁ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၉၀ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၉၀ ကျပ် | ၂၀၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၄၅ ကျပ် | ၂၀၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၇၁၀ ကျပ် | ၁၇၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၉၀ ကျပ် | ၁၈၀၅ ကျပ် |

(ရွှေဖျိုင်းဖြူ စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၁၄၈ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၂၆ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၉ . ၀၄၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၈၀ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၇၁ . ၂၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၁၁ . ၁၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၆ . ၅၂၂ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၁၀၀ | ၇၁၀၀ | ၁၃၀ | ၉၂၃၀၀၀ |
| MTSH | ၂၅၀၀ | ၂၅၀၀ | ၂၅၁၇ | ၆၂၉၂၅၀၀ |
| MCB | ၇၀၀၀ | ၇၀၀၀ | ၁၃ | ၉၁၀၀၀ |
| FPB | ၁၈၀၀၀ | ၁၈၀၀၀ | ၄ | ၇၂၀၀၀ |
| TMH | ၂၃၅၀ | ၂၃၅၀ | ၁၂၈ | ၃၀၀၈၀၀ |
| EFR | ၂၄၅၀ | ၂၄၅၀ | ၁၄ | ၃၄၃၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂၀ | ၁၀၀၀၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-**၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပိုးနဲ့ပိုး

သမားအို

ကျွန်တော်တို့ငယ်ငယ်က လူကြီးတွေပြောတာကြားဖူးတယ်။ “ပိုးမျိုးရှစ်ဆယ်” တဲ့ ။ ဆေးကျောင်းတက်တော့ ရောဂါတွေအကြောင်း မသင်ရခင်ကတည်းက ကပ်ပါးပိုးတွေ၊ အင်းဆက်ပိုးတွေအကြောင်း သင်ခဲ့ရပြန်တယ်။ အဏုကြည့်မှန်ပြောင်း (Microscope) အကူအညီနဲ့ သာမန်မျက်စိနဲ့ မမြင်နိုင်တဲ့ပိုးတွေကို တွေ့လာရတယ်။

အတန်းကြီးလာတော့ ရောဂါတွေအကြောင်း သင်ခွင့်ရရုံမက ရောဂါပိုးတွေအကြောင်း ပိုသိလာရတယ်။ ဆေးထိုးလိုက်ရင် အနီရောင်ပေါ်တဲ့ ပိုးဝိုင်းဝိုင်းကလေးတွေ၊ အပြာရောင်ပေါ်တဲ့ ပိုးဝိုင်းဝိုင်းကလေးတွေ အဏုကြည့်မှန်ပြောင်းနဲ့ကြည့်ရင်မြင်ရမယ်။ အဲဒီကတည်းက ကျွန်တော်တို့မျက်စိထဲမှာ ရောဂါပိုးတွေကို အဏုကြည့်မှန်တပ်ထားသလို မြင်နေမိတယ်။

**ဒါပေမယ့် ဓာတ်ခွဲခန်းထဲမှာ ဗိုင်းရပ်စ်တွေကို ယဉ်ပါးအောင်လုပ်ရတာ သန့်ပါ့မလား၊ ဘေးကင်းပါ့မလားဆိုတာကို စိုးရိမ်နေကြသူတွေလည်း ရှိတယ်။ မကြာခင်ကပဲ သတင်းတစ်ရပ်ကတော့ ပိုးပိုးချင်းတိုက်ခိုက်နိုင်စွမ်းရှိတဲ့ ဗိုင်းရပ်စ်ပိုးသန့်သန့်တွေကို ဓာတ်ခွဲခန်းတွေက ထုတ်လုပ်နိုင်လာပြီလို့ သိရတယ်**

### သာမန်လူတွေအတွက် အခက်တွေ့စရာ

မမြင်ရတဲ့ပိုးတွေကို ရောဂါနဲ့တွဲပြီး မြင်နေမိတာကိုက ပြဿနာပါပဲ။ ကျွန်တော်တို့က မိုက်ခရိုစကုပ်မျက်လုံး (Microscope Eye) နဲ့ ကြည့်နေ၊ မြင်နေပြီး ပြောနေ ၊ ပညာပေးနေတာတွေက သာမန်လူတွေအတွက် အခက်တွေ့စရာပါပဲ။ မံသစက္ခုခေါ်တဲ့ သာမန်မျက်လုံးမှာ မပေါ်လာနိုင်တဲ့အရာတွေကြောင့် ကျွန်တော်တို့ သိသလောက်၊ ကျွန်တော်တို့ကြောက်သလောက် လူထုကမကြောက်ပါဘူး။ မကြောက်တဲ့အတွက် ဂရုလည်းမစိုက်မိကြပါဘူး။ “သတိမူရင် မြူကိုတောင် မြင်နိုင်တယ်” ဆိုစကားလိုပဲ သတိထားကြတဲ့သူတွေအတွက်သာ ထိရောက်ပါတယ်။

နောက်ပိုင်းကျတော့ အီလက်ထရွန်မိုက်ခရိုစကုပ်(Electron Microscope) တွေ ပေါ်လာတော့ ဗက်တီးရီးယားပိုးတွေထက် ပိုသေးတဲ့ ဗိုင်းရပ်စ်ပိုးတွေကိုပါ မြင်လာရတော့တယ်။ အခု ကိုရိုနာဗိုင်းရပ်စ်ပိုးလိုပါပဲ။ လူတွေအားလုံး (ကလေးတွေကအစ) ဖန်သားပြင်မှာ (ရုပ်/သံရော၊ လက်ကိုင်ဖုန်းရော)မြင်နေရတဲ့ အချွန်အတက်ကလေးတွေနဲ့ ဘောလုံးလေးတွေဟာ ကိုဗစ်-၁၉ ပါလားလို့ သိနေကြတယ်။ ဗိုင်းရပ်စ်ပိုးတွေ အချင်းချင်းလည်း လူတွေပြောနေကျစကားလို “သိသာသိစေ မမြင်စေနဲ့” ဆိုတဲ့အတိုင်း အပြင်မှာမဖြစ်ကြပါဘူး။ အဲဒါပြဿနာအကြီးကြီးပါပဲ။

လက်ထဲမှာပါလာမလားလို့ စိုးရိမ်ပြီး လက်ကိုဆပ်ပြာနဲ့ ရေနဲ့ စက္ကန့်နှစ်ဆယ် ဆေးကြရတယ်။ (အခုနောက်ဆုံးမျိုးကွဲပိုးကို ကာကွယ်ဖို့ စက္ကန့်လေးဆယ် ဆေးရမယ်တဲ့။) လက်တွေကို ဆေးသာဆေးနေရတာ ဘယ်ပိုးတွေက ဘယ်လိုမိုင်ဆဲလ် (Micelles) ဖြစ်ပြီး ဆပ်ပြာနဲ့အတူ ပြိုကွဲသွားတယ်ဆိုတာ မသိကြရပါဘူး။ နှာခေါင်းစည်း (Mask)တပ်ရမယ်ဆိုလို့ တပ်ထားပေးတာ၊ ဘယ်ဗိုင်းရပ်စ်ဘောလုံးလေးတွေက ဘယ်နှာခေါင်းစည်းမှာ ဘယ်လိုကပ်ပြီးကျန်ခဲ့တယ်ဆိုတာ မသိမမြင်ကြရပြန်ပါဘူး။ ဒီလိုနဲ့နှာခေါင်းစည်းတွေကို မေးချိတ်၊ နားရွက်မှာချိတ် ဘာမှမဖြစ်ရင် ဘာမှမဖြစ်ဘူး။ ဖြစ်ပြန်တော့လည်း ဘယ်လိုဖြစ်မှန်းမသိရဘဲ လူနာဖြစ်၊ လူသေဖြစ်။ (မနှစ်က ကိုယ်တိုင်ကြုံခဲ့ရတယ်)

### ပိုးတွေဟာ ကြိုတင်တွက်ဆလို့ မရနိုင်

လူတွေ တစ်ယောက်နဲ့တစ်ယောက် မြင်တွေ့ရပေမယ့် မကြင်ရ၊ မချစ်ရ၊ မထိရ၊ မကိုင်ရ ဝေးဝေးမှာ နေကြရပြန်တယ်။ ပထမ သုံးပေကွာ၊ နောက်တော့ခြောက်ပေကွာ၊အခုတော့ဝေးလေကောင်းလေဆိုပါလား။ ဒါကလည်း ဗိုင်းရပ်စ်ပိုးတွေရဲ့ မာယာပရိယာယ်နောက်က လိုက်နေရတဲ့ လူသားပညာရှင်တွေရဲ့ဘဝပါ။ ကျွန်တော်တို့ ဉာဏ်ရှိသလောက် ကြည့်ပေမယ့် ပိုးတွေဟာ ဘယ်လိုပြောင်းလဲလာကြမလဲဆိုတာ ကြိုတင်တွက်ဆလို့ မရနိုင်ဘဲ ပိုးတွေနောက်ကလိုက်နေရတဲ့ ဘဝအမှန်ကို မြင်နိုင်ရင်တော့ ကောင်းပါလိမ့်မယ်။

အခု ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးအကြောင်းကိုပဲ လေ့လာကြည့်ပါ။ တရုတ်နိုင်ငံ ဝူဟန်မှ ကူးစက်မြန်ပြင်းထန် အဆုတ်ရောင်ရောဂါစဖြစ်ကတည်းက မကြာခင်မှာ လက်သည်တရားခံ ကိုရိုနာဗိုင်းရပ်စ်ပိုးကို တွေ့ထားပြီးသား။ ပိုးကလေးတွေဟာ ခေါင်းဆောင်းဦးသျှောင်နဲ့ တူလို့ ကိုရိုနာ (Corona) လို့ အမည်တပ်ခဲ့တဲ့ ပထမဦးဆုံး ဗိုင်းရပ်စ်ပိုးကတော့ (Severe Acute Respiratory Syndrome – SARS) ရောဂါ ၂၀၀၃ ခုနှစ်မှာ စဖြစ်ခဲ့တဲ့ပိုး SARS-ကိုရိုနာဗိုင်းရပ်စ်လို့ အမည်တပ်ခဲ့တယ်။ အခု ကိုဗစ်-၁၉ ကိုတော့ (SARS Cov-2)လို့ နံပါတ်တပ်ပေးလိုက်ပါတယ်။ လွယ်လွယ်ကူကူ (Covid-19) ကိုဗစ်-၁၉ ပါ။

အဲဒီ ကိုဗစ်-၁၉ ဟာ ကမ္ဘာမှာ ကပ်ရောဂါဖြစ်လာပါတော့တယ်။ တစ်ကမ္ဘာလုံးကို နှိပ်စက်မွှေနှောက်ပြီး လူတိုင်းကို အိမ်ထဲပြေးဝင်စေခဲ့တယ်။ လူပေါင်း ၁၁ သန်းကို သတ်ဖြတ်ပြီးသွားပြီ။ လူ့ကိုယ်ထဲဝင်တဲ့ ဗိုင်းရပ်စ်ပိုးက မျိုးပွားပြီး ပျံ့ရင်ပျံ့၊ မပျံ့ရင် နှစ်ပတ်အကြာမှာ လူတွေရဲ့ ကိုယ်ခံအားနဲ့တွေ့ပြီး သေသွားမှာလို့ ထင်ခဲ့၊ ပြောခဲ့တဲ့ ပညာရှင်ဆိုသူတွေ နောက်ကောက်ကျသွားပါတယ်။

ကိုဗစ်-၁၉ ဟာ မျိုးရိုးဗီဇပြောင်းလာပါတယ်။ အင်္ဂလန်မှာ အယ်လ်ဖာ (Alpha) မျိုးကွဲ၊ ဘရာဇီးမှာ ဘီတာ (Beta) မျိုးကွဲ၊ တောင်အာဖရိကမှာ ဂါမာ (Gamma) မျိုးကွဲ၊ အိန္ဒိယမှာ ဒယ်လ်တာ (Delta) မျိုးကွဲတွေ ပေါ်လာခဲ့တယ်။ မြန်မာနိုင်ငံမှာတော့ သာမန် ကိုဗစ်-၁၉ တုန်းက ခံနိုင်ရည်တော်တော်ရှိပေမယ့် အိန္ဒိယကလာတဲ့ ဒယ်လ်တာမျိုးကွဲဗိုင်းရပ်စ်နဲ့ထိတော့ အတုံးအရုံးဖြစ်ကုန်တာပါပဲ။ မသေလို့ကျန်တဲ့ လူနာတစ်ယောက်ရဲ့ ဘေးဘယ်၊ ညာမှာ တဖြုတ်ဖြုတ်သေသွားတဲ့ ဆေးရုံတက်ဖော်တွေကို မြင်နေ၊ တွေ့နေခဲ့ရတဲ့အမှုအဖြစ်အပျက်တွေက မေ့နိုင်စရာမရှိပါဘူး။

ငယ်ငယ်ကကြားဖူးတဲ့ ပိုးမျိုးရှစ်ဆယ်ဆိုတာကို ကိုဗစ်-၁၉ တစ်မျိုးတည်းက ကြာရင်ကျော်တော့မယ်ထင်ပါရဲ့။ အယ်လ်ဖာ၊ ဘီတာ၊ ဂါမာ၊ ဒယ်လ်တာ၊ လမ်ဘဒါ၊ ကပ်ပါ၊ မြူ အခုတော့အိုမီခရွန်။ အိုမီခရွန်အောက်မှာပဲ ဒိုင်လျှိုဝင်လာတဲ့ မျိုးကွဲတွေဟာ ကပ်ရောဂါကြီးကို ပြန်ပြီး ခေါင်းထောင်စေခဲ့တယ်။ ဂျပန်နိုင်ငံမှာတော့ သတ္တမလှိုင်းဖြစ်ပြီး တစ်နေ့တာ ရောဂါပိုးတွေ့လူနာ စံချိန်တင်နေပါတယ်။ အဲဒီဂျပန်ရဲ့ စံချိန်ကို အမေရိကန်တွေက ပျင်းတောင်ပျင်းသေးတယ်။ သူတို့မှာ နေ့စဉ် သိန်းဂဏန်းနဲ့ချီတဲ့ ပိုးသစ်တွေ့နှုန်းရှိခဲ့တယ်။ အိုမီခရွန်ပိုး ထပ်ဝင်သွားတဲ့လူတွေဟာ ၈၀ ရာခိုင်နှုန်းနီးပါးရှိတယ်။

ကျွန်တော်တို့ဆီမှာတော့ မနှစ်က ဒယ်လ်တာနဲ့ အချီကြီးတွေ့လိုက်ပြီး ဒီနှစ်ဆန်းပိုင်းမှာဝင်လာတဲ့ အိုမီခရွန်မျိုးကွဲကို သိပ်မမှုပါဘူး။ ဒါပေမယ့် ပြီးခဲ့တဲ့ ဇွန်လ ၃၀ ရက်နေ့မှာ ဝင်လာတဲ့ လူတွေနဲ့အတူ အိုမီခရွန်မျိုးကွဲအသစ်တွေ ပါလာတယ်ဆိုတဲ့သတင်းရယ်၊ ပိုးတွေ့နှုန်းဟာ ခုဂဏန်းကနေ ဆယ်ဂဏန်းကိုတက်လာတဲ့ သတင်းရယ်က သတိထားစရာဖြစ်လာတယ်။ ပိုပြီးဂရုစိုက်ရမယ့်အချက်ကတော့ ဒီတစ်ခါဝင်လာတဲ့ မျိုးကွဲနှစ်မျိုးဟာ ကမ္ဘာ့နိုင်ငံအတော်များများမှာ ဒုက္ခကြီးကြီးပေးလာတဲ့ကိစ္စပါပဲ။

### ကာကွယ်ဆေးတွေ ကြိုးစားထုတ်လုပ်လာ

ကိုဗစ်-၁၉ ရဲ့ မျိုးကွဲဖြစ်တဲ့ အိုမီခရွန်ကိုယ်တိုင်က လူတွေရဲ့ ကိုယ်ခံအားကို လှည့်ပတ်ရှောင်ရှား ကူးစက်တာဖြစ်ပါတယ်။ အခု တစ်ခါပေါ်လာတဲ့မျိုးကွဲက BA 2.4 နဲ့ BA 2.5 မျိုးကွဲနှစ်မျိုးကို တွေ့ကြရတယ်။ ဒီနှစ်မျိုးက ကူးစက်မြန်ပြီး ရောဂါလည်း နည်းနည်းပြင်းထန်တယ်လို့ ဆိုကြတယ်။ အမေရိကန်မှာတော့ နေ့စဉ်လူသုံးရာနဲ့အထက် သေနေရဆဲပါပဲ။ ကပ်ရောဂါစဖြစ်ပြီး တစ်နှစ်အကြာမှာ ကာကွယ်ဆေးတွေအမျိုးမျိုး ကြိုးစားထုတ်လုပ်လာကြတယ်။ ကာကွယ်ဆေးတွေကိုလည်း လူတွေများများထိုးဖြစ်အောင် ကြိုးစားခဲ့ကြတယ်။ အခု BA 2.4 နဲ့ BA 2.5 မျိုးကွဲတွေက လူ့ရဲ့ကိုယ်ခံအားကို မကြောက်ဘူးဆိုတော့ သတိကြီးကြီးထားရတယ်။

အဲဒီထဲမှာမှ အိုမီခရွန်က ငြိမ်ငြိမ်မနေဘူး။ ဒယ်လ်တာမျိုးကွဲနဲ့ ပေါင်းပြီး ဒယ်လ်တာခရွန် (Deltacron) ဖြစ်သွားတာကို အစ္စရေးပညာရှင်တွေက တွေ့ကြရတယ်။ အခုနောက်ဆုံးပေါ် မျိုးကွဲသစ်ကတော့ စင်တောရပ်စ် (Centaurus) လို့ အမည်တပ်နေကြပြန်ပြီ။ BA.2 ကနေ ဆင်းသက်လာတဲ့ သီးသန့် BA 2.75 မျိုးကွဲပဲ ဖြစ်ပါတယ်။ သူ့အကြောင်းကို သိပ်မသိသေးဘူး။ ဒါပေမယ့် ခြေဖျက်ထားတဲ့ ပြိုင်မြင်း (Dark horse) အဖြစ်နဲ့ ကျန်တဲ့ဗိုင်းရပ်စ်တွေကို အနိုင်ယူသွားမယ်လို့ ပညာရှင်အချို့က တွက်ဆနေကြပါတယ်။

ဆိုလိုတာကတော့ ကိုရိုနာဗိုင်းရပ်စ်တွေဟာ လူ့ရဲ့ခန္ဓာကိုယ်ကို အသုံးချပြီး အချင်းချင်း မြင်းပြိုင်ပွဲကြီးလို ပြိုင်ပွဲတွေ ကျင်းပနေတာကို ခံနေရတယ်။ ကာကွယ်ဆေးက နောက်ကလိုက်နေပြီး၊ ဗိုင်းရပ်စ်တွေက မျိုးကွဲအမျိုးမျိုးထွက်ပြီး အရောင်ပြနေကြပါတယ်။ ပိုးနဲ့ပိုး ပြိုင်နေကြချိန်မှာ လူတွေက ခားစာခံဖြစ်ရုံမက ပိုးတွေမျိုးပြောင်းဖို့ အကူအညီပေးနေရတဲ့ဘဝကို သက်ရောက်လာပါတယ်။

Omicron BA2၊ BA2.4၊ BA2.5 ကနေ BA2.75 အထိ ပြောင်းလဲနေတာဟာ ကိုဗစ်-၁၉ ခေါင်းစဉ်အောက်က ပိုးတစ်မျိုးတည်းသာ ဖြစ်ပါတယ်။ ဒီကြားထဲမှာ မျောက်ကျောက်က ထလာပြန်တယ်။ သူကလည်း ကျောက်ရောဂါ ဗိုင်းရပ်စ်မျိုးကွဲတစ်မျိုးဖြစ်ပြီး ဥရောပမှာ ပြဿနာကြီးလာတယ်။ မြန်မာပြည်နဲ့နီးတဲ့ အိန္ဒိယမှာ နှစ်ယောက်တွေ့လာရပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကြီးမလာလို့ စောင့်စားနေချိန်မှာ မျောက်ကျောက်ရောဂါကို ကမ္ဘာ့ကပ်ပြဿနာအဖြစ် စဉ်းစားဖို့ လို၊ မလို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပညာရှင်တွေက ကျိတ်ဝိုင်းဖွဲ့ပြီး အခုကြေညာပါပြီ။

မျောက်ကျောက်ရောဂါကို စတွေ့ခဲ့ရတဲ့ အာဖရိကတိုက်ထဲက ဒေသတွေထဲမှာလည်း အီဘိုလာ (Ebola) ဗိုင်းရပ်စ်ရောဂါက ပေါ်လိုက်၊ ပျောက်လိုက်ဖြစ်နေတယ်။ SARS ရောဂါပြီးတဲ့နောက် ကိုဗစ်-၁၉ မဖြစ်ခင် MERS ဗိုင်းရပ်စ်ရောဂါက ကုလားအုပ်တွေကနေ စဖြစ်နေခဲ့တယ်။ တစ်ပြိုင်တည်းမှာ ကြက်ငှက်တုပ်ကွေး ($H_5N_1$) ဗိုင်းရပ်စ်ပိုးကလည်း မျိုးကွဲအမျိုးမျိုးနဲ့ လှည့်ပတ်နေလိုက်ကာ မြန်မာနိုင်ငံကိုတောင် ရောက်ခဲ့ဖူးသေးတယ်။ ဝက်တုပ်ကွေး ($H_1N_1$) နဲ့အတူ ဝက်တွေကို မလေးရှားမှာ ရောဂါဖြစ်ပြီးသေစေတဲ့ နီပါး (Nipah) ဗိုင်းရပ်စ်က လူတွေကို ကူးစက်နိုင်စွမ်းရှိတယ်။ အခုနောက်ဆုံး ဂါနာနိုင်ငံမှာတွေ့တဲ့ မားဘတ် (Marburg) ဗိုင်းရပ်စ်ကလည်း ပြဿနာဖြစ်လာတယ်။

ကိုရိုနာဗိုင်းရပ်စ်ဖြစ်တဲ့ ကိုဗစ်-၁၉ ဟာလည်း နီပါးတို့ မားဘတ်ဗိုင်းရပ်စ်တို့လိုပဲ လင်းနို့တွေကနေတစ်ဆင့် ကူးကြတာပါ။ အခုဆိုရင် ကိုဗစ်-၁၉ ဖြစ်တဲ့လူကနေ မြွေပါတွေကို ကူးတယ်။ အမြီးဖြူ ဒရယ်တွေကို ကူးတယ်။ ခွေးတွေ၊ ကြောင်တွေကို ကူးတယ်။ သူတို့ကနေ လူကိုပြန်ကူးတဲ့ (Reverse Zoonosis) မဖြစ်ဘူးလို့ မပြောနိုင်ပါဘူး။

ဒီတော့ လူတွေဘာလုပ်နေကြသလဲ။

ပိုးပိုးချင်းတိုက်ခိုင်းဖို့ ကြံနေကြတယ်။

ဗီဇအင်ဂျင်နီယာ (Genetic Engineering) နည်းတွေနဲ့ ဗိုင်းရပ်စ်တွေကို လူတွေပါဝင်တိုက်ခိုက်လာအောင် လုပ်နေကြတယ်။ အခု ကိုဗစ်-၁၉ ကပ်ဆိုက်နေချိန်မှာ ဘေးနားမှာ ရပ်စောင့်ကြည့်နေတဲ့ ဗက်တီးရီးယားပိုးဆိုးကြီးတွေကို ဗိုင်းရပ်စ်ပိုးတွေသုံးပြီး တိုက်ခိုက်ဖို့ စီစဉ်နေတယ်။

### ဓာတ်ခွဲခန်းက ထုတ်လုပ်နိုင်လာပြီ

ဒါပေမယ့်ဓာတ်ခွဲခန်းထဲမှာဗိုင်းရပ်စ်တွေကိုယဉ်ပါးအောင်လုပ်ရတာ သန့်ပါ့မလား၊ ဘေးကင်းပါ့မလားဆိုတာကို စိုးရိမ်နေကြသူတွေလည်း ရှိတယ်။ မကြာခင်ကပဲ သတင်းတစ်ရပ်ကတော့ ပိုးပိုးချင်းတိုက်ခိုက်နိုင်စွမ်းရှိတဲ့ ဗိုင်းရပ်စ်ပိုး သန့်သန့်တွေကို ဓာတ်ခွဲခန်းတွေက ထုတ်လုပ်နိုင်လာပြီလို့ သိရတယ်။

ဒီသတင်းမှန်ပါစေ၊ ဒီအလုပ်မြန်ပါစေ၊ ကပ်ရောဂါဆိုးအမျိုးမျိုး ဖြစ်ပေါ်စေပြီး လူတွေကို မျိုးဖြုတ်ဖို့ကြိုးစားနေတဲ့ ပိုးမွှားတွေကို ရှင်းလင်းနိုင်ပါစေလို့ ဆုတောင်းမိပါတယ်။ ။

# မွန်ပြည်နယ်အတွင်း နေ့ချင်းပြန် ဆက်သွယ်သွားလာနိုင်သည်အထိ လမ်းကွန်ရက် လွှမ်းခြုံနိုင်ခဲ့ပြီ

**သဘာဝအလှအပများ၊ ဘုရားပုထိုးစေတီများ၊ ယဉ်ကျေးမှု အမွေအနှစ်များနှင့် ဒေသခံတိုင်းရင်းသားများ၏ ရိုးရာဓလေ့ ဖော်ရွေပျူငှာမှုများနှင့် ပြည့်နှက်နေသည့် မွန်ပြည်နယ်သည် မြန်မာနိုင်ငံ တောင်ပိုင်းတွင် တည်ရှိနေသည်။ ကျိုက်ထို၊ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ကျိုက်မရော၊ ရေး၊ ပေါင်၊ ချောင်းဆုံ၊ သထုံ၊ ဘီးလင်း စသည့် မြို့ ၁၀ ဖြင့် ပြည်နယ်ကို ဖွဲ့စည်းထားသည်။**

မင်းမင်း

**ကွန်ရက်များ လွှမ်းခြုံထားနိုင်ပြီဖြစ်**

မွန်ပြည်နယ်သည် စိုက်ပျိုးရေးကို အခြေခံသော ပြည်နယ်တစ်ခုဖြစ်သည့် အားလျော်စွာ ရော်ဘာ၊ ဆန်၊ ပဲ၊ ဥယျာဉ်ခြံထွက်သီးနှံ စသည်ဖြင့် အမယ်စုံ စိုက်ပျိုးထွက်ရှိသည်။ ထို့အပြင် ပင်လယ်နှင့် နီးကပ်စွာတည်ရှိနေသည့်အတွက် ရေထွက်ကုန်များလည်း ထွက်ရှိသည့် ပြည်နယ်တစ်ခုဖြစ်ကာ ပြည်နယ်အတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်၊ ရေထွက်ကုန်များကို အလွယ်တကူ တင်ပို့ရောင်းချနိုင်ရန် လမ်း၊ တံတား ကွန်ရက်များလည်း လွှမ်းခြုံထားနိုင်ပြီဖြစ်သည်။

လမ်း၊ တံတား ကွန်ရက်များသည် ပြည်နယ်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်သည့်အတွက် ပြည်နယ်လမ်းဦးစီးဌာနသည် လမ်းကွန်ရက်များ ကောင်းမွန်ရေးကို စဉ်ဆက်မပြတ်ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရမည်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရမည်ဆိုသည့် နိုင်ငံတော်က ချမှတ်ထားသည့် လမ်းစဉ်အတိုင်း လမ်း/တံတားများ တိုးချဲ့တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကို လမ်းဦးစီးဌာနသည် ဘဏ္ဍာနှစ်အလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ဒေသထွက်ကုန်တွေ အဆင်ပြေပြေတင်ပို့နိုင်ပြီ**

"ကျွန်တော်တို့ ဒေသက လမ်းအခြေအနေကတော့ လမ်းအသုံးပြုသူ ပြည်သူတွေစိတ်ကျေနပ်မှု အပြည့်အဝပေးနိုင်တဲ့ အခြေအနေပါ။ လမ်းကောင်းတော့ မွန်ပြည်နယ်က မြို့နယ် ၁၀ မြို့ကို နေ့ချင်းပြန်သွားနိုင်နေပြီ။ ဒီလို ဒေသထွက်ကုန်တွေကိုလည်း အဆင်ပြေပြေ တင်ပို့နိုင်နေပြီ။ လမ်းကောင်းတော့ ကျန်တဲ့ကဏ္ဍတွေဖွံ့ဖြိုးဖို့လည်း လွယ်ကူတာပေါ့" ဟု မော်လမြိုင်မြို့မှ ဦးသိန်းနိုင် က ပြောပြသည်။

ပြည်နယ်အတွင်း လမ်းကွန်ရက် တိုးတက်ကောင်းမွန်စေရန် ပြည်ထောင်စုအဆင့်မှ စီမံခန့်ခွဲသော လမ်း ၇ လမ်း၊ ပြည်နယ်အဆင့် စီမံခန့်ခွဲသော လမ်း ၃၇ လမ်း စုစုပေါင်း ၄၄ လမ်းကို ပြည်နယ်လမ်းဦးစီးဌာနအနေဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

"လက်ရှိ ပြည်နယ်အတွင်းက လမ်းအခြေအနေမှာ ကတ္တရာကွန်ကရစ် (AC) လမ်း ၂၆၄ မိုင် ၇ ဖါလုံ၊ ကတ္တရာလမ်း မိုင် ၄၂၀ ၇ဖာလုံ၊ ကွန်ကရစ်လမ်း ငါး မိုင် သုံးဖာလုံနဲ့ မြေလမ်း မိုင် ၄၀ ငါးဖာလုံ ဖြစ်ပါတယ်။ တံတားစင်းရေအနေနဲ့ ၂၅၇၇ စင်းရှိပြီးတော့ သံမဏိကြိုးဆိုင်းတံတား နှစ်စင်း၊ သံကူကွန်ကရစ်တံတား ၁၂၇၆ စင်း၊ ဘေလီတံတား တစ်စင်း၊ သစ်သားတံတား တစ်စင်း၊ သံကူကွန်ကရစ်ရေထွက်ပေါက် ၁၂၂၄ စင်း၊ ပိုက်ပြွန်တံတား ၇၃ စင်း တည်ဆောက်ထားပြီး ဖြစ်ပါတယ်။ မွန်ပြည်နယ် တစ်ခုလုံးရဲ့ Paved Ratio ကို ရာခိုင်နှုန်းအနေနဲ့ ပြောရရင် ၉၄ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပါတယ်" ဟု ပြည်နယ်လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်နိုင်က ပြောကြားသည်။

ဘုရားကြီး – မော်လမြိုင် – ထားဝယ် – မြိတ်– ဘုတ်ပြင်း– ကော့သောင်းလမ်း(စစ်တောင်း – သထုံ– မော်လမြိုင် – ရေး– မလွှဲတောင်အပိုင်း)သည် ဘုရားကြီး – မော်လမြိုင် – ထားဝယ် – မြိတ် – ဘုတ်ပြင်း– ကော့သောင်းကားလမ်းသည် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးကို ဆက်သွယ်ထားသော အဓိက လမ်းမကြီးဖြစ်သည်။ ယင်းလမ်းသည် နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီးဖြစ်ပြီး ASIAN / ASEAN Highway (AH112) (NH1) လည်းဖြစ်ကာ ပြည်နယ်လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လမ်းပိုင်းတစ်ခုဖြစ်သည်။



(ရွှေသံလွင်ကုမ္ပဏီ မှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော)ဘုရားကြီး – မော်လမြိုင် – ထားဝယ် – မြိတ် – ဘုတ်ပြင်း – ကော့သောင်းလမ်း (စစ်တောင်း –ကျိုက်ထိုအပိုင်း)

**ရေလမ်းခရီးအားထားအသုံးပြု**

လမ်းမိုင် အရှည်မိုင် ၂၂၀၁ ဖာလုံ ရှည်လျားပြီး လမ်းနယ်နိမိတ်သတ်မှတ်ချက် ပေ ၂၃၀ ရှိသည့် ဘုရားကြီး – မော်လမြိုင် – ထားဝယ် – မြိတ်– ဘုတ်ပြင်း – ကော့သောင်းလမ်းကို ပြည်သူများ အချိန်တိုတိုနှင့် အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်ခြင်းဖြင့် ယခင်ကတည်ရှိခဲ့သော ထားဝယ် – မြိတ်– ဘုတ်ပြင်း – ကော့သောင်းခရီးစဉ်ကို ရေလမ်းခရီးမှ ရုပ်ပြေးယာဉ်များကိုသာ အားထားအသုံးပြုရသည့် အခြေအနေကို ကျော်လွှားနိုင်ခဲ့ပြီ ဖြစ်သည်။

ယင်းလမ်း အဆင့်မြှင့်တင် ဆောင်ရွက်ရာတွင် မွန်ပြည်နယ်၊ သထုံခရိုင်အပိုင်း ၁၀၁ မိုင် ၆ ဖာလုံကို ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ B.O.T စနစ်ဖြင့် လည်းကောင်း၊ မော်လမြိုင် ခရိုင်အပိုင်း ၁၁၈ မိုင် သုံးဖာလုံ ရှိသည့်အနက် ၃၇ မိုင်ကို အေးကိုမိသားစုဆောက်လုပ်ရေး ကုမ္ပဏီမှ B.O.T စနစ်ဖြင့် လည်းကောင်း၊ ၈၁ မိုင် သုံးဖာလုံကို လမ်းဦးစီးဌာနမှ လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

> ❑ **လမ်း၊ တံတား ကွန်ရက်များသည် ပြည်နယ်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်သည့်အတွက် ပြည်နယ်လမ်းဦးစီးဌာနသည် လမ်းကွန်ရက်များ ကောင်းမွန်ရေးကို စဉ်ဆက်မပြတ် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရမည်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရမည်ဆိုသည့် နိုင်ငံတော်က ချမှတ်ထားသည့် လမ်းစဉ်အတိုင်း လမ်း / တံတားများ တိုးချဲ့တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကို လမ်းဦးစီးဌာနသည် ဘဏ္ဍာနှစ်အလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီက ဆောင်ရွက်သော စစ်တောင်းတံတား (မုပ္ပလင်)မှ သံလွင်တံတား (မော်လမြိုင်) ထိလမ်းပိုင်းတွင် တစ်ရက်ပျမ်းမျှယာဉ်စီးရေ AADT သည် ၃၀၀၀– ၅၀၀၀ ကျော်ခန့်ရှိသည့်အတွက် ၃၆ ပေအကျယ် ကတ္တရာကွန်ကရစ် (AC) လမ်းအဖြစ် ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်သည်။

**ခွင့်ပြုရန်ပုံငွေလမ်းအဖြစ် ဆောင်ရွက်နိုင်**

အေးကိုမိသားစုကုမ္ပဏီက ဆောင်ရွက်သော မော်လမြိုင်မှ သံဖြူဇရပ်မြို့အထိ ၃၇ မိုင် လမ်းပိုင်းတွင် လေးမိုင် နှစ်ဖာလုံ အား ၃၆ ပေ အကျယ်နှင့် ၃၂ မိုင် ခြောက်ဖာလုံမှာ ၂၄ ပေအကျယ် ကတ္တရာကွန်ကရစ် (AC) လမ်းအဖြစ် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ လမ်းဦးစီးဌာနအနေဖြင့် နှစ်စဉ်ခွင့်ပြုရန်ပုံငွေဖြင့် ၂၄ ပေ အကျယ် ကတ္တရာလမ်းအား ကတ္တရာကွန်ကရစ်(AC) လမ်းအဖြစ်ဆောင်ရွက်ခဲ့ရာ ၂၀၂၂– ၂၀၂၃ ဘဏ္ဍာနှစ်ကုန်တွင် မိုင် ၇၀ ပြီးစီးခဲ့ကာ စုစုပေါင်း (၂၀၈ မိုင် ခြောက်ဖာလုံ ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ ၁၁ မိုင် သုံးဖာလုံသာ ဆောင်ရွက်ရန် ကျန်ရှိတော့သည်။

လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လမ်းပိုင်းတစ်ခုဖြစ်သည့် သံဖြူဇရပ်(သင်္ကော)– ဘုရားသုံးဆူလမ်း (သင်္ကော – လွတ်ရှမ်းအပိုင်း) လမ်းသည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်သောလမ်းဖြစ်သည်။

ပြည်နယ်ချင်းဆက်လမ်း ဖြစ်သည့်အပြင် နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီး တစ်ခုဖြစ်ပြီး ထိုင်းနိုင်ငံသို့ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းမကြီး (NH4) လည်း ဖြစ်ကာ လမ်းနယ်နိမိတ်သတ်မှတ်ချက်အရ ပေ ၂၃၀ စုစုပေါင်းမိုင်အရှည် ၆၃ မိုင် နှစ်ဖာလုံ ရှည်လျားသည်။

**ထိုင်းနိုင်ငံနှင့် ကုန်စည်ကူးသန်းရာတွင် ပိုမိုလွယ်ကူ**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် လမ်းဦးစီးဌာနအပိုင်းတွင် ကိုးမိုင် ငါးဖာလုံရှိသည်။ လမ်းအဆင့်မြှင့်တင်ခြင်း မဆောင်ရွက်မီက မြေသားအဆင့် လမ်းအဖြစ်သာ တည်ရှိခဲ့သည်။ မြေသားလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့် အဆင့်မြှင့်တင်ခြင်းဖြင့် ထိုင်းနိုင်ငံနှင့် ကုန်စည်ကူးသန်းရာတွင် ပိုမိုလွယ်ကူချောမွေ့စွာ ဆက်သွယ်နိုင်မည်ဖြစ်သည့်အတွက် လမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ခဲ့ရာ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်ကုန်တွင် မွန်ပြည်နယ်အပိုင်း၌ ခုနစ်မီတာ အကျယ် ကတ္တရာလမ်းအဖြစ် တိုးတက်အသုံးပြုနိုင်မည် ဖြစ်သည်။

*စာမျက်နှာ ၂၂ သို့*





ဘုရားကြီး – မော်လမြိုင် – ထားဝယ် – မြိတ် – ဘုတ်ပြင်း – ကော့သောင်းလမ်း (မော်လမြိုင် – ရေး – မလွှဲတောင်အပိုင်း) ပေါ်ရှိ သံလွင်တံတား(မော်လမြိုင်)

# မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များတည်ရှိနေသည့် ဆံရစ်ဝိုင်း ဆင်ယင်ထုံးဖွဲ့မှုဓလေ့များကို နိုင်ငံတကာက လာရောက်လေ့လာ



ပွင့်ဖြူ ဩဂုတ် ၇

ဆံရစ်ဝိုင်းရွာဟု တင်စားခေါ်ဝေါ်ကြသော ရေပုတ်ကြီးရွာသည် ပွင့်ဖြူမြို့နယ်၏ အနောက်မြောက်ဘက် ခုနစ်မိုင်အကွာတွင် တည်ရှိပြီး ရှေးအခါက ရွာ၏ အရှေ့ဘက်တွင် တည်ရှိသော ရေကန်ကြီးသည် ငှက်တစ်ကောင်၏ အစာဇလုတ်ပုံသဏ္ဌာန် ဖြစ်နေတာကြောင့် ရေဇလုတ်ကြီးရွာဟု ခေါ်တွင်ရာမှ ကာလရွေ့လျားလာသည့်အခါ ရေပုတ်ကြီးရွာ ဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်။

ရေပုတ်ကြီး ကျေးရွာကို ပွင့်ဖြူမြို့နယ် ရောက်တောရွာ တမံပေါင်အတိုင်း သွားပါက ကျောင်းကုန်းကြီး ကျေးရွာအထိ သုံးမိုင်ကွာဝေးပြီး ကျောင်းကုန်းကြီးကျေးရွာမှ ဆက်လက်ထွက်ခွာပါက ရေပုတ်ကြီးကျေးရွာအထိ လေးမိုင် သွားရကြောင်း သိရသည်။

ရေပုတ်ကြီး ကျေးရွာသည် မြန်မာ့ရိုးရာယဉ်ကျေးမှုကို အစဉ်လေးစားတန်ဖိုးထားကာ လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့သော ကျေးရွာတစ်ရွာဖြစ်သည်။ ဆံရစ်ဝိုင်းထုံးဖွဲ့မှုကို အသက် ငါးလအရွယ်မှ စတင်ကာ အမျိုးသား၊ အမျိုးသမီး အကုန်ထားကြပြီး ဆံရစ်ဝိုင်းထားသူဦးရေ ၆၀၀ ကျော် ၇၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။ ရိုးရာယဉ်ကျေးမှု အမွေအနှစ်အဖြစ် ဆံရစ်ဝိုင်း ဆင်ယင်ထုံးဖွဲ့မှုမှာ လသားအရွယ်မှာ ဦးစမုတ်ပုံစံ၊ အသက် သုံးနှစ်မှ လေးနှစ်အတွင်း ကြက်တောင်စည်းပုံစံ၊ အသက် ငါးနှစ်မှ ခြောက်နှစ်အရွယ် ဆံရစ်ဝိုင်းပုံစံ၊ အသက် ၁၆ နှစ်မှာ ဂျပန်ဆံတောက်ပုံစံနှင့် အသက် ၁၇ နှစ်မှ ၁၈ နှစ်အရွယ်တွင် နောက်ကောက် ပုံစံဟူ၍ ထုံးဖွဲ့ထားလေ့ရှိကြသည်။

ရေပုတ်ကြီး ကျေးရွာ၌ ဆံရစ်ဝိုင်းအမျိုးသမီး အဖွဲ့အစည်းများကို ၂၀၁၅ ခုနှစ်မှ စတင်ကာ ဖွဲ့စည်းထားကြောင်း သိရသည်။ ရေဇလုတ်ကြီးကျေးရွာ (ခေါ်) ရေပုတ်ကြီးကျေးရွာ၏ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆံရစ်ဝိုင်းပုံ ဆင်ယင်ထုံးဖွဲ့မှု ဓလေ့များကို အာဆီယံနိုင်ငံများ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျနှင့် အနောက်နိုင်ငံများက လာရောက်လေ့လာကြောင်း သိရသည်။

ရွာ၏ ဆံရစ်ဝိုင်းထားရှိသည့် ဓလေ့ကို မပျောက်ပျက်အောင် ကျေးရွာမှာရှိသည့် ရပ်မိ ရပ်ဖများနှင့် ကျေးရွာသူ ကျေးရွာသားများက ဝိုင်းဝန်း၍ ထိန်းသိမ်းစောင့်ရှောက်ထားကြသည်။ ရွာအဝင်တွင် မဏိစည်သူမင်းကြီးနှင့် မိဖုရားကြီးကိုယ်တိုင် လာရောက်ဖူးမြော်ကြသည့် ရေဘသုခ ကိုးတောင်ပြည့်စေတီ (ခေါ်) ရတနာဦး စေတီတော်မြတ်အား လာရောက် ဖူးမြော်ကြည်ညို နိုင်ကြသည်။ သို့ပါ၍ ဘုရား၊ ရေကန်၊ ကျောင်းဇရပ်များနှင့် ပန်းတင့်နေသည့်အပြင် ရှေးမြန်မာဘုရင်များလက်ထက်မှ ယနေ့တိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများကို လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့သည့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မှ ရေပုတ်ကြီးကျေးရွာသို့ အလည်တစ်ခေါက် လာရောက်ဖို့ ဖိတ်ခေါ်လိုက်ရပါတော့သည်။

**ဇေယျာထက်**
**(မင်းဘူး)**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

## သရက်ချောင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**သရက်ချောင်း ဩဂုတ် ၇**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ကြီးမှူး၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို သရက်ချောင်းမြို့ ပန်းတောအခြေခံပညာ မူလတန်း(လွန်)ကျောင်း၌ ဩဂုတ် ၆ ရက်က ပြုလုပ်သည်။

ဟောပြောပွဲတွင် သရက်ချောင်းမြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေမျိုးဆေးနှင့် ဝန်ထမ်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေလင်းဦးနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ပြီး တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော ဘေး ကိုးမျိုးအကြောင်း သိကောင်းစရာများ၊ လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များအကြောင်း စသည်တို့ကို ဟောပြောဆွေးနွေးကာ သရုပ်ပြခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းနှင့် မေးခွန်းများမေးမြန်းခြင်းများ ဆောင်ရွက်ကာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ဦးစီးဌာနမှဝန်ထမ်းများက လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသိပညာပေး ဗီနိုင်းများကပ်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သားကြီး**
**(သရက်ချောင်း)**

## မအီမြို့ပေါ်ရပ်ကွက်များရှိ ကျေးရွာများကို သောက်သုံးရေပေးဝေးနိုင်ရန်ဆောင်ရွက်လျက်ရှိ

**မအီ ဩဂုတ် ၇**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မအီမြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေပေးဝေနိုင်ရေးအတွက် မအီမြို့၏ အနောက်တောင်ဘက် တစ်မိုင်ခန့်တွင်တည်ရှိသည့် ညောင်ခြေထောက်ဆည်၌ ကွင်းဆင်းပြုပြင်ခြင်းများကို စည်ပင်သာယာရေးအဖွဲ့က ဩဂုတ် ၄ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

မအီမြို့ စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်မင်းဟန်နှင့် ဝန်ထမ်းများက ရေပေးဝေရေးလုပ်ငန်းတွင် လိုအပ်နေသည်များကိုစစ်ဆေး၍ ရေပိုက်ခေါင်းများလဲလှယ်ခြင်း၊ ရေမော်တာများ စစ်ဆေးခြင်း၊ လိုအပ်သည်များကို အသစ်လဲလှယ်ခြင်းနှင့် မြို့ပေါ်ရပ်ကွက်များသို သွယ်တန်းထားသည့် ရေအောက်၊ မြေအောက် ပိုက်လိုင်းများ စစ်ဆေးပြုပြင်ခြင်းများကို ဆောင်ရွက်ခြင်းဖြစ်သည်။


**မောင်မောင်ဌေး(ပြန်/ဆက်)**

*စာမျက်နှာ ၂၁ မှ*

ထို့ပြင် ဒေသအလိုက် အလားအလာရှိသော ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုး တိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေး မဟာဗျူဟာအပေါ် အခြေခံ၍ (NCDP/MSDP) တို့နှင့် ချိတ်ဆက်ရေးဆွဲထားသည့် ငါးနှစ်စီမံကိန်းအရ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ကုန်တွင် ခုနစ်မီတာအကျယ် ကတ္တရာကွန်ကရစ် (AC) လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားရန် လျာထားသည့်အတွက် လမ်းနှင့်အတူ ဒေသစီးပွားရေးတိုးတက်မှုများစွာ ဖြစ်ပေါ်လာမည် ဖြစ်သည်။

**ယာဉ်ကြောပိတ်ဆို့မှု မကြာခဏ ဖြစ်ပေါ်နေ**

ဒေသတွင်း ဆက်သွယ်သွားလာမှု ပိုမိုအဆင်ပြေလွယ်ကူစွာ သွားနိုင်ရေးအတွက် ပြည်နယ်လမ်းဦးစီးဌာနသည် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ ကျိုက်ထိုမြို့တွင်းအပိုင်းနှင့် ကျိုက်ထို – ကင်မွန်းစခန်းအပိုင်းသည် ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင်ယာဉ်ကြီးများ၊ ကျိုက်ထီးရိုးဘုရားဖူးကာလများ၌ ဘုရားဖူးယာဉ်များ ယာဉ်သွားလာမှု များပြားကာ ယာဉ်ကြောပိတ်ဆို့မှု မကြာခဏ ဖြစ်ပေါ်နေသည့်အတွက် ကျိုက်ထိုမြို့ရှောင်လမ်းကို ဖောက်လုပ်ခဲ့သည်။



လမ်းဦးစီးဌာန မော်လမြိုင်ခရိုင်မှ ဆောင်ရွက်သော ဘုရားကြီး – မော်လမြိုင် – ထားဝယ် – မြိတ် – ဘုတ်ပြင်း – ကော့သောင်းလမ်း (သံဖြူဇရပ်–ရေး–မလွဲတောင်အပိုင်း)

"ကျိုက်ထိုမြို့နယ်အပိုင်းမှာ ပွင့်လင်းကာလ ဘုရားဖူးရာသီချိန်ဆို ယာဉ်စီးရေ ၅၀၀၀ မှ ၁၀၀၀၀ ကျော်ခန့် ဖြတ်သန်းသွားလာမှုရှိတဲ့အတွက် ကျိုက်ထိုမြို့တွင်းအပိုင်းနဲ့ ကျိုက်ထို – ကင်မွန်းစခန်းလမ်းအပိုင်းမှာ ယာဉ်ကြောပိတ်ဆို့မှု မကြာခဏဖြစ်ပေါ်တယ်။ ဒါကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းစေဖို့ ဖောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ဒီလမ်းက သုံးမိုင် ငါးဖာလုံ အရှည်ရှိပြီး လမ်းနယ်နိမိတ်သတ်မှတ်ချက် ပေ ၂၃၀ ဖြစ်ပါတယ်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ကုန်တွင် သုံးမိုင် ငါးဖာလုံအရှည်အား ၂၄ ပေအကျယ် ကတ္တရာကွန်ကရစ် (AC) လမ်းအဖြစ် အသုံးပြုနိုင်တော့မှာဖြစ်ပါတယ်" ဟု သထုံခရိုင် လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်မင်းက ပြောကြားသည်။

**အချိန်ကြာမြင့်သည့်အခြေအနေကို ကျော်လွှားနိုင်မည်ဖြစ်**

ထိုသို့ အဆင့်မြှင့်တင်နိုင်ခြင်းကြောင့် ယခင်က ဘုရားဖူးရာသီများတွင် ယာဉ်ကြောပိတ်ဆို့၍ ကျိုက်ထိုမြို့တွင်းဖြတ်သန်းရာတွင် အချိန် ၁ နာရီခန့်ကြာမြင့်ခဲ့သည့်အခြေအနေကို ကျော်လွှားသွားနိုင်တော့မည်ဖြစ်သည်။

သို့ဖြစ်၍ မွန်ပြည်နယ် လမ်းဦးစီးဌာနသည် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဖြစ်သည့် ကတ္တရာကွန်ကရစ် (AC) လမ်းခင်းခြင်း၊ ကတ္တရာလမ်းချဲ့ခင်းခြင်း၊ ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းများနှင့် တံတားများကို အမြဲတမ်းသံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ခြင်းတို့အပြင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါကလည်း လမ်းပြတ်တောက်မှုမရှိစေရန် အချိန်မီဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များသို့လည်း အချိန်တိုအတွင်း နေ့ချင်းပြန်သွားလာနိုင်သဖြင့် ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်လာပြီး သယ်ယူပို့ဆောင်စရိတ် လျှော့ချစေနိုင်ကာ လူမှုရေး၊ စီးပွားရေးကဏ္ဍများကို များစွာအထောက်အကူပြုလျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။

# စိုက်ပျိုးရေအခက်အခဲဖြစ်နေသော တောင်သူများအတွက် ဆိုလာစနစ်ဖြင့် ရေရရှိအောင် ဆောင်ရွက်ပေး

**ရေတာရှည် ဩဂုတ် ၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ မိုးရွာသွန်းမှု နည်းပါးသည်မှာ တစ်လခွဲနီးပါးရှိလာပြီးနောက် စိုက်ပျိုးစပါးခင်းများ ရေပြတ်ကာ ပျိုးနုတ်၍မရတော့ခြင်း၊ ကောက်ပင်ဖာထေးခြင်းနှင့် ခါတ်မြေဩဇာကျဲပက်မရခြင်း စသည့်အခက်အခဲများ ကြုံတွေ့နေကြရသလို လက်ရှိအချိန်အထိလည်း စိုက်ပျိုးရေမရရှိသည့်အတွက် မိုးစပါးစိုက်ရန် အခက်အခဲများကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေး ကော်မတီက ဆိုလာစနစ်ဖြင့် ရေတင်ပေးလျက်ရှိကြောင်း သိရသည်။

ဩဂုတ် ၆ ရက်တွင် ကြံသနွယ်ကျေးရွာအုပ်စု စိုင်တမော့ကြီးကျေးရွာမှ တောင်သူတစ်ဦး၏ လယ်မြေ၌ ၃၂၅ ဝပ်အားရှိ ဆိုလာပြား ခြောက်ပြားပါ ဆိုလာပန့်ဖြင့် ရေတင်ပေးခဲ့ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် ကော်မတီဝင်များက ကွင်းဆင်းကြည့်ရှုသည်။ ဆိုလာစနစ်ဖြင့် ရေတင်ပေးရာတွင် ရေတွင်းတူးခြင်း၊ ပိုက်ထည့်ခြင်း၊ ရေသွယ်ပိုက်များ ဆောင်ရွက်ခြင်းအတွက် ငွေကျပ် ခုနစ်သိန်းဝန်းကျင် ကုန်ကျခဲ့ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီက နှစ်စုနှင့် တောင်သူက တစ်စု အကုန်အကျခံခဲ့ကြောင်း သိရသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌက "ကျွန်တော်တို့ဆီမှာ လက်ရှိ ဆိုလာက သုံးစုံပဲရှိတယ်။ အမှန်တကယ် အခက်အခဲရှိနေတဲ့ တောင်သူတွေကို အလှည့်ကျရွှေ့လျားစနစ်နဲ့ ဆောင်ရွက်ပေးနေတာ။ ရေအိုင်တွေရှိရင်တော့ ကုန်ကျစရိတ်သက်သာတယ်။ ရေတွင်းတူးရရင် ကုန်ကျမှုရှိတယ်"ဟု ရှင်းပြသည်။

မြို့နယ်အတွင်းမှ မိုးစပါးစိုက်ပျိုးထားသော တောင်သူများအနေဖြင့် စိုက်ပျိုးသက် တစ်လခွဲနှင့် နှစ်လသား ကျော်လာချိန်အထိ မိုးမရွာသည့်အတွက် ယခုတိုင် ခါတ်မြေဩဇာကျဲပက်နိုင်ခြင်း မရှိသေးသောကြောင့် အပင်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် အထွက်နှုန်း လျော့ကျမည်ကိုလည်း စိုးရိမ်မှုများရှိနေကြကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



# အုတ်တွင်းမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြ

**အုတ်တွင်း ဩဂုတ် ၇**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား မီးဘေးကြိုတင်ကာကွယ်ရေးအသိ သတိရှိကြစေရန်နှင့် မီးဘေးအန္တရာယ်ကြုံလာပါက လက်တွေ့ငြိမ်းသတ်နိုင်စေရန်ရည်ရွယ်၍ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့က ကျောင်းဝင်းအတွင်း၌ ဆောင်ရွက်သည်။

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကျော်မြင့်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးခဲ့ပြီး မီးလောင်မှုဖြစ်ပွားခဲ့ပါက အရေးပေါ် မီးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်မော်တော်ယာဉ်ဖြင့် ရေပက်ဖျန်းမီးငြိမ်းသတ်ခြင်းများကို မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



# တာမွေမြို့နယ်၌ မူလတန်းအဆင့်ကျောင်းသား ကျောင်းသူအားလုံး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီး

**တာမွေ ဩဂုတ် ၇**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ အသက်ငါးနှစ်မှ ၁၂ နှစ်အထိ အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ရာ ဩဂုတ် ၅ ရက်တွင် မြို့နယ်အတွင်းရှိ အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။



မြို့နယ်အတွင်းရှိ အသက်ငါးနှစ်မှ ၁၂ နှစ်အထိ အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများအား ဇွန် ၂ ရက်မှစတင်ကာ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ရာ ဩဂုတ် ၅ ရက်တွင် အခြေခံပညာကျောင်းများမှ အသက် ငါးနှစ်မှ ၁၂ နှစ်ကြား အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူ ၄၄၀၄ ဦးအား ကာကွယ်ဆေးရာနှုန်းပြည့် ထိုးနှံပြီးစီးခြင်းဖြစ်ကြောင်း၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသေးသော အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာအလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများကိုလည်း ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နိုင်လင်းအောင်(တာမွေ)**

# ကံမမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)များကို ဆော့ဖ်ဝဲပရိုဂရမ်ဖြင့် ထည့်သွင်း

**ကံမ ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးက မြို့နယ်အတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)များအား ဆော့ဖ်ဝဲပရိုဂရမ်ဖြင့် ရိုက်ကူးထည့်သွင်းခြင်း လုပ်ငန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစိုးပိုင်မြင့်နှင့် တာဝန်ရှိသူများက ဩဂုတ် ၆ ရက်က ကြည့်ရှုစစ်ဆေးကြသည်။

အိမ်ထောင်စု လူဦးရေစာရင်း ပုံစံ ၆၆/၆) များ၏ အချက်အလက်များ တိကျမှန်ကန်မှုရှိစေရေးအတွက် နိုင်ငံသားကိုယ်ရေး မှတ်တမ်းအချက်အလက်များကို e-ID စနစ်ဖြင့် အသုံးပြုကာ ကွန်ပျူတာအတွင်းသို့ ထည့်သွင်းသည့်လုပ်ငန်းကို စစ်ဆေးခြင်းဖြစ်ပြီး အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းများပြီးစီးနိုင်ရေး ဆောင်ရွက်သွားကြရန် လူမှုရေးရာဝန်ကြီးက မှာကြားသည်။

ကံမမြို့နယ်၌ အိမ်ထောင်စုပေါင်း ၁၈၃၃၉ စုရှိပြီး စာရင်းသွင်းခြင်းကို မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးမှ ဝန်ထမ်းသုံးဦးနှင့် အခြားဌာနများမှ ဝန်ထမ်းကိုးဦး စုစုပေါင်း ဝန်ထမ်း ၁၂ ဦးဖြင့် သတ်မှတ်ကာလအတွင်း အောင်မြင်စွာပြီးစီးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**



# နမ္မတူမြို့နယ်၌ လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့

**နမ္မတူ ဩဂုတ် ၇**

နမ္မတူမြို့နယ်၌ ဇူလိုင် ၃၁ ရက်က လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အမိုးလန်ပျက်စီးခဲ့သော လူနေအိမ် ခုနစ်လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုးငွေများကို ဩဂုတ် ၅ ရက်က ထောက်ပံ့ပေးအပ်သည်။

အမိုးလန်ပျက်စီးခဲ့သည့် ဟင်ဘုတ်ကျေးရွာအုပ်စု ဟင်ပုတ်ကျေးရွာရှိ လူနေအိမ် လေးလုံး၊ ပန်ဆန်းကျေးရွာရှိ လူနေအိမ် နှစ်လုံးအတွက် တစ်အိမ်လျှင် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ်ငါးသောင်းစီ၊ ပန်ဆန်းကျေးရွာရှိ လုံးဝပျက်စီးခဲ့သည့် လူနေအိမ်တစ်လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ်နှစ်သိန်းနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ပလတ်စတစ်ပုံ တစ်ပုံး၊ လူဦးရေ ၄၁ ဦးအတွက် တစ်ပတ်စာ ဆန်ဖိုးထောက်ပံ့ငွေကျပ် ၈၆၁၀၀ တို့ကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံးက လေဘေးသင့်ပြည်သူများကိုယ်စား ကျေးရွာအုပ်စုစာရေးထံ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။ **လူမော် (ပြန်/ဆက်)**

# မုက္ကဒိခေတ်မီစံပြကျေးရွာ၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဆင်း

**ဘားအံ ဩဂုတ် ၇**

ကရင်ပြည်နယ် ဘားအံမြို့နယ် မုက္ကဒိခေတ်မီစံပြကျေးရွာ၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဆင်းပွဲကို ဩဂုတ် ၅ ရက်က မုက္ကဒိခေတ်မီစံပြကျေးရွာ အထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးခင်မောင်ကျော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားများအား အောင်လက်မှတ်များပေးအပ်ချီးမြှင့်သည်။ သင်တန်းဆင်းပွဲသို့ စက်မှုလယ်ယာဦးစီးဌာနမှ သင်တန်းနည်းပြဆရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသား ၃၀ တက်ရောက်သည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကမ္ဘောဒီးယားကို အနိုင်ကစားရုံဖြင့် မြန်မာအသင်း အာဆီယံ ယူ-၁၆ ပြိုင်ပွဲ ဆီမီးတက်ခွင့်ရမည်



ရန်ကုန် ဩဂုတ် ၇

**၂၀၂၂ အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (ဂ) နောက်ဆုံးနေ့ကို ဩဂုတ် ၈ ရက် (ယနေ့) တွင် အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ကမ္ဘောဒီးယားအသင်းကို အနိုင်ကစားရုံဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရမည် ဖြစ်သည်။**

ယင်းပြိုင်ပွဲကို အုပ်စုသုံးခုခွဲ၍ ကျင်းပနေပြီး ဩဂုတ် ၇ ရက်တွင် အုပ်စုနှစ်ခု ကျင်းပပြီးစီးသွားပြီဖြစ်ကာ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရသည့် နှစ်သင်းထွက်ပေါ်ထားပြီး ဖြစ်သည်။ ကျန်နှစ်နေရာအတွက် ယနေ့ကစားမည့် အုပ်စု (ဂ) နောက်ဆုံးနေ့အပြီးတွင် ထပ်မံ ထွက်ပေါ်မည်ဖြစ်သည်။ အုပ်စု (ဂ) နောက်ဆုံးနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် တစ်ချိန်တည်း ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် ကမ္ဘောဒီးယား၊ မလေးရှားနှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုဒုတိယနေ့အပြီးတွင် မလေးရှားနှင့် မြန်မာအသင်းက လေးမှတ်စီ၊ ကမ္ဘောဒီးယားအသင်းက သုံးမှတ်ရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးရှိနေပြီး ဩစတြေးလျအသင်းမှာ နှစ်ပွဲစလုံး ရှုံးနိမ့်ထားသဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့် ဆုံးရှုံးသွားပြီဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများတွင် ဩစတြေးလျကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး မလေးရှားနှင့် တစ်ဂိုးစီသရေကျထားသည်။ ကမ္ဘောဒီးယားအသင်းမှာ မလေးရှားကို သုံးဂိုးပြတ် အရေးနိမ့်ကာ ဩစတြေးလျကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရထားသည်။ ကမ္ဘောဒီးယားအသင်းအနေဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးရှိသော်လည်း မြန်မာအသင်းကို အနိုင်ကစားရမည့်အပြင် ဂိုးပြတ်လည်း သွင်းယူရမည်ဖြစ်သည်။

အုပ်စု (က) နှင့် (ခ) ပွဲစဉ်များ ပြီးဆုံးသွားပြီး အုပ်စု (က) တွင် အိမ်ရှင်အင်ဒိုနီးရှားက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ အုပ်စု (ခ) တွင် ထိုင်းအသင်းက ခုနစ်မှတ်ဖြင့် အုပ်စုပထမရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်ထားပြီး ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုသုံးခုမှ ထိပ်ဆုံးသုံးသင်းမှာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်ပြီး ကျန်တစ်နေရာအတွက် အုပ်စု (က) နှင့် (ဂ) ဒုတိယနေရာရ နှစ်သင်းအနက် အကောင်းဆုံး တစ်သင်းသာ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ အုပ်စု (က) တွင် ဗီယက်နမ်အသင်းမှာ သုံးပွဲကစား ခြောက်မှတ်သာ ရထားသဖြင့် ယနေ့ကစားမည့် အုပ်စု (ဂ) နောက်ဆုံးနေ့တွင် လေးမှတ်စီ ရထားသည့် မလေးရှားနှင့် မြန်မာအသင်းတို့မှာ အနိုင်ရရုံဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာအသင်းအနေဖြင့် ယနေ့ကစားမည့်ပွဲတွင် ကမ္ဘောဒီးယားကို အနိုင်ရပါက အခြားပွဲရလဒ်ကို စောင့်ကြည့်စရာမလိုဘဲ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်ပြီး မလေးရှားအသင်းလည်း အနိုင်ရပါက အုပ်စုပထမနေရာအတွက် ဂိုးကွာခြားချက်ဖြင့် ဆုံးဖြတ်ရမည်ဖြစ်သည်။

ရဲရင့်လွင်

ဓာတ်ပုံ-FAM

# ရတနာပုံနှင့် ရောဝတီ အရှုံးအနိုင်မပေါ်ဘဲ အမှတ်ခွဲယူ

ရန်ကုန် ဩဂုတ် ၇

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၇) ဒုတိယနေ့အဖြစ် ရတနာပုံနှင့် ရောဝတီအသင်းတို့ ဩဂုတ် ၇ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ အရှုံးအနိုင်မပေါ်ဘဲ ဂိုးမရှိသရေကျခဲ့သည်။

ရောဝတီအသင်း အနေဖြင့် ယခုပွဲအနိုင်ရပါက ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်နှင့် ငါးမှတ်အကွာတွင် ဆက်လက်ဖိအားပေးနိုင်မည်ဖြစ်သလို ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်မည်ဖြစ်သော်လည်း အခွင့်အရေးမယူနိုင်ဘဲ သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ယခုရာသီတွင်လည်း ပြည်တွင်းကစားသမားဖြင့် ဆက်လက်ယှဉ်ပြိုင်နေသည့် ရတနာပုံအသင်းသည် ရလဒ်ပိုင်း မတည်ငြိမ်သေးဘဲ ခုနစ်ပွဲကစားရာတွင် ငါးပွဲမြောက် နိုင်ပွဲပျောက်ဆုံးခဲ့သည်။




ရတနာပုံနှင့် ရောဝတီအသင်း ယှဉ်ပြိုင်နေစဉ်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ရောဝတီအသင်းသည် ဂိုးသွင်းစွမ်းရည်ပြသထားသည့် ရန်ကျော်ထွေး၊ ကောင်းမြတ်သူ၊ ရာဇာအောင် တိုက်စစ်အတွဲဖြင့် ပွဲထွက်ခဲ့သည်။ ရောဝတီအသင်းသည် ယခုပွဲအနိုင်ရပါက ထိပ်ဆုံးက ရှမ်းယူနိုက်တက်နှင့် ငါးမှတ်အကွာတွင် ဆက်လက်ရပ်တည်နိုင်မည်ဖြစ်သောကြောင့် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ ရတနာပုံအသင်းမှာလည်း ရောဝတီကို အပြန်အလှန်ကစားခဲ့သည်။ ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် နှစ်သင်း တွေ့ဆုံသောကြောင့် အကြိတ်အနယ်ရှိသည့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ဂိုးမရှိ သရေကျခဲ့ခြင်း ဖြစ်သည်။ ရောဝတီအသင်းသည် ခုနစ်ပွဲကစား လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ ရမှတ် ၁၄ မှတ်၊ ရတနာပုံအသင်းက ခုနစ်ပွဲကစား နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံး၊ ရမှတ် ရှစ်မှတ် ရရှိထားသည်။

ပွဲစဉ် (၇) တတိယနေ့ကို ဩဂုတ် ၈ ရက် (ယနေ့) ဆက်လက် ကျင်းပမည်ဖြစ်ပြီး မဟာယူနိုက်တက်အသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်လွင်

ဓာတ်ပုံ-MNL

# ပြင်သစ်လီဂူးဝမ်း အဖွင့်ပွဲစဉ်တွင် ကလီမောင့်ကို ဂိုးပြတ်အနိုင်ယူခဲ့သည့် ပီအက်စ်ဂျီ

ပြင်သစ်လီဂူးဝမ်း အဖွင့်ပွဲစဉ်အဖြစ် ကလီမောင့်နှင့် ပီအက်စ်ဂျီအသင်းတို့ပွဲစဉ်ကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက ကလီမောင့်အိမ်ကွင်း ယှဉ်ပြိုင်ကစားခဲ့ရာ ပီအက်စ်ဂျီအသင်းက ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါ ပွဲစဉ်တွင် ဘရာဇီးတိုက်စစ်ကစားသမား နေမာ၊ မက်ဆီတို့ ခြေစွမ်းပြကာ ဂိုးဖန်တီးမှုနှင့် သွင်းဂိုးများ ရယူနိုင်ခဲ့သည်။

အသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ကိုးမိနစ်တွင် စတင်ရရှိခဲ့ပြီး မက်ဆီ၏ ဖန်တီးမှုမှ နေမာက သွင်းယူပေးနိုင်ခဲ့သည်။ ဒုတိယဂိုးနှင့် တတိယဂိုးကို ပွဲချိန် ၂၆ မိနစ်နှင့် ၃၈ မိနစ်တို့တွင် ဟာကီမီနှင့် မာကွင်ဟိုတို့က နေမာ၏ ဖန်တီးမှုမှ သွင်းယူပေးနိုင်ခဲ့သည်။ အဆိုပါ ပွဲစဉ်တွင် ကလီမောင့်အသင်းသည် ပွဲချိန်အများစု၌ ပီအက်စ်ဂျီအသင်း၏ ဖိအားပေးမှုကို ခံခဲ့ရပြီး ပွဲချိန်တစ်လျှောက်တွင်လည်း ပီအက်စ်ဂျီအသင်းဘက်သို့ ဂိုးပေါက်တည့်မတ်မှု တစ်ကြိမ်သာရှိထားသည်ကို တွေ့ရသည်။

ပီအက်စ်ဂျီအသင်းအတွက် စတုတ္ထဂိုးနှင့် ပဉ္စမဂိုးကို မက်ဆီတစ်ဦးတည်းက ပွဲချိန် မိနစ် ၈၀ နှင့် ၈၆ မိနစ်တို့တွင် သွင်းယူရရှိခဲ့သည်။ ယခုပွဲစဉ်တွင် အနိုင်ရရှိခဲ့သော ပီအက်စ်ဂျီအသင်းသည် ဩဂုတ် ၁၄ ရက်တွင် လီဂူးဝမ်းပွဲစဉ် (၂) အဖြစ် မွန့်ပယ်လီယာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အောင်ဇော်

# မြန်မာကစားသမားနှစ်ဦး ထိုင်းလိဂ်-၃ ကလပ်သို့ ပြောင်းရွှေ့

ရန်ကုန် ဩဂုတ် ၇

မြန်မာကစားသမားနှစ်ဦးဖြစ်သည့် ကောင်းထက်စိုးနှင့် ရန်လင်းအောင်တို့သည် ထိုင်းလိဂ်-၃ ကလပ်သို့ ပြောင်းရွှေ့သွားပြီ ဖြစ်သည်။

ထိုင်းလိဂ်-၃ ကလပ် Kamphaengphet FC အသင်းသည် မြန်မာတောင်ပံတိုက်စစ်ကစားသမား ကောင်းထက်စိုးနှင့် ကွင်းလယ်ကစားသမား ရန်လင်းအောင်တို့ကို တစ်ရာသီစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့်ရက်ပိုင်းက အပြီးသတ်စာချုပ် ချုပ်ဆိုခဲ့သည်။ ယင်းကစားသမားနှစ်ဦးသည် ဇူလိုင်လတွင် ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့ပြီး ယင်းကလပ်အသင်းနှင့် သဘောတူညီမှုရခဲ့ခြင်း ဖြစ်သည်။ ကောင်းထက်စိုးနှင့် ရန်လင်းအောင်သည် ပြည်ပကလပ်များတွင် ပထမဆုံးသွားရောက်ကစားခြင်း ဖြစ်သည်။ လာမည့်ရာသီတွင် ထိုင်းလိဂ်-၃ ၌ မြန်မာတိုက်စစ်မှူး သန်းပိုင်လည်း ကစားမည်ဖြစ်ပြီး ကန်ချာနာဘူရီအသင်းနှင့် တစ်ရာသီစာချုပ် ချုပ်ဆိုထားသည်။

မြန်မာကစားသမားအများစုသည် ယခုနှစ်တွင် ထိုင်းကလပ်အသင်းများသို့ ပြောင်းရွှေ့ကစားလျက်ရှိပြီး မြန်မာကစားသမားများ၏ ပြည်ပကလပ်အပြောင်းအရွှေ့များကို ထပ်မံမြင်တွေ့ရဖွယ်ရှိနေသည်။

ရဲရင့်လွင်

# ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုဒုတိယပွဲတွင် ထိုင်းကို မြန်မာအသင်း ရှုံးနိမ့်

ရန်ကုန် ဩဂုတ် ၇

ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ဩဂုတ် ၇ ရက်က ဗီယက်နမ်နိုင်ငံ ဘင်ဒေါင်း မြို့၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် ထိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲတွင် အိမ်ရှင်ဗီယက်နမ်ကို အရေးနိမ့်ခဲ့သလို ယခုပွဲတွင်လည်း ထိုင်းကို ထပ်မံအရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းသည် နှစ်ပွဲလုံး ဂိုးရနိုင်သည့် အခွင့်အရေးများ ရခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုကို မပြင်ဆင်နိုင်ဘဲ နှစ်ပွဲဆက် အရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။

မြန်မာအသင်းသည် အောင်ပြည့်ဖြိုး (ဂိုး)၊ ရဲရင့်ဖြိုး၊ ဥက္ကာနိုင်၊ သိန်းဇော်သီဟ၊ လန်းဆန်းအောင်၊ ဇော်ဝင်းသိန်း၊ မိုးဆွေ၊ ထွန်းထွန်းသိန်း၊ ခန့်ဇင်ဟိန်း၊ သန်းတိုးအောင်၊ စောသန်းကိုသန်းတို့ ပါဝင်ကစားခဲ့သည်။ ထိုင်းအသင်းသည် ပွဲအစ ကိုးမိနစ် ကတည်းက အနိုင်ဂိုးရပြီး ဖူဝါနတ်က သွင်းယူခဲ့သည်။

ထိုင်းအသင်းက နှစ်ပွဲကစား လေးမှတ်ရထားပြီး မြန်မာအသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ အုပ်စုနောက်ဆုံးနေ့ကို ဩဂုတ် ၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် မလေးရှား၊ ထိုင်းနှင့် အိမ်ရှင်ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ ပြိုင်ပွဲကို လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပခဲ့ပြီး အမှတ်အများဆုံးနှစ်သင်းက ဗိုလ်လုပွဲ၊ အမှတ်အနည်းဆုံးနှစ်သင်းက တတိယလုပွဲ ကစားရမည်ဖြစ်သည်။

ရဲရင့်လွင်

# တရားမဝင် စားသုံးဆီ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ဆိပ်ကမ်းတာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီမှုမရှိဘဲ တင်သွင်းလာသော မော်တော်ယာဉ်ခုနစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၄၆၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၅ ရက်နှင့် ၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကန့်ဘလူမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်အတွင်း လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်




အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Ceiling Board များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော နောက်တွဲယာဉ်ပါ နစ်ဆန်း ဒီဇယ် ဒရပ်တာဟိ အမျိုးအစား ကုန်တင်ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို လည်းကောင်း၊ မြဝတီမြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသော ခရီးသည်တင်မော်တော်ယာဉ် တစ်စီးပေါ်မှ ခရီးသည်ပစ္စည်းများနှင့်အတူ ရောနှောတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဟင်းသီး ဟင်းရွက် ဟင်းချက်ဆီများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော ဆလွန်းအမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို လည်းကောင်း၊ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသော ခရီးသည်တင်မော်တော်ယာဉ် တစ်စီးပေါ်မှ ခရီးသည်ပစ္စည်းများနှင့်အတူ ရောနှောတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဟင်းသီး ဟင်းရွက် ဟင်းချက်ဆီများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော အန်ဟီး အန်ကီး အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို လည်းကောင်း၊ စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၆၇၆၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး (ဝဲပုံ) အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကဝမြို့နယ် သပြေကန်ကျေးရွာအနီး ရန်ကုန်-မော်လမြိုင် ကားလမ်းမိုင်တိုင် အမှတ်(၆/၃)နှင့်(၆/၄)ကြား၌ လိုင်စင်မဲ့ တိုယိုတာ ပရိဘောက်ဆို အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၂၇၆၀၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ သိရသည်။

**သတင်းစဉ်**



မင်းဇော်ဦး၊ ချမ်းမြေ့ဇော်နှင့် အောင်အောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါး ကက်တမင်းများနှင့်အတူ တွေ့ရစဉ်။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၈၆ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး ကက်တမင်း ကီလို ၂၂၀ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၈၆ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး ကက်တမင်း ကီလို ၂၂၀ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁ ရက် ည ၇ နာရီခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့နယ် မန္တလေး-လားရှိုးသွားကားလမ်း မိုင်တိုင်အမှတ် ၇၉/၄ အနီး၌ မသင်္ကာဖွယ်ရပ်တန့်ထားသောဆီဘောက်ဆာယာဉ်ကို တွေ့ရှိသဖြင့် လျှို့ဝှက်စောင့်ကြည့်နေစဉ် ဩဂုတ် ၄ ရက် ညနေ ၃ နာရီခွဲတွင် ရပ်တန့်ထားသည့်နေရာမှ ကျောက်မဲဘက်သို့ မောင်းနှင်သွားသဖြင့် ဂုတ်တွင်းတံတားထိပ်တွင် တားဆီးရှာဖွေခဲ့ရာ မင်းဇော်ဦးနှင့် ချမ်းမြေ့ဇော်တို့အား မသင်္ကာဆီဘောက်ဆာယာဉ်ဖြင့် လည်းကောင်း၊ အောင်အောင်အား မော်တော်ဆိုင်ကယ်ဖြင့် လည်းကောင်း တွေ့ရှိရပြီး ဆီဘောက်ဆာယာဉ်ပေါ်မှ ဒေသကာလ တန်ဖိုးငွေကျပ် ၂ ဒသမ ၈၆ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး ကက်တမင်း ကီလို ၂၂၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၆ ရက် မွန်းလွဲ ၃ နာရီတွင် ကလောမြို့နယ် အောင်ပန်းမြို့ လှည်းရိုးရပ်ကွက်နေ မချော၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၃၀၇၅ ပြားကိုလည်းကောင်း၊ ထိုနေ့ ညနေ ၄ နာရီတွင် ကျိုင်းတုံမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စု မိုင်းခွန်ကျေးရွာအနီး ကျိုင်းတုံ-မိုင်းခွန်သွားကားလမ်းတွင် ကျဖ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ ကွန်လုံကျေးရွာအုပ်စု ရေပူကျေးရွာအထွက် ရွှေညောင်-ရပ်စောက်သွားကားလမ်းတွင် စိုင်းနေမင်းပိုင်(ခ)စိုင်းနော်မှိုင်း မောင်းနှင်လာသည့် နစ်ဆန်း မက် အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီခွဲတွင် ရွှေညောင်မြို့ တောင်နီကျေးရွာအုပ်စု ဟဲကယ်ကျေးရွာအနီး ရပ်စောက်-ရွှေညောင်သွားကားလမ်းတွင် စိတ်ကြွရူးသွပ်ဆေးပြားများ လက်ခံမည့်သူ သန်းဇော်ဦး (ခ) မောင်ပုကို မော်တော်ဆိုင်ကယ် တစ်စီး၊ မြန်မာငွေကျပ် ၅၁၇၅၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဩဂုတ် ၆ ရက် ညနေ ၅ နာရီခွဲတွင် မိုင်းပန်မြို့နယ် ဝိုးလိုင်းကျေးရွာအုပ်စု တာဆန်းကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကွမ်တယ် မောင်းနှင်လာသည့် ခရောင် အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ငွေကျပ် သိန်း ၁၈၉၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၅ ဒသမ ၇၅ ကီလိုကို လည်းကောင်း။

ဩဂုတ် ၄ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် မူဆယ်မြို့နယ် နမ့်အွမ်ကျေးရွာအုပ်စု နမ့်အွမ်ကျေးရွာ နမ့်ပေါ်တံတားအနီး လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် သန်းအောင်(ခ)အားရှိန် မောင်းနှင်လာသည့် တိုယိုတာ အယ်ဖာ အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆေးပြား ၅၀၀၊ ကက်တမင်း သုည ဒသမ ၀၄၅ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့်၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ကွမ်တယ်အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

## ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များသို့ ဆွမ်းဆန်တော်များ ဆပ်ကပ်လှူဒါန်း



**သီပေါ ဩဂုတ် ၇**

ပြည်ထဲရေးဝန်ကြီးဌာန ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် မီးသတ်ဦးစီးဌာန၏ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့စခန်းများမှ အလှူရှင် တပ်ဖွဲ့ဝင်များစုပေါင်း၍ မြို့နယ်များရှိ ဘုန်းကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက်များနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်များ သွားရောက်ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

အဆိုပါ လှူဒါန်းမှုများကို ယနေ့နံနက်ပိုင်းတွင် ကျောက်မဲခရိုင် မီးသတ်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦး၊ သီပေါမြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်းနှင့် တာဝန်ရှိသူများက ကျောက်မဲမြို့နယ် သဒ္ဓမ္မပါလပရိယတ္တိစာသင်တိုက်ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့ဝန်တာများဆောင်ရွက်နိုင်ရေး ဆွမ်းဆန်တော်များကို ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## မြောက်ဦးမြို့နယ် လက္ကာကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများဆောင်ရွက်

**မြောက်ဦး ဩဂုတ် ၇**

မြောက်ဦးမြို့နယ် လက္ကာကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းများဆောင်ရွက်နေမှုကို ရခိုင်ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးဦးကျော်ညွှန့်နှင့်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေး တို့ကို မှာကြားသည်။ မြောက်ဦးမြို့နယ် လက္ကာကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းမှာ ပြည်ထောင်စုရန်ပုံငွေကျပ် ၂၂၀ ဒသမ ၄၅၄ သန်းဖြင့် အလျား ၀/၅ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မ ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကာ လုပ်ငန်းအားလုံးမှာ လက်ရှိတွင် ၃၅ ရာခိုင်နှုန်း ကျော် ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းရန်နိုင်သူထံမှ သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက လက္ကာကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ကိုထွန်း**

## ရှမ်းရွာသစ်မြို့၌ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ အိုမီခရွန်မျိုးစိတ်သစ်ရောဂါကာကွယ်ရေးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံရန် အသိပညာပေးနှိုးဆော်

**ရှမ်းရွာသစ် ဩဂုတ် ၇**

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ "အိုမီခရွန်မျိုးစိတ်သစ်" ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံနိုင်ရေး အတွက် အသိပညာပေးနှိုးဆော်မှုများကို ဒေသနေ ပြည်သူများသိရှိစေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့ နံနက် ၉ နာရီက မြို့ပေါ်ရပ်ကွက်များ၌ ဆောင်ရွက်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ အိုမီခရွန်မျိုးစိတ်သစ် ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများလိုက်နာရမည့် အချက်များနှိုးဆော်ပေးရာတွင် မျိုးကွဲသစ်အိုမီခရွန်မျိုးစိတ်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရဖူးသူများလည်း ပြန်လည်ကူးစက်နိုင်သည့်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး များထိုးနှံပေးခြင်းဖြင့် ရောဂါကူးစက်မှု၊ ရောဂါပြင်းထန်မှုများကို ထိရောက်စွာ လျှော့ချနိုင်ခြင်း တို့ကြောင့် မိဘပြည်သူများအနေဖြင့် ကိုဗစ် ကာကွယ်ဆေးများကို အကြိမ်ပြည့်ထိုးနှံကြရန်၊ ဒေသနေပြည်သူများအနေဖြင့် မိမိ၏အိမ်အတွင်းသာ နေထိုင်ကြရန်၊ ပြင်ပသို့ထွက်ခွာပါက ပါးစပ်၊ နှာခေါင်းစည်းများကို စနစ်တကျတပ်ဆင်သွားလာ ကြရန်၊ ပြင်ပမှလာသော ဧည့်သည်များအား လက်မခံပါရန်၊ ပါးစပ်၊ နှာခေါင်းစည်းမတပ်ဆင်သူ များနှင့် တွေ့ဆုံခြင်း၊ စကားပြောခြင်း၊ လူစုလူဝေး ပြုလုပ်ခြင်းနှင့် သွားလာခြင်းများကို တတ်နိုင် သလောက်ရှောင်ကြဉ်ကြရန်၊ အရာဝတ္ထုပစ္စည်း များကို ကိုင်တွယ်ပြီးတိုင်း လက်များကို ဆပ်ပြာဖြင့် အနည်းဆုံးစက္ကန့် ၂၀ ကြာအောင် မကြာခဏ ဆေးကြောကြရန်စသည့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကြိုတင် ကာကွယ်ရေးနည်းလမ်းများကို အသိပညာပေး တိုက်တွန်းနှိုးဆော်ကြောင်း သိရသည်။ **သတင်းစဉ်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**



## ပရီမီယာလိဂ်ပွဲစဉ် (၁) ဆက်လက်ယှဉ်ပြိုင် ဘရိုက်တန်ကို မန်ယူ ရှုံးပြီး ဝက်စ်ဟမ်းကို မန်စီးတီး အနိုင်ယူ

ပရီမီယာလိဂ်ပွဲစဉ် (၁) မှ မန်ယူ အသင်းနှင့် ဘရိုက်တန်အသင်း တို့ပွဲစဉ်ကို ဩဂုတ် ၇ ရက် ညပိုင်း က အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင် ကစားခဲ့ရာ ဘရိုက်တန်အသင်းက နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ သည်။

ယခုနှစ်ရာသီတွင် အသစ် ခေါ်ယူထားသော အဲရစ်ဆင်နှင့် မာတီနက်ဇ်တို့ကို ထည့်သွင်း အသုံးပြုလာသော မန်ယူအသင်း သည် ပထမပိုင်းတွင် ဘရိုက်တန် အသင်း၏ ဖိအားပေးခြင်းကို ခံရပြီး သွင်းဂိုးများခွင့်ပြုပေးခဲ့ရ သည်။ ရက်ဖို့ဒ်ဦးဆောင်သည့် မန်ယူအသင်း တိုက်စစ်သည် လိုအပ်ချက်များစွာရှိနေပြီး အပိုင် အခွင့်အရေးများ ရရှိသည့်တိုင် ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိပေ။

ဦးဆောင်ဂိုးကို ဘရိုက်တန် အသင်းက ပွဲချိန် မိနစ် ၃၀ တွင် ရရှိခဲ့ပြီး ဝဲလ်ဘက်၏ဖန်တီးမှုမှ ဂရော့စ်က သွင်းယူပေးခဲ့သည်။ ထို့အပြင် ဘရိုက်တန်အသင်း အတွက် ဒုတိယဂိုးကိုလည်း ပွဲချိန် ၃၉ မိနစ်တွင် ဂရော့စ်ကပင် သွင်းယူပေးခဲ့သည်။ မန်ယူအသင်း သည် ဒုတိယပိုင်းတွင် အဓိက တိုက်စစ်ကစားသမား စီရော် နယ်ဒို ဝင်ရောက်လာပြီးနောက် တိုက်စစ်ပိုင်း အနည်းငယ် ထက်မြက်လာခဲ့ကာ ဘရိုက်တန် အသင်းဘက်သို့ ပထမပိုင်းက ထက် ဂိုးကန်သွင်းမှု ပြုလုပ်လာ နိုင်ခဲ့သည်။

ပွဲချိန် ၆၈ မိနစ်တွင် ဘရိုက် တန်အသင်းမှ အဲလစ်စတာ ကိုယ့်ဂိုး ကိုယ်သွင်းယူမိခဲ့၍ မန်ယူအသင်း ချေပဂိုး တစ်ဂိုးရရှိခဲ့သည်။ ထို့နောက်တွင် မန်ယူအသင်း သည် ဘရိုက်တန်အသင်းဘက်သို့ ဖိအားပေးကစားလာနိုင်ပြီး ထိ ရောက်သည့် ဂိုးကန်သွင်းမှုအချို့ ပြုလုပ်လာနိုင်သော်လည်း လိုအပ် သည့် ချေပဂိုးထပ်မံသွင်းယူနိုင် ခြင်းမရှိသောကြောင့် နှစ်ဂိုး- တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။

လက်စတာနှင့် ဘရန့်ဖို့ဒ် အသင်းတို့ပွဲစဉ်တွင် တစ်ဖက် နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ ဝက်စ်ဟမ်းနှင့် မန်စီးတီးတို့ပွဲတွင် မန်စီးတီးက နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယမန်နေ့က ယှဉ်ပြိုင်ကစားခဲ့သည့် အဲဗာတန် အသင်းနှင့် ချယ်ဆီးအသင်းတို့ ပွဲစဉ်တွင် ချယ်ဆီးအသင်းက ဂျော်ဂျင်ဟို၏ တစ်လုံးတည်း သော သွင်းဂိုးဖြင့်အနိုင်ရရှိခဲ့ သည်။ **အောင်ဇော်**



# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၇

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။**

### မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

### တရားဥပဒေနှင့်အညီ အမှုဖွင့်လှစ်အရေးယူ

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေး တိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဝါးတိုးအလယ်ရပ်ကွက်နေ ထက်စိုးထိုက်သည် ၎င်းအသုံးပြုသည့် “Htet Soe Htike” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက်နေ မစုစုစန္ဒီထွန်း(ခ) စုစုသည် ၎င်းအသုံးပြုသည့် “Su Su” Facebookအကောင့်၊ ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာနေ မအိန္ဒြာစိုး (ခ) သေးသေးမ သည် ၎င်းအသုံးပြုသည့် “Eidra Soe” Facebook အကောင့်၊ လှိုင်သာယာအရှေ့ပိုင်းမြို့နယ် ကစင်ကျေးရွာနေ ဟန်ထူးအောင်သည် ၎င်းအသုံးပြုသည့် “Han Htoo Aung” Facebook အကောင့်၊ စမ်းချောင်းမြို့နယ် လင်းလွန်း (တောင်) ရပ်ကွက်နေ နန်းထိုက်ဦးသည် ၎င်းအသုံးပြုသည့် “Nann Htike Oo” Facebook အကောင့်၊ ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ် မြင်းကျဒိုး ကျေးရွာနေ ဇော်မျိုးထွဋ် (ခ) သားကင်းသည် ၎င်းအသုံးပြုသည့် “Thar King” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဖောင်တောကျေးရွာနေ အေးလွင်သည် ၎င်းအသုံးပြုသည့် “Aye Lwin” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် လေးလံကွန်းကျေးရွာနေ ဖွဲ့ထက်အောင် (ခ) ဖိုးသားသည် ၎င်းအသုံးပြုသည့် “Phoe Thar” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မင်းတဲအီကင်း ရပ်ကွက်နေ နေလင်းသည် ၎င်းအသုံးပြုသည့် “Ko Nya Lin” Facebook အကောင့်၊ ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့နယ် အေးသာယာမြို့နေ နန်းကြည်ပြာလင်းသည် ၎င်းအသုံးပြုသည့် “Kyi Pyar Lin” Facebook အကောင့်၊ ရွှေညောင်မြို့နယ် အောင်သပြေ ရပ်ကွက်နေ ခွန်ဆက်နိုင်သည် ၎င်းအသုံးပြုသည့် “Khon Satt Naing” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

### ဝါဒဖြန့်သူများအား ဖော်ထုတ်အရေးယူသွားမည်

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။ **သတင်းစဉ်**

# ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်နိုင်ရန် ပြည်သူသို့ အသိပေးနှိုးဆော်ခြင်း

၁။ မြန်မာနိုင်ငံသည် အဓိကပြတ်ရွေ့ကြောကြီးတစ်ခုဖြစ်သော စစ်ကိုင်းပြတ်ရွေ့နှင့် အခြားသော ငလျင်ပြတ်ရွေ့ကြောငယ်များ တည်ရှိနေသည့်အတွက် ငလျင်ဘေးအန္တရာယ်ကြီးမားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

၂။ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်ခန့်မှန်းနိုင်မှုမရှိသေးဘဲ နေ့၊ ည အချိန်မရွေး လှုပ်ခတ်နိုင်ပြီး အဖျက်စွမ်းအားကြီးမားသည့် ဘေးအန္တရာယ်တစ်ခုဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ငလျင်၏ သဘောသဘာဝများ၊ ငလျင်ကြောင့် အသက်အန္တရာယ်ကင်းရှင်းရေးအတွက် နေထိုင်ပြုမူရမည့် အသိပညာ၊ ဗဟုသုတများကို လေ့လာသိရှိထားရန်နှင့် အောက်ပါအချက်များကို လိုက်နာ ဆောင်ရွက်နိုင်ပါရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက အကြံပြုအပ်ပါသည်-

### ငလျင်မလှုပ်မီ သိရှိဆောင်ရွက်ထားရန်အချက်များ

- အခန်းတိုင်းတွင် လုံခြုံသောနေရာကို သိရှိထားရမည်။ ခိုင်ခံ့သော စားပွဲခုံအောက်၊ ခုတင်အောက်၊ အခန်း၏ ထောင့်နေရာများ၊ အတွင်းနံရံ (သို့မဟုတ်) တိုင်နှင့်ကပ်လျက်နေရာ၊ တံခါးပေါင်အောက်စသည်ဖြင့် ကြိုတင်လေ့လာရွေးချယ်ထားသင့်ပြီး အဆိုပါလုံခြုံမှုရှိနိုင်သောနေရာများသို့ ဝင်ရန်၊ အကာအကွယ်ယူရန် လေ့ကျင့်ထားပါ။
- အဆောက်အအုံများအတွင်း ပြတင်းပေါက်များ၊ မှန်များ၊ တွဲလောင်းချိတ်ထားသော ပစ္စည်းများ၊ မြင့်သော/ ယိုင်လဲနိုင်သော ပရိဘောဂများ၊ ပစ္စည်းများစွာတင်ထားသော စင်များစသည့် အန္တရာယ်ရှိနိုင်သောနေရာများကို သိရှိထားပါ။
- အဆောက်အအုံအတွင်းမှ ထွက်ပြေးရန် လမ်းကြောင်းများ၊ အရံလမ်းကြောင်းများ၊ အရေးပေါ်ထွက်ပေါက်များကို ကြိုတင်လေ့လာသိရှိထားပါ။
- လျှပ်စစ်မိန်းခလုတ်ချခြင်း၊ ဓာတ်ငွေ့အိုးများ/ ပိုက်များ ပိတ်ခြင်းတို့ကို စမ်းသပ်လေ့ကျင့်ထားပါ။
- လေးလံသည့် ဗီရိုကြီးများ၊ အခြားပရိဘောဂများကို ယိုင်လဲပြီး ထိခိုက်မှုမဖြစ်စေရန် နံရံများနှင့် တွဲကပ်ထားပါ။ ကြီးမားလေးလံသည့် ပစ္စည်းများ၊ ကွဲတတ်သော ပစ္စည်းများကို အနိမ့်ပိုင်းတွင်ထားရှိခြင်းဖြင့် ပြုတ်ကျခြင်း၊ ထိခိုက်နိုင်ခြင်းတို့မှ ကာကွယ်ပါ။ ပန်းချီကားကြီးများ၊ ကြည့်မှန်ကြီးများ စသည့် လေးလံသည့်ပစ္စည်းများကို အိပ်ရာ၊ ခုံတန်းရှည် စသည့်လူနေထိုင် လဲလျောင်းရာနေရာတို့နှင့် ဝေးရာတွင်ချိတ်ပါ။
- အရေးကြီးစာရွက်စာတမ်းများ၊ အရေးပေါ်အစားအစာ၊ သောက်ရေ၊ ဓာတ်မီး၊ ဓာတ်ခဲ၊ ရေဒီယို၊ ရှေးဦးသူနာပြုပစ္စည်းများ၊ ဆေးဝါးစသည့် အရေးပေါ်သုံးပစ္စည်းများ ကြိုတင်စုစည်း၍ အဆင်သင့်ထားရှိပါ။

### ငလျင်လှုပ်နေစဉ် ဆောင်ရွက်ရန်အချက်များ

- ကြောက်ရွံ့ထိတ်လန့်မှု မဖြစ်ပါနှင့်၊ သတိရှိပါ၊ တည်ငြိမ်မှုရှိပါ။
- အဆောက်အအုံထဲတွင်ရှိနေပါက အထဲတွင်သာနေပါ။ အပြင်တွင်ရောက်ရှိနေပါက အပြင်တွင်သာ ဆက်၍နေပါ။ ထိခိုက်မှုအများစုသည် ငလျင်လှုပ်စဉ် အဆောက်အအုံအတွင်းမှ ထွက်ပြေးခြင်း၊ အတွင်းသို့ ပြေးဝင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။
- ငလျင်လှုပ်ခတ်ပါက လဲကျသွားနိုင်သည့် အန္တရာယ်မှ ကာကွယ်ရန်ထိုင်ချပါ။ ဦးခေါင်းကို ဦးစားပေးအကာအကွယ်ယူပါ။ အခိုင်မာဆုံးနေရာကို မြဲမြံစွာကိုင်ထားပါ။
- မီးဖိုအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးခလုတ်များပိတ်ပါ။ မီးတောက်ကို ငြိမ်းပါ။
- အဆောက်အအုံမှ ထွက်ခွာရမည်ဆိုပါက စနစ်တကျထွက်ခွာပါ။ အလောတကြီး ပြေးထွက်ခြင်းသည် ပို၍အန္တရာယ်များနိုင်သည်။ ဓာတ်လှေကားများ အသုံးမပြုပါနှင့်။ ရိုးရိုးလှေကားမှ ဆင်းပါ။ အထပ်မြင့်အဆောက်အအုံများမှ ခုန်မချပါနှင့်။
- အဆောက်အအုံပြင်ပတွင်ဖြစ်နေပါက အဆောက်အအုံများ၊ သစ်ပင်များ၊ ဆိုင်းဘုတ်များ၊ ဓာတ်ကြိုးများ၊ ဓာတ်တိုင်များ၊ တံတားများ၊ တောင်စောင်းများ၊ မြစ်ကမ်းများအနီးမှ ရှောင်ရှားနေထိုင်နေပါ။ ကွင်းပြင်များတွင်နေပါ။
- ဆိုင်ကယ်၊ ကား မောင်းနေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။
- ပင်လယ်ကမ်းစပ်များတွင် နေထိုင်သူများအနေဖြင့် ဆူနာမီ အန္တရာယ်ကို သတိပြုပါ။

### ငလျင်လှုပ်ပြီးနောက် ဆောင်ရွက်ရန်အချက်များ

- မိမိတို့နေထိုင်ရာ အိုးအိမ်၊ အဆောက်အအုံများတွင် အက်ကွဲကြောင်းများဖြစ်ပေါ်ခြင်း ရှိ/မရှိ၊ ယိုင်နဲ့ခြင်း ရှိ/မရှိ စစ်ဆေးပါ။ ထိုသို့ဖြစ်ပေါ်နေပါက ထိုနေရာများမှ ခေတ္တ ရှောင်ရှားနေထိုင်ပါ။
- လျှပ်စစ်မီးကြိုးများကို စစ်ဆေးပါ။ ပြုတ်ကျ/ ပြတ်ကျနေသော လျှပ်စစ်မီးကြိုးများကို မကိုင်ပါနှင့်၊ သက်ဆိုင်ရာသို့ သတင်းပို့ပါ။
- ငလျင်ကြီးလှုပ်ပြီးနောက် ငလျင်လတ်နှင့် ငလျင်ငယ်များသည် နာရီပိုင်း၊ ရက်ပိုင်း၊ သီတင်းပတ်ပိုင်းမှသည် လပိုင်းအထိ ဆက်လက်ဖြစ်ပွားနိုင်ပြီး ကွဲအက်ချည့်နဲ့သွားသော တိုက်တာ အဆောက်အအုံများ၊ လမ်း၊ တံတားများသည် နောက်ဆက်တွဲ မြေငလျင်များကြောင့် ထပ်မံပျက်စီးပြိုကျတတ်ကြောင်း သတိပြုပါ။
- မီးလောင်ခြင်း၊ ရေကာတာကြီးများကျိုးပျက်၍ ရေလွှမ်းခြင်း၊ တောင်ပြိုခြင်း၊
- မြေပြိုခြင်း၊ ဆူနာမီရေလှိုင်းများ ရိုက်ခတ်ခြင်းများစသည့် နောက်ဆက်တွဲအန္တရာယ်များကို သတိပြုပါ။

၃။ ပြည်သူလူထုအနေဖြင့် ကြိုတင်မသိရှိနိုင်ဘဲ အချိန်မရွေး လှုပ်ခတ်နိုင်သည့် ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်၍ အချိန်တိုင်းတွင် ဂရုပြုနေထိုင်ကြပါရန်၊ ပြည်သူအထိတ်တလန့်ဖြစ်စေမည့် ကောလာဟလသတင်းများကို ဖြန့်ဝေခြင်းမပြုကြပါရန်၊ မယုံကြည်ပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်သတင်းရယူ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၂၀ | ၁၈၇၀ | ၁၈၆၀ | ၁၈၃၀ | ၁၈၆၅ | ၁၈၉၀ | ၁၈၇၅ | ၁၈၅၅ | ၁၉၄၅ | ၁၉၆၀ | ၁၈၆၀ | ၁၈၇၀ | ၁၉၀၅ | ၁၉၀၅ | ၁၉၀၅ | ၂၁၂၅ | ၂၇၂၀ |
| 95 Ron | ၁၈၈၀ | ၁၉၃၀ | ၁၉၂၅ | ၁၈၉၀ | ၁၉၂၅ | ၁၉၅၀ | ၁၉၃၅ | ၁၉၁၅ | ၂၀၁၀ | ၂၀၂၅ | ၁၉၂၀ | ၁၉၃၅ | ၁၉၆၅ | ၁၉၆၅ | ၁၉၆၅ | ၂၁၈၅ | ၂၇၈၅ |
| HSD (500 ppm) | ၂၂၂၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၂၇၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၅ | ၂၃၇၀ | ၂၃၆၅ | ၂၂၆၀ | ၂၂၇၀ | ၂၃၀၅ | ၂၃၀၅ | ၂၃၁၀ | ၂၅၂၅ | ၃၁၂၀ |
| HSD (50 ppm) | ၂၂၉၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၂၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၅ | ၂၅၉၀ | ၃၀၅၅ |
| HSD (10 ppm) | ၂၂၉၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၂၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၅ | ၂၅၉၀ | ၃၀၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၂၉ | ၁၇၉၇ |
| 95 Ron | ၁၇၈၇ | ၁၈၅၇ |
| HSD (500 ppm) | ၂၁၁၉ | ၂၁၉၁ |
| HSD (50 ppm) | ၂၁၈၁ | ၂၂၅၄ |
| HSD (10 ppm) | ၂၁၈၁ | ၂၂၅၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## ဒေးဒရဲမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စက်ချုပ်သင်တန်း အခမဲ့ဖွင့်လှစ်သင်ကြားပေး

ဒေးဒရဲ ဩဂုတ် ၇

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစု တစ်နိုင်တစ်ပိုင် ဝင်ငွေများတိုးပွားစေရေးအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ဩဂုတ် ၁ ရက်မှစတင်၍ အခြေခံစက်ချုပ်သင်တန်းကို စာတွေ့၊ လက်တွေ့ သင်ကြားပေးလျက်ရှိသည်။**(အပေါ်ပုံ)**

အဆိုပါ သင်တန်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျေးရွာများမှ သင်တန်းသူ ၃၀ ကို အခြေခံသင်ထောက်ကူပစ္စည်းများဖြင့် စာတွေ့၊ လက်တွေ့ သင်ကြားပေးလျက်ရှိသည်။ ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ၂၀၂၂ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသရှိ ပြည်သူများလူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလက်သမား ပန်းရန်သင်တန်း၊ လျှပ်စစ်သံဂဟေဆက်သင်တန်းများကို အခမဲ့ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများကို တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး မြစိမ်းရောင်အရင်းမပျောက်လှည့်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အေဇာလင်း**

## ထားဝယ်မြို့၌ သတ္တုလုပ်ငန်းများအတွက် အခွန်ကိစ္စရပ်များဆွေးနွေးပွဲကျင်းပ

ထားဝယ် ဩဂုတ် ၇

သတ္တုလုပ်ငန်းများအတွက် အခွန်ကိစ္စရပ်များ ဆွေးနွေးပွဲကို ဩဂုတ် ၅ ရက်က ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အောက်ယာပုံ)**

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက တနင်္သာရီတိုင်းဒေသကြီး အတွင်းမှာရှိသော တွင်းထွက်သယံဇာတများသည့် သတ္တုအမျိုးမျိုး တူးဖော်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ သယ်ယူဖြန့်ဖြူးခြင်းနှင့် ပြင်ပတင်ပို့ခြင်း ကိစ္စရပ်များကို နိုင်ငံတော်သို့ ပေးဆောင်ရန် တာဝန်ရှိသည့် ကုန်သွယ်လုပ်ငန်းအခွန်၊ ဝင်ငွေအခွန်လိုက်နာရမည့် တာဝန်များကို ရှင်းလင်းဆွေးနွေးသော အစည်းအဝေးဖြစ်ကြောင်း၊ သတ္တုတူးဖော်လုပ်ကိုင်ရောင်းဝယ်သည့် လုပ်ငန်းများအနေဖြင့် လုပ်ပိုင်ခွင့် စိစစ်ချထားရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ သတ္တုလုပ်ကိုင်သူများအနေဖြင့် သတ္တုအခွန်နှင့် ဝင်ငွေအခွန်အပါအဝင် ဥပဒေအရအကျုံးဝင်သည့် အခွန်အခများကို ပေးဆောင်ရမည်ဖြစ်ကြောင်း၊ အခွန်အခများ ပေးဆောင်ခြင်း ရှိ/မရှိကို သတ္တုများ သယ်ဆောင်ရာ လမ်းကြောင်းတွင် စစ်ဆေးရေးဂိတ်များ၌ စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနက အခွန်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြောကြားကာ တက်ရောက်လာသည့် သတ္တုလုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## လဟယ်မြို့နယ် လန်တိုင်းနောက်ကုန်းရွာ၌ ကျေးလက်ရေရရှိရေးဆောင်ရွက်ပြီးစီး

လဟယ် ဩဂုတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှလဟယ်မြို့နယ်အတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာ ခမ္မလားကျေးရွာအုပ်စု လန်တိုင်းနောက်ကုန်းကျေးရွာကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် ၁၀ သန်းဖြင့် ကျေးရွာရေရရှိရေးလုပ်ငန်းဖြစ်သော စိမ့်စမ်းရေသွယ်တန်းခြင်း တစ်မိုင်ကို တစ်လက်မ HDPE ပိုက် တပ်ဆင်ခြင်း နှင့်ဂါလန် ၁၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပေးခဲ့ရာ ယခုအခါ အဆိုပါလုပ်ငန်းမှာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါ လန်တိုင်းနောက်ကုန်းကျေးရွာ ရေရရှိရေး လုပ်ငန်းဆောင်ရွက်ရာတွင် မြို့နယ်ကျေးလက်ဦးစီးဌာနမှ နည်းပညာပံ့ပိုးမှု၊ ကျေးရွာသူကျေးရွာသားများ၏ ပူးပေါင်းပါဝင်မှု၊ ကျေးရွာကော်မတီ၏ ကြီးကြပ်မှုတို့ဖြင့် ဆောင်ရွက်ကြောင်းနှင့် ကျေးရွာရှိ အိမ်ခြေ ၈၈ အိမ်မှ လူဦးရေ ၄၅၇ ဦးနှင့် ကျွဲနွား တိရစ္ဆာန်များ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**

ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့်တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။

အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှုမပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့်အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်

နေပြည်တော် ဩဂုတ် ၇

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ နှင့် လူငယ်၊ လူရွယ်များအား နယ်စပ် ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက် ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❑

## မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် တွင်းမကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မီးရှို့ခဲ့ခြင်းကြောင့် အသက် ၂ နှစ်အရွယ် ကလေးငယ် တစ်ဦး၊ အသက် ၅ နှစ်အရွယ် ကလေးငယ် တစ်ဦး၊ အလယ်တန်းပြဆရာမ တစ်ဦး အပါအဝင် စုစုပေါင်း အရပ်သားပြည်သူ ၁၁ ဦး သေဆုံး၊ ၁၂ ဦးဒဏ်ရာရ



မြိုင်မြို့နယ် တွင်းမကျေးရွာတွင် PDFအကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်တိုက်ခိုက်မီးရှို့ဖျက်ဆီးမှုကြောင်း မီးလောင်ပျက်စီးခဲ့မှု။

နေပြည်တော် ဩဂုတ် ၇

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် တွင်းမကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမား ၂၀ ခန့်သည် ဩဂုတ် ၆ ရက် နံနက်ပိုင်းတွင် ဝင်ရောက်ခဲ့ပြီး ကျေးရွာအတွင်းရှိ နေအိမ်ခြံဝင်း တစ်ခုအား လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး မီးရှို့ဖျက်ဆီးခဲ့ခြင်းကြောင့် အသက် ၂ နှစ်အရွယ် ကလေးငယ် တစ်ဦး၊ အသက် ၅ နှစ်အရွယ် ကလေးငယ် တစ်ဦး၊ အလယ်တန်းပြ ဆရာမ တစ်ဦး အပါအဝင် အရပ်သားပြည်သူ ၁၁ ဦး သေဆုံးခဲ့ကာ အရပ်သားပြည်သူ ၁၂ ဦး

*စာမျက်နှာ ၁၈ ကော်လံ ၁* ❖

## အားကောင်းသော လေဖိအားနည်း ရပ်ဝန်းအဖြစ် ဆက်လက်တည်ရှိနေ

နေပြည်တော် ဩဂုတ် ၇

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် ကမ်းလွန်-အနောက် ဘင်္ဂလားပြည်နယ် ကမ်းခြေ)တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည်

*စာမျက်နှာ ၆ ကော်လံ ၁* ■

ယနေ့ သတင်းအညွှန်း

**အစ္စရေးနှင့် ပါလက်စတိုင်း လေကြောင်းတိုက်ခိုက်မှုများကြားက တုန်လှုပ်ဖွယ်အကြောက်တရားများ** နိုင်ငံတကာရေးရာ စာ ၁၄

**ကမ္ဘောဒီးယားကို အနိုင်ကစားရုံဖြင့် မြန်မာအသင်း အာဆီယံ ယူ-၁၆ ပြိုင်ပွဲ ဆီမီးတက်ခွင့်ရမည်** အားကစားသတင်း စာ ၂၄